# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ် (၁၁၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID–19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး တိုးမြှင့်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Mubarak M A Aladwani သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**ရင်းရင်းနှီးနှီး ဆွေးနွေး**

ထို့နောက် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးတိုးမြှင့်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များ၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ *စာမျက်နှာ ၃ ကော်လံ ၁* ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Mubarak M A Aladwani က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

**ယနေ့** *ဖတ်စရာ*



**အေးအတူ ပူအမျှ အတူတကွ လက်တွဲကြမယ်လေ**

*(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး*

ဆောင်းပါး စာ ၆

**စည်းလုံးညီညွတ် အောင်ပန်းဆွတ်စို့**

ဆောင်းပါး စာ ၁၀



**မြန်မာနိုင်ငံသို့ တင်သွင်းလာသည့် လျှပ်စစ်သုံးယာဉ်များကို ကြည့်ရှုစစ်ဆေး**

ပြည်တွင်းသတင်း စာ ၅

**သီရိလင်္ကာအလုပ်သမား ၂၀၀၀၀၀ အထိ ဆော်ဒီအာရေဗျနိုင်ငံက အလုပ်အကိုင်အခွင့်အလမ်းပေးမည်**

နိုင်ငံတကာသတင်း စာ ၁၃

## ပူးပေါင်းလိမ်ညာဖန်တီးမှုများ

ပြီးခဲ့သည့် နှစ်ကုန်ပိုင်း နှစ်လအတွင်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် ဆက်စပ်နယ်မြေအတွင်းရှိ ကျေးရွာ ၂၂ ရွာမှ ပြည်သူတို့၏ အိမ်ခြေ ၁၀၀၀ ကျော် မီးရှို့ခံခဲ့ရသည်။ အဆိုပါ ရွာများသည် ရွှေကူ၊ ကသာ၊ ထီးချိုင့်၊ အင်းတော်မြို့နယ်များအတွင်း တည်ရှိသည့် ကျေးရွာများဖြစ်ပြီး အကြမ်းဖက်သမားများနှင့် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ရည်ရွယ်ချက်ရှိရှိဖြင့် နှစ်လအတွင်း ၂၃ ကြိမ် မီးရှို့ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ကျေးရွာများမှ အပြစ်မဲ့ပြည်သူများ၏ အိမ်များ မီးရှို့ဖျက်ဆီးခံရခြင်းနှင့် စပ်လျဉ်း၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြုလုပ်မှုအဖြစ် ပြည်ပအခြေစိုက် အကြမ်းဖက်နောက်လိုက်မီဒီယာများနှင့် နိုင်ငံမတည်မငြိမ် ဖြစ်အောင် သွေးထိုးလှုံ့ဆော်သူများ၊ ပြည်ပြေးများက ဆိုရှယ်မီဒီယာများမှတစ်ဆင့် မမှန်မကန်ထုတ်လွှင့် ဝါဒဖြန့်ချိနိုင်ရန်အတွက် ရည်ရွယ်ချက်ဖြင့် NUG/ PDF နှင့် KIA ပူးပေါင်းအဖွဲ့တို့က ပုံမှားရိုက်ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။ ထို့အပြင် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို မထောက်ခံသည့် ကျေးရွာများ၊ ဆက်ကြေးမပေးသည့် ကျေးရွာများ၊ ၎င်းတို့၏ အန္တရာယ်ကို ကာကွယ်ရန် ပြည်သူ့စစ်ဖွဲ့စည်းထားသည့်ကျေးရွာများကို အဓိကပစ်မှတ်ထားဖျက်ဆီးခြင်းနှင့် မီးရှို့မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူးလွန်သယောင် လုပ်ကြံအသိပေးခြင်းအားဖြင့် ပြည်သူလူထုနှင့် နိုင်ငံတကာက အထင်အမြင်လွဲမှားစေခြင်းတို့အတွက် တစ်ချက်ခုတ်နှစ်ချက်ပြတ် အကွက်ဆင် ဖန်တီးခဲ့ကြခြင်းလည်းဖြစ်သည်။

NUG / PDF အကြမ်းဖက်အဖွဲ့များ၏ အရပ်ဘက်ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးမှုများ၊ အပြစ်မဲ့ပြည်သူများကို အကြောင်းအမျိုးမျိုးပြ စွပ်စွဲသတ်ဖြတ်မှုများအား ကျင့်ဝတ်သိက္ခာကင်းမဲ့စွာဖြင့် ဖုံးကွယ်ဖာထေး ထုတ်လွှင့်ပေးကြသည့် ပြည်ဖျက်မီဒီယာများကပင် အထက်ဖော်ပြပါ မီးရှို့မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကျူးလွန်မှုများအဖြစ် လိမ်ညာထုတ်လွှင့်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်နှင့် တပ်မတော်အပေါ် နာကြည်းစိတ်များ ဖြစ်ပေါ်လာရေးနှင့် ၎င်းတို့အား ထောက်ခံအားပေးလာစေရေးအတွက်ပင် ဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ ဘေးအန္တရာယ်ကျရောက်လာပါက စောင့်ရှောက်ကူညီရေးတို့အတွက် အဓိကအကျဆုံးသော လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့်အလျောက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ကျင့်ဝတ်စံနှုန်းများဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည်။ တာဝန်ထမ်းဆောင်စဉ်အတွင်း တပ်မတော်သားတစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့ဖြင့်ဖြစ်စေ မတော်တဆမှု၊ မှားယွင်းမှု၊ ကျူးလွန်မှုတို့ ရှိခဲ့ပါက စုံစမ်းစစ်ဆေးမှုနှင့် ပြစ်မှုထင်ရှားပါက ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးမှုကို ခံယူကြရသည်။ ယင်းသို့ အရေးယူအပြစ်ပေးခဲ့သည့် ဖြစ်စဉ်များကို အများပြည်သူသိရှိအောင် သတင်းထုတ်ပြန်ပေးခဲ့သည်များလည်း အထင်အရှားရှိသည်။

ရွှေကူ၊ ကသာ၊ ထီးချိုင့်၊ အင်းတော်မြို့နယ်များအတွင်း NUG/ PDF အကြမ်းဖက်သမားများနှင့် KIA သောင်းကျန်းသူ ပူးပေါင်းအဖွဲ့တို့၏ ရွာမီးရှို့သည့် ကျူးလွန်မှုများကို မျက်မြင်သက်သေဒေသခံများက ထုတ်ဖော်ပြောကြားခဲ့ကြခြင်းဖြစ်ရာ မုသားက လျင်မြန်ပြီး အဖြစ်မှန်က နောက်ကျသည့်တိုင် အချိန်တန်လျှင် အမှန်ပေါ်ပေါက်မြဲ၊ အမှားနှင့်အမှန်ကို သဲကွဲစွာ တွေ့မြင်နိုင်ပြီဖြစ်ပါကြောင်း။ ။




## ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

၂။ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၃။ တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။

၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

၅။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

**တိုင်းရင်းသားများ စည်းလုံးအားဖြင့် လက်တွဲမပျက် ရှေ့သို့ဆက်။**

### ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၂၄


မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ မိုး/ဇလ

### "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ PDF အကြမ်းဖက်သမားများ သတ်ဖြတ်မှုကြောင့် အသက် ၆ နှစ်အရွယ် ကလေးငယ် အပါအဝင် မိသားစုဝင် ရှစ်ဦးသေဆုံးခဲ့"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"KNPP/PDF အကြမ်းဖက်သမားများက ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လောပိတရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ချိတ်ဆက်သွယ်တန်းထားသော မဟာဓာတ်အားလိုင်း တာဝါတိုင်ကို မိုင်းခွဲဖျက်ဆီး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Mubarak M A Aladwani အား လက်ခံတွေ့ဆုံစဉ်။

❂ ရှေ့ဖုံးမှ

ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းများ တိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်နေမှုများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Mubarak M A Aladwani နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကူဝိတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Mubarak M A Aladwani ကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကူဝိတ်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာ - ကူဝိတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံမှုတိုးမြှင့်ရေး၊ စွမ်းအင်နှင့် ကုန်သွယ်ရေးကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၂၄**

စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှု အဆင့်အတန်းမြင့်မားလာစေရန်နှင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ဘော်လီဘောအားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် နိုင်ငံတော်က ရည်ရွယ်ကျင်းပပေးခဲ့သည့် ပြိုင်ပွဲတွင် မိမိတို့ဝန်ကြီးဌာနက အားကစားမောင်မယ်များအနေဖြင့် ထိုက်ထိုက်တန်တန် ဆုဖလားများကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ဝမ်းသာဂုဏ်ယူပီတိဖြစ်ရပါကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအနေဖြင့် ဘော်လီဘောပြိုင်ပွဲတွင်သာမက အခြားသောပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်များရယူခဲ့ရာ နိုင်ငံ့ဂုဏ်၊ ဌာန၏ဂုဏ်တို့ကို မြှင့်တင်ပေးခဲ့သည်ကို ဂုဏ်ယူစွာ တွေ့ရှိခဲ့ရပါကြောင်း၊ အားကစားသမားကောင်းများအဖြစ် ကြိုးစားခဲ့သည့် စိတ်ဓာတ်များမှ နိုင်ငံ့ဝန်ထမ်းကောင်းဆိုသည့် စိတ်ဓာတ်ကို ခိုင်ခိုင်မာမာ ဆက်လက်မွေးမြူသွားကြစေလိုကြောင်း၊ ဝန်ကြီးဌာန ဆုရအားကစားသမားများအဆင့်မှသည် နိုင်ငံ့လက်ရွေးစင်အဆင့် ရောက်ရှိအောင် ဆက်လက်ကြိုးစားသွားစေလိုကြောင်း ပြောကြားသည်။






ဆက်လက်၍ အောင်ပွဲရ ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြု အမျိုးသားဘော်လီဘောအသင်းနှင့် အမျိုးသမီး ဘော်လီဘောအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုချီးမြှင့်ငွေကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)** ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အောင်ပွဲရကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြု အမျိုးသားဘော်လီဘောအသင်း **(အပေါ်ပုံ)** နှင့် အမျိုးသမီး ဘော်လီဘောအသင်းကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုတံဆိပ်ရရှိခဲ့သော အားကစားသမားများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာန ဘော်လီဘောအသင်းနည်းပြချုပ် အရာခံဗိုလ် ခင်မောင်တိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက်အစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၄

**နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**“နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများအား ဒေသတစ်ခုလုံး စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွား ပြန်လည်မြှင့်တင်နိုင်ရေးအတွက်ရည်ရွယ်၍ ထုတ်ပေးခြင်းဖြစ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ရန်ပုံငွေအား လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျထုတ်ပေးခြင်း၊ ပြန်လည်ကောက်ခံခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်”**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် ၄၀၀ ဘီလီယံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ငွေကျပ် ၂၃၀ ဘီလီယံ၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့သို့ ငွေကျပ် ၁၀ ဘီလီယံစီ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့သို့ ငွေကျပ် ၈ ဘီလီယံစီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ခြောက်ခုတို့သို့ ငွေကျပ် ၅ ဘီလီယံစီဖြင့် စုစုပေါင်း ရန်ပုံငွေ ငွေကျပ် ဘီလီယံ ၃၃၀ ကို မတည်ထောက်ပံ့ငွေ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများအား ဒေသတစ်ခုလုံး စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွား ပြန်လည်မြှင့်တင်နိုင်ရေး အတွက်ရည်ရွယ်၍ ထုတ်ပေးခြင်းဖြစ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ရန်ပုံငွေအား လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျထုတ်ပေးခြင်း၊ ပြန်လည်ကောက်ခံခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် တစ်ဦးသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်တစ်ဦး ဦးဆောင်သော ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ရန်၊ မတည်ထောက်ပံ့ငွေမှ ချေးငွေထုတ်ချေးနိုင်ရေး စီမံချက် ရေးဆွဲ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့တို့သို့ တင်ပြအတည်ပြုချက် ရယူရန်၊ အတည်ပြုထားသော ချေးငွေထုတ်ချေးရေးစီမံချက်ကို ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်လိုအပ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ကြရာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဆိုင်ရာ စည်းမျဉ်း၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီအနေဖြင့် ချေးငွေစိစစ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းပြီး ချေးငွေထုတ်ချေးမှု အခြေအနေများကို စိစစ်ကြီးကြပ်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများသို့ စေလွှတ်သွားမည်ဖြစ်ကြောင်း။

သို့ဖြစ်ရာ ရန်ပုံငွေမှ ထုတ်ပေးထားသည့် အရင်းမပျောက်မတည်ငွေများကို မပျောက်ပျက်စေဘဲ တိုးပွားလာစေရန် သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်က ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာကော်မတီဥက္ကဋ္ဌက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မဘိမ်းမြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်တတ်စေရန် လက်တွေ့သရုပ်ပြခြင်းဆောင်ရွက်

**မဘိမ်း ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့နယ်၌ ပွင့်လင်းခြောက်သွေ့သောရာသီ ရောက်ရှိတော့မည်ဖြစ်သဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်နေပြည်သူများ၏ အိုးအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများတွင် မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်တတ်စေရန် လက်တွေ့သရုပ်ပြသခြင်းကို ယနေ့နံနက် ၁၀ နာရီက မဘိမ်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးဦးက မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မီးသတ်ဆေးဘူး စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရန် ရှင်းလင်းဆွေးနွေးပြသပြီး မီးသတ်တပ်ဖွဲ့ဝင်များ လက်တွေ့မီးငြိမ်းသတ် သရုပ်ပြသခြင်းလုပ်ငန်း ဆောင်ရွက်ကာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကိုယ်တိုင် မီးစတင်လောင်ကျွမ်းမှုဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ မီးသတ်ဆေးဘူးအား စနစ်တကျကိုင်တွယ်အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်စေခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ကြောင်း သိရသည်။

**မျိုးမင်း (မဘိမ်း)**



# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)မှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

**နှစ်ဖက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်နှင့် အဖွဲ့အား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့် အစီအစဉ်၊ အကြောင်းအရာများကို နှစ်ဖက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြပြီး နှစ်ဖက်ညှိနှိုင်းရရှိသည့် ဆွေးနွေးပွဲအစီအစဉ်များအတိုင်း တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြုလုပ်သည်။



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)မှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်ကြသည့် စဝ်ဆောင်းဟာန်၊ စဝ်အုမ်ခေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်တို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲမှ မပြီးပြတ်သေးဘဲ ဆက်လက်ဆွေးနွေးရမည့်ကိစ္စရပ်များ၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကိုတည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) မှ အခြေခံကျသောပုဒ်မများကို ပြင်ဆင်နိုင်ရေးကိစ္စရပ်များနှင့် နှစ်ဖက်ဆွေးနွေးလိုသည့် အဆိုပြုချက်များကို ဆွေးနွေးကြရာ တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများ၊ လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဒုတိယနေ့ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသို့ တင်သွင်းလာသည့် လျှပ်စစ်သုံးယာဉ်များကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်မှ **“ခရီးတို မြို့တွင်းပြေးဆွဲသည့် လျှပ်စစ်ကားများ ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်သွားရန်”** လမ်းညွှန်မှုပြုခဲ့သဖြင့် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကို ၂၀၂၂ ခုနှစ် ဇွန် ၂ ရက်တွင်လည်းကောင်း၊ လုပ်ငန်းကော်မတီ (၅) ရပ်ကို ၂၀၂၂ ခုနှစ် ဇွန် ၇ ရက်တွင်လည်းကောင်း ဖွဲ့စည်းခဲ့သည်။

**ပထမအကြိမ်တင်သွင်း**

မြန်မာနိုင်ငံတွင် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၌ စိတ်ပါဝင်စားသည့် ကုမ္ပဏီ ၂၆ ခုမှ ဦးဆောင်ကော်မတီသို့ လာရောက်တွေ့ဆုံပြီး ဆောင်ရွက်မည့် အစီအမံအသေးစိတ်များကို ရှင်းလင်းတင်ပြခဲ့မှုအပေါ် စိစစ်ခွင့်ပြုပေးလျက်ရှိရာ Chin Dwin Shan Construction Co., Ltd. နှင့် NPK Motors Co., Ltd. တို့မှ ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံသို့ ပထမအကြိမ် လျှပ်စစ်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခဲ့သည်။

ရှေးဦးစွာ အမျိုးသားအဆင့်ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ-၁ ဒေါက်တာချာလီသန်းနှင့် လုပ်ငန်းကော်မတီ (၅)ရပ်မှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရွာသာကြီး Dry Port တွင် ရောက်ရှိနေသည့် Chin Dwin Shan Construction Co., Ltd. မှ တင်သွင်းလာသည့် လျှပ်စစ်သုံးယာဉ် အစီး ၃၀ နှင့် NPK Motors Co., Ltd. မှ တင်သွင်းလာသည့် လျှပ်စစ်သုံးယာဉ် ၁၀ စီး စုစုပေါင်း အစီး ၄၀ ကို ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် လျှပ်စစ်သုံးယာဉ်အတွက် ထုတ်ပြန်ထားသည့် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိနှင့် ခွင့်ပြုထားသည့် လိုင်စင်ပါ ဖော်ပြချက်များ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးမှုပြုလုပ်၍ ယာဉ်များ ထုတ်ယူသည့် လုပ်ငန်းစဉ်ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**



အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကို ၂၀၂၂ ခုနှစ် ဇွန်လတွင် အမျိုးသားအဆင့် ဖွဲ့စည်းခဲ့ပြီး လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ခြင်း၊ လျှပ်စစ်သုံးယာဉ် အသုံးပြုမှုအတွက် အခွန်/အခကင်းလွတ်ခွင့်များ၊ အခြားသက်သာခွင့်များ ဖော်ဆောင်ပေးခြင်း၊ လိုအပ်သည့် အမိန့်ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊ အများသုံး Charging Station များ တည်ဆောက်နိုင်ရေး စီမံချက်များ ချမှတ်ခြင်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် အမျိုးသားအဆင့် ဦးဆောင်ကော်မတီသည် “လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ” ကို ရေးဆွဲပြုစုထားပြီး မကြာမီ နိုင်ငံတော်အဆင့် အတည်ပြုထုတ်ပြန်နိုင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိသည်။

မူဝါဒ၏ မျှော်မှန်းချက်အတိုင်း ပြည်တွင်း၌ လျှပ်စစ်သုံးယာဉ်များ တွင်ကျယ်စွာ အသုံးပြုနိုင်ရေး ကနဦး ရှေးပြေးစီမံကိန်း (Pilot Project) ကာလကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ သတ်မှတ်ထားပြီး လျှပ်စစ်သုံးယာဉ်ကဏ္ဍတွင် ဆောင်ရွက်လိုသည့် ကုမ္ပဏီများမှ တင်ပြသည့် အဆိုပြုလွှာများကို စိစစ်၍ လျှပ်စစ်သုံးယာဉ်များ တင်သွင်း အသုံးပြုနိုင်ရေး၊ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး၊ အများသုံး Level-3 အဆင့် Charging Station များ တည်ဆောက်နိုင်ရေး၊ After Sale Services လုပ်ငန်းများကို အာမခံစနစ်ဖြင့် ဆောင်ရွက်နိုင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီအနေဖြင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး ခွင့်ပြုပေးလျက်ရှိသည်။

**စမ်းသပ်ပြေးဆွဲအသုံးပြုမည့် လျှပ်စစ်သုံးယာဉ်များဖြစ်**

ယခုရောက်ရှိလာသော ယာဉ်များသည် တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် BYD အမျိုးအစား E2 Model ဖြစ်ပြီး လူစီးနှင့် တက္ကစီအဖြစ် စမ်းသပ်ပြေးဆွဲအသုံးပြုမည့် လျှပ်စစ်သုံးယာဉ်များဖြစ်သည်။ အများပြည်သူ အသုံးပြုနိုင်ရေး လျှပ်စစ်သုံးတက္ကစီအဖြစ် Chin Dwin Shan Construction Co., Ltd. မှ ရန်ကုန်လေဆိပ်တွင် အခြေပြု၍ တက္ကစီ ၁၀ စီး၊ NPK Motors Co., Ltd. မှ နေပြည်တော် သပြေကုန်းဈေးတွင် အခြေပြု၍ တက္ကစီ ၁၀ စီး ပြေးဆွဲကြမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ(အင်းစိန်)သို့ ရောက်ရှိပြီး လုပ်ငန်းတာဝန်များကို မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်နိုင်စေရန် စက်ရုံ၌ တာဝန်ထမ်းဆောင်နေသည့် အရာထမ်း၊ အမှုထမ်းများနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်၊ အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ် အားကောင်းစေရန်၊ နွေးထွေးသည့် ဆက်ဆံရေး စသည့်ကောင်းမွန်သည့် အလေ့အထကောင်းများ ဆက်လက်တိုးပွားစေရန်တို့အတွက် ဝန်ထမ်းများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အေးအတူပူအမျှ အတူတကွလက်တွဲကြမယ်လေ

ဇာနည်ဘွား

ယခုနှစ် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် သည် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။ တစ်နည်းအားဖြင့် လွန်ခဲ့သည့် (၇၆) နှစ် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)ပင်လုံမြို့၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်များသည် တောင်ပေါ်မြေပြန့်မကျန် ပြည်ထောင်စုကို တည်ထောင်ပြုရန်အတွက် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော သမိုင်းဝင်နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်ပါသည်။

### သမိုင်းသင်ခန်းစာ ယူစရာများ

(၇၆)နှစ်မြောက် အခါသမယတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားများအတွက် ပြန်ပြောင်းဆင်ခြင်ဖွယ်ရာများ၊ သင်ခန်းစာယူစရာများက အများသားလား။ အထူးသဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကဏ္ဍတို့တွင် ပြန်ပြောင်းဆင်ခြင်ဖွယ်ရာများ၊ သမိုင်းသင်ခန်းစာ ယူစရာများက တစ်ပုံတစ်ပင် များပြားလှပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး ရှစ်မျိုးနှင့် မျိုးနွယ်စုပေါင်း ၁၃၀ ကျော်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံ၏ အဓိကမောင်းနှင်အားတစ်ခုဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အားမာန်ကြောင့်လည်း သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ပြီး လွတ်လပ်ရေး အောင်ပန်းကို ရယူဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုနေ့ကို အကြောင်းပြု၍ လွတ်လပ်ရေးနေ့သည် ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

သို့ရာတွင် ပြည်ထောင်စုနယ်မြေတစ်ဝန်းလုံး အကြားအလပ်မရှိဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတွင်မူ လေ့ပြေးတုန်း တက်ကျိုးသလိုဖြစ်ခဲ့ရ၍ အခြားဒေသတွင်းနိုင်ငံများနှင့်ယှဉ်လျှင် တိုးတက်သင့်သလောက် မတိုးတက်လာခဲ့သည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပါသည်။

### မြန်မာနိုင်ငံကို တစ်စစီပြိုကွဲအောင် သွေးထိုး

ပင်လုံမြေတွင် အခြေတည်၍ စုစည်းညီညွတ်ခဲ့သောတိုင်းရင်းသားအချို့သည် လွတ်လပ်ရေး ရသည့်အခါတွင်မူ ဒေသစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲတို့ကြောင့် အချင်းချင်းကြား သံသယဝင်လာခဲ့ကြသည်။ တစ်ဖက်တွင်လည်း နယ်ချဲ့ဗြိတိသျှတို့က မစားရသည့်အမဲ သဲနှင့်ပက်သည့်အလား အိန္ဒိယနှင့် ပါကစ္စတန်ကို နှစ်ပိုင်းကွဲအောင်လုပ်ခဲ့သည့် နည်းတူ လွတ်လပ်စ မြန်မာနိုင်ငံကိုလည်း တစ်စစီပြိုကွဲပျက်စီးအောင် အစွမ်းကုန်မြှောက်ပင့် သွေးထိုးခဲ့ကြသည်။



ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်ဝင်အချို့ကို တွေ့ရစဉ်။

"ဗမာတွေက မယုံရဘူး"ဟူသည့် သွေးခွဲသပ်လျှိုမှုကြောင့်လည်းကောင်း၊ ကာလကြာရှည် တောင်ပေါ်မြေပြန့် သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့်လည်းကောင်း၊ လူမျိုးစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲတို့ကြောင့်လည်းကောင်း မြန်မာနိုင်ငံသည်လွတ်လပ်ရေးရပြီး နှစ်လကျော်၊ သုံးလအတွင်းမှာပင် ပြည်တွင်းစစ်မီး တောက်လောင်ခဲ့ရသည်။ ထိုကဲ့သို့ သွေးထိုးလှုံ့ဆော်၊ သပ်လျှိုသွေးခွဲမှုများ၏ အကျိုးဆက်များကား ယနေ့ထိတိုင် နှစ်ပေါင်းရှည်ကြာစွာ ဖြစ်ပွားလျက်ရှိသဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်ဆုံးရှုံးနစ်နာစေခဲ့သည်။

### အကြံညာဏ်၊ ညွှန်ကြားချက် တောင်းခံ

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံအပါအဝင် လွတ်လပ်စနိုင်ငံငယ်များအပေါ် သွေးထိုးလှုံ့ဆော်၊ သပ်လျှိုသွေးခွဲမှုများကို ဆောင်ရွက်ရာတွင် ဝဿကာရနည်းအတိုင်း လုပ်ဆောင်လေ့ရှိသည်။ ဝဿကာရသည်ကား မဂဓတိုင်းကြီးသခင် ဘုရင်အဇာတသတ်မင်း၏ အမတ်ကြီးတစ်ဦးဖြစ်သည်။ အဇာတသတ်မင်းသည် ဝေသာလီပြည်မှ လိစ္ဆဝီမင်းတို့ကို မျက်မုန်းကျိုးအမျက်တော်ရှနေခဲ့သည်မှာ ကြာခဲ့လေပြီ။ သို့သော် လိစ္ဆဝီမင်းတို့၏ စည်းလုံးညီညွတ်မှု၊ ထကြွလုံ့လရှိမှုတို့ကြောင့် စစ်ပွဲတစ်ပွဲကို လက်လွတ်စပယ်မလုပ်ရဲဘဲ အခွင့်ကောင်းကို စောင့်ဆိုင်းနေခဲ့သည်။ သို့ဖြင့် တစ်နေ့သောအခါဝယ် အဇာတသတ်မင်းသည် ဝဿကာရအမတ်ကြီးကို မြတ်စွာဘုရားရှင်ထံစေလွှတ်၍ အကြံညာဏ်၊ ညွှန်ကြားချက် ရလိုရငြားတောင်းခံစေခဲ့သည်။

မြတ်စွာဘုရားရှင်သည် ကိုယ်တော်တိုင်ဂဏအုပ်ချုပ်ရေးနိုင်ငံငယ်တစ်ခုတွင် ဖွားမြင်ခဲ့သူပီပီ ဂဏအုပ်ချုပ်ရေးနိုင်ငံငယ်တစ်ခုဖြစ်သော ဝေသာလီပြည်ကို စစ်သွေးစစ်မာန်တက်ကြွနေသော ဧကရာဇ်မင်းက စစ်မတိုက်ရန် "ဝဇ္ဇီတို့သည် ဤသို့သော ကြီးပွားကြောင်းတရားခုနစ်ပါးတို့နှင့် ပြည့်စုံနေသမျှကာလပတ်လုံး သူတို့အတွက် တိုးတက်ကြီးပွားခြင်းသာဖြစ်လတ္တံ့။ ဆုတ်ယုတ်ပျက်စီးခြင်းဟူ၍ မရှိနိုင်ပေ"ဟူ၍ ညီတော်အာနန္ဒာအား သွယ်ဝိုက်၍ မိန့်ကြားတော်မူခဲ့သည်။

သို့ရာတွင် ဝဿကာရအမတ်ကြီးကတော့ သူ့အဓိပ္ပာယ်နှင့်သူကောက်ယူပြီး "အရှင်ဂေါတမ၏ မိန့်ကြားချက်အရ တပည့်တော်သဘောပေါက်သွားပါပြီ။ အဇာတသတ်မင်းသည် ဝဇ္ဇီတို့ကို စစ်ရေးဖြင့် မချေမှုန်းသင့်ပါ။ ဖြားယောင်းသွေးဆောင်ခြင်းဖြင့်သော်လည်းကောင်း၊ သူတို့အချင်းချင်းသင်းခွဲပေးခြင်းဖြင့်သော်လည်းကောင်း သူတို့ကိုချေမှုန်းရပါတော့မည်ဘုရား"ဟုဆိုကာ ပြန်လည်ထွက်ခွာသွားလေသည်။

ထို့နောက်ပိုင်းတွင် ဝဿကာရအမတ်ကြီးသည် ဘုရင်အဇာတသတ်နှင့် စိတ်ဝမ်းကွဲသယောင်ဟန်ဆောင်ကာ ဝေသာလီပြည် လိစ္ဆဝီမင်းတို့ထံသို့ ပြေးဝင်ခိုလှုံလေတော့သည်။ လိစ္ဆဝီမင်းတို့ကလည်း သူ၏ပညာနှင့်သမ္မာအရ အမတ်ကြီးအဖြစ် ဆက်လက်မြှောက်စားခဲ့သည်။ ထိုသောအခါ ဝဿကာရသည် သူ့မူလအကြံအစည်အတိုင်း ကနဦး အများအာရုံစိုက်လာစေရန် ညီလာခံသို့စော၍လည်းကောင်း၊ နောက်ကျ၍လည်းကောင်း ခစားဝင်ရောက်လေသည်။

### အချင်းချင်းကြား စိတ်ဝမ်းကွဲလာ

ထိုသို့ အများက အာရုံစိုက်လာသည့်အခါတွင် အနီးအနားရှိ လိစ္ဆဝီမင်းသားအချို့ထံ သွားရောက်၍ အရေးမပါ၊ အရာမရောက်သောစကားတို့ကို တီးတိုးတီးတိုးသွား၍ ပြောပြန်လေသည်။ အပြောခံရသည့် လိစ္ဆဝီမင်းသားအချို့ကို ကျန်မင်းသားအချို့က လူ့သဘာဝအရ ဝဿကာရ ဘာလာပြောသည်ကို သိလို၍ မေးမြန်းကြသောအခါ အပြောခံရသည့် မင်းသားတို့က ဝဿကာရစကားမှာ ဘာမှမဟုတ်၍ ဘာမှမဟုတ်ပါဘူးဟုဆိုသောအခါ ကျန်လိစ္ဆဝီမင်းသားတို့သည် သံသယတွေပွားလာကြတော့သည်။ ဤသို့ဖြင့် ပြောဖန်များလာသောအခါဝယ် လိစ္ဆဝီမင်းတို့အချင်းချင်းကြား စိတ်ဝမ်းကွဲလာခဲ့ကြပြီး သူ့အုပ်စု၊ ကိုယ့်အုပ်စုဖြင့် စည်းလုံးညီညွတ်မှု ပြိုကွဲသွားခဲ့လေသည်။ အဆုံးတစ်နေ့မှာတော့ တံတိုင်းသုံးထပ်တိုးချဲ့ရလောက်အောင် တိုးတက်စည်းကားခဲ့သော ဝေသာလီပြည်သည် ဝဿကာရအမတ်ကြီး၏ ဖြို့ခွင်းမှုကြောင့် တစ်ပြည်ထောင်လုံး ပျက်စီးသွားခဲ့ရလေသည်။

မျက်မှောက်ကာလတွင်လည်း ခေတ်သစ်ကိုလိုနီနယ်ချဲ့တို့သည် ဝဿကာရအမတ်ကြီးထုံးနှလုံးမူ၍ ပြည်ထောင်စုကြီး တစ်စစီပြိုကွဲပျက်စီးသွားစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အစွမ်းကုန်သွေးခွဲသပ်လျှိုလျက်ရှိနေဆဲပင်။

### လက်နက်ကိုင်သံသရာမှရုန်းထွက်ကြရန် အချိန်ကျပြီဖြစ်

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "လွတ်လပ်ရေးရပြီးမကြာခင်မှာပဲ ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများသည် ဆယ်စုနှစ်များစွာကြာခဲ့ပြီဖြစ်ရာ ထိုသို့ မပြီးနိုင်၊ မစီးနိုင်၊ အဖြေမထွက်နိုင်သည့် လက်နက်ကိုင်သံသရာမှရုန်းထွက်ကြရန် အချိန်ကျပြီဖြစ်ကြောင်း" ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ကျင်းပခဲ့သည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် တိုက်တွန်းခဲ့ပါသည်။

ထို့အတူ "ကရင်ပြည်နယ်အတွင်း ရှိနှင့်ပြီးဖြစ်သည့် သယံဇာတအရင်းအမြစ်များနှင့် အခြေခံကောင်းများကို အသုံးချ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်မည်ဆိုပါက ကရင်ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများတိုးတက်လာပြီး ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝသည်လည်း ပြောင်းလဲလာမည်ဖြစ်ကာ ကရင်ပြည်နယ်သည်လည်း အချိန်တိုအတွင်း တိုးတက်ပြောင်းလဲလာမည်ဖြစ်ပါကြောင်း" စသည်ဖြင့် သဝဏ်လွှာတွင် ဖော်ပြခဲ့သည်။

### လက်နက်ကိုင် ပဋိပက္ခများကြောင့် သဘာဝအလှအပများ မခံစားနိုင်

အလားတူ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျင်းပသည့် (၇၅) နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "သာယာလှပပြီးသယံဇာတပေါကြွယ်ဝသည့် ကချင်ပြည်နယ်သည် ယနေ့ထက်တိုင်ကာလကြာရှည်စွာ လက်နက်ကိုင်ပဋိပက္ခများကြောင့် သဘာဝအလှအပများကိုလည်း မခံစားနိုင်၊ သယံဇာတများကိုလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးမပြုနိုင်ဘဲ ဖြစ်နေရပါသည်။ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်" ဟု ဖော်ပြခဲ့ပါသည်။

*စာမျက်နှာ ၁၂ သို့*

❖ **ပင်လုံမြေတွင် အခြေတည်၍ စုစည်းညီညွတ်ခဲ့သော တိုင်းရင်းသားအချို့သည် လွတ်လပ်ရေးရသည့်အခါတွင်မူ ဒေသစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲတို့ကြောင့် အချင်းချင်းကြား သံသယဝင်လာခဲ့ကြသည်။ တစ်ဖက်တွင်လည်း နယ်ချဲ့ဗြိတိသျှတို့က မစားရသည့်အမဲ သဲနှင့်ပက်သည့်အလား အိန္ဒိယနှင့် ပါကစ္စတန်ကို နှစ်ပိုင်းကွဲအောင် လုပ်ခဲ့သည့်နည်းတူ လွတ်လပ်စ မြန်မာနိုင်ငံကိုလည်း တစ်စစီပြိုကွဲ ပျက်စီးအောင် အစွမ်းကုန်မြှောက်ပင့် သွေးထိုးခဲ့ကြ**



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၄

**အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကူဝိတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Mubarak M A Aladwani ကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကူဝိတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့အကြား တည်ရှိပြီးဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စွမ်းအင် စသည့် ကဏ္ဍတို့တွင် အကျိုးတူဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် အပြန်အလှန်နားလည်မှု၊ ထောက်ခံမှုများဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး စသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြို့သစ်မြို့နယ်၌ နွေစပါး ဧက ၅၀၀၀ စိုက်ပျိုးရန်စီစဉ်

**မြို့သစ် ဇန်နဝါရီ ၂၄**

မကွေးခရိုင် မြို့သစ်မြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နွေစပါး စီမံကိန်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ထူးနှင့် တောင်သူများ တွေ့ဆုံပွဲကို ယနေ့ နံနက်က မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးခရိုင် လုပ်ငန်းကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူး၊ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဦးငွေဆန်းက နွေစပါး စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြပြီး မြို့သစ်မြို့နယ် လုပ်ငန်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မိုးလွင်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နွေစပါးဧက ၅၀၀၀ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တောင်သူများက နွေစပါးစိုက်ပျိုးမည့် အခြေအနေများ၊ ဆန်စက်နှင့် သွင်းအားစု လုပ်ငန်းရှင်များက ၎င်းတို့ ဆောင်ရွက်ပေးမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြရာ ခရိုင်လုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။

**ကိုဇော်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း ချည်မျှင်ရှည်ဝါ Raka F1 ၆၆၆ မျိုးကို လာမည့် ဝါစိုက်ရာသီအမီ ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်

**ပဲခူး ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီးအတွင်း ဝါသီးနှံအထွက်နှုန်းမြင့်မားပြီး ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃)ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ဇန်နဝါရီ ၂၃ ရက်က ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မိမိတို့ တိုင်းဒေသကြီးအတွင်း ဆန်ဖူလုံမှုရှိသော်လည်း ခေတ်အဆက်ဆက် ဆီဖူလုံမှုသည် ၉၇ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုအခါ နေကြာ မျိုးကောင်း မျိုးသန့်များ ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးရေရရှိရေး နည်းလမ်းပေါင်းစုံဖြင့် ဖြည့်ဆည်းပေးနိုင်ခဲ့သဖြင့် ဆီဖူလုံမှု ၁၀၂ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဝါသီးနှံစိုက်ပျိုးရာတွင်လည်း အမှန်တကယ် အထွက်နှုန်းကောင်းပြီး တောင်သူများအတွက် တွက်ခြေကိုက်သည့် ချည်မျှင်ရှည်ဝါ Raka F1 ၆၆၆ မျိုးကို လာမည့် ဝါစိုက်ရာသီအမီ ဖြန့်ဖြူးပေးနိုင်ရေး ကြိုတင်စုဆောင်းထားရှိရန်နှင့် စိုက်ပျိုးရေရရှိနိုင်သည့် နည်းလမ်းပေါင်းစုံဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ စပါးနှင့် အခြားသီးနှံ စိုက်ပျိုးမြေ ထိခိုက်မှုမရှိဘဲ ချည်မျှင်ရှည်ဝါများ တိုးချဲ့စိုက်ပျိုးသွားရန် လိုအပ်သဖြင့် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များမှ မြေပြင်ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ရှင်းလင်းတင်ပြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ချည်မျှင်ရှည်ဝါ ၂၅၂၄ ဧကသာ စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ချည်မျှင်ရှည်ဝါ ၇၁၂၅ ဧကအထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ၄၄၄ ဒသမ ၃၆ ပိဿာ ထွက်ရှိခဲ့သောကြောင့် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သနပ်ပင်မြို့တွင်းတံတား တည်ဆောက်နေမှုနှင့် တာဝဆိုလာရေတင် စနစ် တည်ဆောက်နေမှုတို့အား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်ကြီးကျေးရွာ ဆောင်းရာသီ လူငယ်ဘောလုံးပြိုင်ပွဲနှင့် ပဲခူးမြို့နယ် စိုင်တီကျေးရွာ ဘောလုံးပြိုင်ပွဲများသို့ သွားရောက်၍ ထောက်ပံ့ငွေကျပ်ငါးသိန်းစီ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေး ဟောပြောပွဲကျင်းပ

**ရွှေတောင် ဇန်နဝါရီ ၂၄**

ရွှေတောင်မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၃ ရက်က ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေတောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြအေးက အမှာစကားပြောကြားပြီး ပြည်ခရိုင်လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဦးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါအခွင့်အရေးများနှင့် ပတ်သက်၍ ကလေးသူငယ်ဥပဒေပေါ်ပေါက်လာပုံ၊ CRC ဖွဲ့စည်းဆောင်ရွက်မှု၊ ရည်ရွယ်ချက်၊ ကလေးသူငယ်မွေးစားခြင်းနှင့် မသန်စွမ်းကလေးသူငယ်များရရှိနိုင်သော အခွင့်အရေးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ခရိုင် လူမှုဝန်ထမ်းရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဂျမ်းဂျမ်းအေးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါပြစ်မှုပြစ်ဒဏ်များကို ဟောပြောဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၂) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၂) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဦးစီးမှူးများ၊ ခရိုင်ဦးစီးမှူးများနှင့် ထူးချွန်ဆုရဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာ၌ ပြီးခဲ့သည့် နှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်ညှိနှိုင်းသုံးသပ်၍ လုပ်ငန်းများကို ဆက်လက်အကောင်အထည် ဖော်သွားကြမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးပေါင်း ၄၃၅ ရုံးဖြင့် ဖွဲ့စည်းထားပြီးမီဒီယာ အခန်းကဏ္ဍမှ ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံလျက်ရှိသည့် ဌာနတစ်ခုဖြစ်ကြောင်း။

၂၀၂၂ ခုနှစ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ထူးခြားသော စွမ်းဆောင်နိုင်မှုများကို ပြသခဲ့သည့် နှစ်တစ်နှစ်ဟု ဆိုနိုင်ပါကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လူငယ်နှင့် စာပေပွဲတော်ကြီးကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်း၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်အသီးသီးမှ အနုပညာရှင်များဖြင့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကြီးကို နေပြည်တော်ရှိလဟာပြင်ကဇာတ်ရုံကြီး၌ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်း၊ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကြီးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2) ၌ ကျင်းပပြုလုပ်ခဲ့ခြင်းနှင့် ဓာတ်ပုံပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ စသည်တို့ကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း။

ပြီးခဲ့သည့်နှစ်အတွင်း Digital Library စနစ်သို့ အဆင့်မြှင့်တင်နိုင်ရန် Digital Library Management System(DLMS) အသုံးပြုနည်း သင်တန်းများကို ဖွင့်လှစ်နိုင်ခဲ့ပြီး Digital စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းခြင်း ဝန်ဆောင်မှုကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သတင်းရေးသားပေးပို့နည်း သင်တန်း၊ ငွေစာရင်းထိန်းသိမ်းနည်း သင်တန်း စသည့် သင်တန်းများအပါအဝင် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးဆိုင်ရာ သင်တန်းများကို ၅၅၃ ကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့ကြောင်း၊ ထိုသို့ နှစ်စဉ်ဖွင့်လှစ်သည့် စွမ်းဆောင်ရည် မြင့်မားရေးဆိုင်ရာ သင်တန်းများမှတစ်ဆင့် တည်ငြိမ်မှု၊ ထိုးထွင်း သိမြင်မှု စသည့် အရည်အသွေးများ ရရှိအောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များသည် စည်းလုံးညီညွတ်မှုဖြင့် ဆောင်ရွက်ရပါကြောင်း၊ ဆက်လက်၍လည်း ဝန်ထမ်းများက စည်းလုံးညီညွတ်မှုရှိရှိဖြင့် လုပ်ကိုင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အခက်အခဲ တွေ့ကြုံနိုင်ကြောင်း၊ ထိုအခက်အခဲများကို စည်းလုံးညီညွတ်မှု၊ စွမ်းဆောင်ရည်ရှိမှုတို့ဖြင့် ကျော်လွှားကာ မိမိတို့ဆောင်ရွက်နေသည့် မီဒီယာအခန်းကဏ္ဍကို ပြည်သူ့အတွက် အကျိုးရှိစွာအသုံးချတတ်စေရန် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက သတင်းပိုင်းဆိုင်ရာ၊ ဓာတ်ပုံပိုင်းဆိုင်ရာ၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာနှင့် ကဏ္ဍအလိုက် ထူးချွန်ဆုရရှိကြသည့် မြို့နယ်များနှင့် ဝန်ထမ်းများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ခရိုင်အဆင့် သတင်းလွှင့်တင်ဖော်ပြခံရမှု ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသည့် ခရိုင်ရုံးများကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြို့နယ်အဆင့် လုပ်ငန်းစွမ်းဆောင်ရည် ပထမဆုရရှိသည့် နတ်မောက်မြို့နယ်ရုံး၊ ဒုတိယဆုရရှိသည့် တောင်ဥက္ကလာပမြို့နယ် ရုံး၊ တတိယဆုရရှိသည့် တောင်သာမြို့နယ်ရုံး၊ အထူးဆုများ ရရှိသည့် ကျိုက်ထိုမြို့နယ်ရုံး၊ သီပေါမြို့နယ်ရုံး၊ လှိုင်းဘွဲ့မြို့နယ်ရုံး၊ ဒေးဒရဲမြို့နယ် ရုံးနှင့် ကျွန်းလှမြို့နယ်ရုံးတို့ကို လည်းကောင်း၊ ခရိုင်အဆင့် လုပ်ငန်းစွမ်းဆောင်ရည် ပထမဆုရရှိသည့် လားရှိုးခရိုင်ရုံး၊ ဒုတိယဆု ရရှိသည့် ဘားအံခရိုင်ရုံးနှင့် တတိယဆုရရှိသည့် ကျောက်ဆည်ခရိုင်ရုံးတို့ကို လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ရုံးကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိသူများကိုယ်စား အရာထမ်း တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ခရိုင်အဆင့် လုပ်ငန်းစွမ်းဆောင်ရည် ဒုတိယဆုရရှိသည့် ဘားအံခရိုင်ရုံးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဦးရဲတင့် ခရိုင်အဆင့် သတင်းလွှင့်တင်ဖော်ပြခံရမှု ပထမဆုရရှိသည့် ခရိုင်ရုံးအား ဆုပေးအပ်ချီးမြှင့်စဉ်။

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရုံးအမှတ် (၅၅) တွင် ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့၏ တစ်ပတ်လျှင် နှစ်ကြိမ်ပြုလုပ်သည့် ပုံမှန်အစည်းအဝေးတွင်လုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က ကျင်းပပြုလုပ်ခဲ့သည့် အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia-Pacific Joint Group-APJG) ၏ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များက မျက်နှာစုံညီ အစည်းအဝေးတွင် မြန်မာနိုင်ငံ၏တိုးတက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ အကဲဖြတ်သူများ၏ မေးခွန်းများအပေါ် မြန်မာအဖွဲ့က ပြန်လည်ဖြေကြားချက်များကို ရှင်းလင်းတင်ပြကြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့် အချက်များကို ပြန်လည်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (APG) သို့ မြန်မာနိုင်ငံ၏ အကဲဖြတ်ချက် အစီရင်ခံစာပါ စံနှုန်းနိမ့်သည့် အကြံပြုချက်များအတွက် စံနှုန်းတိုးမြှင့်တောင်းခံမည့် နည်းပညာပိုင်းဆိုင်ရာ လိုက်နာမှုအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ လိုအပ်သည့် ညွှန်ကြားချက်များကို သတ်မှတ်ရက်တွင် ထည့်သွင်းပေးပို့နိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို လည်းကောင်း၊ လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက အကောင်အထည်ဖော်ရမည့် သက်ဆိုင်ရာဌာနအလိုက် ဆက်လက်ဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။



အစည်းအဝေးသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ရှိ သူနာပြုသင်တန်းကျောင်း (နေပြည်တော်) ၌ အကူသူနာပြုကျွမ်းကျင်မှု အဆင့် (၂) အလုပ်အကိုင်အတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၄**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အဖွဲ့သည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ရှိ ကျန်းမာရေးဝန်ကြီးဌာန၊ သူနာပြုသင်တန်းကျောင်း (နေပြည်တော်) Assessment Center သို့ ရောက်ရှိပြီး အကူသူနာပြုကျွမ်းကျင်အဆင့် (၂) (Nurse Aid Level-2) အလုပ်အကိုင်အတွက် ဖြေဆိုသူ ၁၄ ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ရေးအတွက် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အရည်အသွေးပြည့်မီသော အခြေခံကျွမ်းကျင်လုပ်သားကောင်းများ ပေါ်ထွက်လာနိုင်ရေး မွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်းနှင့် နည်းပညာဆိုင်ရာ ကိရိယာများအား ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရေး လေ့ကျင့်သင်ကြား ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က ကျွမ်းကျင်လုပ်သားများအား အရည်အသွေးပိုင်းဆိုင်ရာ စိစစ်မှုများကို ပြည်နယ်နှင့် တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးများ၌လည်း မြှင့်တင်ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ သူနာပြုသင်တန်းများကို ပုဂ္ဂလိကကဏ္ဍတွင် ဖွင့်လှစ်ပေးလျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနနှင့် ကျန်းမာရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ပေးရေးကော်မတီတို့က ဝိုင်းဝန်းထိန်းသိမ်းပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သူနာပြုသင်တန်းကျောင်း (နေပြည်တော်) ကျောင်းအုပ်ကြီး ဒေါ်စန်းစန်းလင်း က Assessment Center နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ သူနာပြုသင်တန်းကျောင်း (နေပြည်တော်) ကို Nurse Aid Level-2 (အကူသူနာပြု) အလုပ်အကိုင်အတွက် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standard Authority-NSSA) အသိအမှတ်ပြု ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနအဖြစ် ၂၀၂၂ ခုနှစ်ဇူလိုင် ၂၅ ရက်မှ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၄ ရက်အထိ သက်တမ်းကာလ နှစ်နှစ်ဖြင့် အသိအမှတ်ပြုပေးခဲ့ပြီး အမျိုးသားအဆင့် အကူသူနာပြု ကျွမ်းကျင်မှုအဆင့် (၂) ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းစဉ်များကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၄ ရက် မှ ၂၈ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကာ NSSA အနေဖြင့် အကူသူနာပြုအလုပ်အကိုင်အတွက် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးစစ်ဆေးခြင်းကို ပထမဆုံးအကြိမ် ဆောင်ရွက်ခြင်းဖြစ်သည်။

အလုပ်သမားဝန်ကြီးဌာနက ဦးဆောင်ဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိသည့် NSSA အနေဖြင့် မြန်မာလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ အလုပ်အကိုင် ၃၅ မျိုးအတွက် ဖြေဆိုသူ ၂၃၀၄၈ ဦးကို စစ်ဆေးအကဲဖြတ်နိုင်ခဲ့ပြီး အရည်အသွေးပြည့်မီသူ ၂၁၀၄၇ ဦးကို အသိအမှတ်ပြုပေးနိုင်ခဲ့သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဖြေဆိုသူ ၅၀၀၀ ကို စစ်ဆေးအကဲဖြတ်နိုင်ရေး လျာထားသတ်မှတ်ထားပြီး အလုပ်အကိုင် ၂၅ မျိုးအတွက် ဖြေဆိုသူ ၄၁၂၇ ဦးကို စစ်ဆေးအကဲဖြတ်နိုင်ခဲ့၍ အရည်အသွေးပြည့်မီသူ ၃၉၄၄ ဦးကို အသိအမှတ်ပြုပေးနိုင်ခဲ့ကြောင်းနှင့် လျာထားချက် ပြည့်မီအောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၄

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၁/၂၀၂၃) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင် က စိုက်ပျိုးရေးလုပ်ငန်းများတွင် ဧက ၃၀၀ အောက်နှင့် ကျေးလက်ဒေသတောင်သူ လယ်သမားများနှင့် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် ဧက ၅၀ အောက် လျှောက်ထားလာပါက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအနေဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကော်မတီအနေဖြင့် အမှန်တကယ် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများအတွက် အသုံးချနိုင်ရေးနှင့် အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသည့် နေရာများကို ပြန်လည် သိမ်းဆည်းနိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်၍ ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်များမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်တင်ပြလာသည့် ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေး ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး နေပြည်တော် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ထူးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ က ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ အစည်းအဝေး ဆက်လက်ကျင်းပရာ နေပြည်တော် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက လယ်ယာမြေ စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ရမည့် ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ကြပြီး နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့၌ ၁၁ ကေဗွီ၊ ဗို့ ၄၀၀ ဓာတ်အားလိုင်းနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်မှုလုပ်ငန်းများ ရာခိုင်နှုန်းပြည့်ပြီးစီး



**တပ်ကုန်း ဇန်နဝါရီ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်၌ လျှပ်စစ်မီးသုံးစွဲသည့် ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် လျော့နည်း ကျဆင်းမှုမရှိရေး၊ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်စေရန် နေပြည်တော်ကောင်စီ ခွင့်ပြုငွေဖြင့် ၁၁ ကေဗွီ၊ ဗို့ ၄၀၀ ဓာတ်အားလိုင်းနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ဗို့ ၄၀၀ ဓာတ်အားလိုင်းတို့ကို တည်ဆောက်လျက်ရှိရာ အဆိုပါ လုပ်ငန်းများကို ဇန်နဝါရီလ တတိယပတ်တွင် လုပ်ငန်းအားလုံး သတ်မှတ်ရာခိုင်နှုန်းအပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ၁၁ ကေဗွီ၊ ဗို့ ၄၀၀ ဓာတ်အားလိုင်း လုပ်ငန်းတွင် ၁၁ ကေဗွီ (၂ ဒသမ ၅) မိုင်၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် ဗို့ ၄၀၀ ဓာတ်အားလိုင်းလုပ်ငန်းတွင် တစ်မိုင်တို့ကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်ပြီး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးအောင်ဇော်ဇော်မျိုးက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူးရုံးမှ သိရသည်။

**တင်စိုးလွင်**

❑ *ကျောဖုံးမှ*

ထားသည့် စပါးအသင်းသည် ယခုပွဲစဉ်တွင် နိုင်ပွဲပြန်လည်ရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၄၅ မိနစ်တွင် ရရှိခဲ့သော ဟယ်ရီကိန်း၏ သွင်းဂိုးဖြင့် ဖူလ်ဟမ်အသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဖူလ်ဟမ်အသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် စပါးအသင်း နိုင်ပွဲရရှိရေး ခက်ခက်ခဲခဲ ကစားခဲ့ရသည်။

ယခုပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သော ဟယ်ရီကိန်းသည် စပါးအသင်း၏ ထာဝရသွင်းဂိုးအများဆုံး စံချိန်တင်ထားသော ဂျင်မီဂရေ့ဗ်၏ ၂၆၆ ဂိုးစံချိန်ကို လိုက်မီခဲ့ပြီဖြစ်သည်။ ယခုပွဲ အနိုင်ရရှိခဲ့သော စပါးအသင်းသည် တစ်ပွဲပိုကစားထားပြီး အဆင့် (၄) မှ မန်ယူအသင်းနှင့် သုံးမှတ်အကွာသို့ ချဉ်းကပ်လာပြီဖြစ်သည်။ ပြိုင်ဘက် ဖူလ်ဟမ်အသင်းက ၂၁ ပွဲကစားပြီး ၃၁ မှတ် ရရှိထားသည်။

**အောင်ဇော်**

# စည်းလုံးညီညွတ် အောင်ပန်းဆွတ်စို့

မြင်းမူမောင်နိုင်မိုး



(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား၌ ချီတက်အလေးပြုကြသည့် ဂုဏ်ပြုစစ်ကြောင်းများကို တွေ့ရစဉ်။

**“ငါတို့သည် တမျိုးတဘာသာ တစိတ်တဒေသ၏<br>ကောင်းကျိုးချမ်းသာကို မလိုလား၊ ကျောသား ရင်သား<br>သူကား ငါကား ခွဲခြားခြင်းကို အလိုမရှိ<br>မြစ်ချောင်းသီတာ သမုဒ္ဒရာတောင်တန်းတို့ဖြင့်<br>ကမ္ဘာ့ဓမ္မတာ သဘာဝ အပိုင်းအခြား<br>ထင်ရှားစွာ သတ်မှတ်အပ်သော ရာဇဝင်ရှည်ဝေး<br>ရှေးပဝေဏီမှစ၍ ယခုထက်တိုင် မြန်မာနိုင်ငံသားဟု<br>သမုတ်အပ်သူ တိုင်းရင်းသား အပေါင်းတို့<br>ဇာတိချက်ကြွေနေထိုင်ကြရာ မြန်မာနိုင်ငံတော်တစ်ဝှမ်းကို<br>တသွေးတသားတည်းဟူသော ကြိုးထူး<br>တစ်စိတ်တစ်ဝမ်းတည်းဟူသော ကြိုးထူး<br>အလိုအလျောက် သဘာဝ အထောက်အပံ့ဖြင့်သာလျှင်<br>ဖြစ်ပေါ်အပ်သော၊ စေတနာတည်းဟူသော ကြိုးထူး<br>ဤကြိုး သုံးပါးဖြင့် ကမ္ဘာဆုံးတိုင် မြဲခိုင်တည်တံ့အောင်<br>ရစ်ပတ်ဖွဲ့စည်းအပ်သော ပြည်ထောင်စုအဖြစ်ကို<br>လက်ဆုပ်လက်ကိုင် ငါတို့အပိုင်ရလေပြီ”<br>(လွတ်လပ်ရေး ကြေညာစာတမ်းမှ ကောက်နုတ်ဖော်ပြချက်။)**

အထက်ပါကြွေးကြော်သံမှာ မြန်မာပြည်ဖွား တိုင်းရင်းသားအားလုံး၏ ကြွေးကြော်သံအမှန်ပင် ဖြစ်ပေသည်။ ကောက်ကျစ် နယ်ချဲ့ ကျူးကျော်ခဲ့၍ တကယ့်မှန်ကင်း လောင်စာထင်းပမာ ပျက်ယွင်းကြေမွ ကျွန်ဘဝ ဝယ် နိမ့်ကျညှိုးငယ်ခဲ့ရသော မြန်မာပြည်ဖွား တိုင်းရင်းသား အားလုံး၏ အထွတ်အမြတ်သွေးတို့ဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည် မဟုတ်ပါလော။

## အထွတ်အမြတ်သွေးနှင့် လွတ်လပ်ရေး

ပထမ၊ ဒုတိယ၊ တတိယ အင်္ဂလိပ် - မြန်မာစစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏ ကျွန်သပေါက်ဘဝသို့ ကျရောက်ခဲ့ပါလေသည်။ ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်တွင် နှစ်ကာလ အချိန်အတိုင်းအတာအားဖြင့် မြန်မာနိုင်ငံအောက်ပိုင်းသည် ၁၂၃ နှစ်၊ မြန်မာနိုင်ငံအထက်ပိုင်းသည် ၆၃ နှစ်၊ ကျွန်သပေါက်ဘဝ ကျရောက်ခဲ့သော်လည်း လက်နက်အင်အား၊ လူအင်အားကွာခြားမှုန်းသိပါလျက်နှင့် မျိုးချစ်တိုင်းရင်းသားခေါင်းဆောင်များက ရှိသမျှအင်အား၊ ရသမျှလက်နက်များကို စွဲကိုင်ကာ တွန်းလှန်ချေမှုန်းခဲ့ကြသည်။ **“သူ့ကျွန်ဘဝမှာနေရတာထက် သေရတာက မြတ်တယ်”** ဟူသော မျိုးချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန်ထက်သန်စွာဖြင့် ခုခံတော်လှန်ခဲ့ကြသည်။

လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝမှ သူ့ကျွန်ဘဝကျရောက်ခဲ့ကြသော မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအပေါင်းသည် နယ်ချဲ့လက်အောက်တွင် လောကီငရဲမျိုးစုံကို ကြိတ်မှိတ်ခံစားခဲ့ကြရသည်။ ထို့ကြောင့် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများတွင် တစ်ဗိုလ်တက်တစ်ဗိုလ်ဆင်း၊ သားစဉ်မြေးဆက်၊ စဉ်ဆက်မပြတ် ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ခဲ့ကြသည်။ အသက်၊ သွေး၊ ချွေးများကို မငဲ့ကွက်ကြဘဲ စွန့်လွှတ်စွန့်စားခဲ့ကြသည်။

နယ်ချဲ့တို့က မြန်မာတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ယုတ်မာစွာ သွေးကွဲအောင်၊ သွေးခွဲခဲ့ကြသော်လည်း စည်းလုံးညီညွတ်စွာ ပြန်လည်တိုက်ထုတ်ခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးများ၏ လွတ်လပ်ရေးတိုက်ပွဲဝင်သမိုင်းတွင် ကချင်ပြည်နယ်မှ ဖုံကန်ဒူဝါနှင့် ဗိုလ်စော၊ ချင်းပြည်နယ်မှ ကွမ်ဘိနှင့် ရွှေချီးဖြူမင်းသား၊ ရှမ်းပြည်နယ်မှ ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ်နှင့် ဗိုလ်မင်းရောင်တို့သည် မော်ကွန်းဝင် ထွန်းပြောင်ခဲ့ကြပါသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် အချုပ်တန်းဆရာဖေ အစရှိသော မျိုးချစ်စာဆိုတော်ကြီးများကလည်း နှလုံးရည်တပ်သားကောင်းပီသစွာ ကလောင်လက်နက်ဖြင့် တိုက်ပွဲဝင်ခဲ့ကြပါသည်။

ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း ဖတပလ(ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး)၊ ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေး) စသည့် လွတ်လပ်ရေးတိုက်ပွဲဝင်အဖွဲ့ကြီးများတွင် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ တိုင်းရင်းသားများ စသည့် လုပ်သားပြည်သူအားလုံးသည် ကျွန်ဘဝမှ သခင်ဘဝသို့ ပြန်လည်ရောက်ရှိရေးအတွက် အသက်ကို မငဲ့ကွက်ဘဲ စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ခဲ့ကြပါသည်။

ထိုကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှု မြန်မာ့မျိုးချစ်ခေါင်းဆောင်များ၏ စွန့်လွှတ်စွန့်စား ရဲရင့်သော သံမဏိစိတ်ဓာတ်များကြောင့် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့ခြင်း ဖြစ်သည်။

- ❖ “လွတ်လပ်ရေး” ကို ပေးစေလိုဟု<br>ကြွေးငိုမြည်တ၊ တောင်းပန်ခ၍<br>ရခဲ့သည်လည်း၊ မဟုတ်ချေ။
- ❖ “လွတ်လပ်ရေး” ဟူ၊ ပိုင်လိုမူသော်<br>လွယ်ကူရော့အင့်၊ ဆုချီးမြှင့်၍<br>ပိုင်ခွင့်ရသည် မဟုတ်ချေ။
- ❖ “လွတ်လပ်ရေး” ဆို၊ ပန်းပွင့်ချိုနှယ်<br>အလိုအလျောက်၊ မြေမှပေါက်ကာ<br>ထမြောက်ခဲ့သည် မဟုတ်ချေ။
- ❖ “လွတ်လပ်ရေး” အတွက်၊ သွေးအသက်တို့<br>ပေးဆပ်ခဲ့ကြောင်း၊ တွက်ရေပေါင်းသော်<br>သွေးချောင်းပင်လယ် တမျှတည်း။
- ❖ လွတ်လပ်ရေးအတွက်၊ တွဲသောလက်တို့<br>မပျက်ခိုင်မြဲ၊ ရင်ဆိုင်နွှဲသည်<br>တိုက်ပွဲရာထောင်မကတည်း။
- ❖ လွတ်လပ်ရေးအတွက်၊ နာကြည်းချက်ဖြင့်<br>ချိန်းချက်တော်လှန်၊ တက်ခေါက်သံတို့<br>မိုးယံချဉ်းမျှ ညံဘိတည်း။

## လွတ်လပ်ခဲ့ပြီ မြန်မာပြည်

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် တိုင်းပြုပြည်ပြု လွှတ်တော်ရှေ့၌ ဗြိတိသျှယူနီယံဂျက်အလံကို ဖြုတ်ချခဲ့ကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို လွှင့်ထူခဲ့ကြသည်။ နံနက် ၄ နာရီ ၄၅ မိနစ်တွင် လွှတ်တော်အစည်းအဝေးခန်းမထဲ၌ နိုင်ငံတော်အာဏာလွှဲပြောင်းသည့် အခမ်းအနား ဆက်လက်ကျင်းပခဲ့ကြရာ တိုင်းပြုပြည်ပြုလွှတ်တော်က ယာယီပါလီမန်ဖြစ် ပေါ်လာခဲ့ပြီး ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က ယာယီသမ္မတ၊ ဦးနုက ယာယီဝန်ကြီးချုပ် ဖြစ်လာခဲ့ကြသည်။

နံနက် ၆ နာရီ မိနစ် ၃၀ တွင် အိမ်တော်၌ ဘုရင်ခံက အာဏာလွှဲပြောင်းပေးသည့် အခမ်းအနား ကျင်းပခဲ့ပြီး နံနက် ၈ နာရီ မိနစ်၂၀ တွင် အင်္ဂလိပ်ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်နှင့် ဇနီးတို့ ဘာမင်ဟန်သင်္ဘောဖြင့် မြန်မာပြည်မှ ပြန်လည်ထွက်ခွာသွားခဲ့ကြပါသည်။

*စာမျက်နှာ ၁၁ သို့*

**နိုင်ငံတော်၏ လွတ်လပ်ရေးကို မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ မျိုးဆက်သစ်များသို့ ငြိမ်းချမ်းရေးအမွေပေးအပ်နိုင်စေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က “လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခနဲ့ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေရဲ့အကျိုးကို ရှေးရှုငဲ့ကွက်ပြီး သက်ဆိုင်သူအားလုံးက ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေးကို (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကစပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နောင်မျိုးဆက်သစ်များကို ငြိမ်းချမ်းရေး အမွေပေးခဲ့ကြပါစို့” ဟု တိုက်တွန်းပြောကြား**

*စာမျက်နှာ ၁၀ မှ*

ထိုနေ့မှာပင် အပိုဒ် (၆) ပိုဒ်ပါသော **"လွတ်လပ်ရေးကြေညာစာတမ်း"** ကို ကမ္ဘာသိ ကြေညာခဲ့ပြီး လွတ်လပ်ရေး မော်ကွန်းကျောက်တိုင်ကို အုတ်မြစ်ချခဲ့ကြသည်။ ထိုလွတ်လပ်ရေး မော်ကွန်းကျောက်တိုင်ကို ၂၆-၁၁-၁၉၅၀ ရက်နေ့က မဟာဗန္ဓုလပန်းခြံထဲတွင် ဖွင့်လှစ်ခဲ့ပါသည်။

မြန်မာပြည်ကြီးကား လွတ်လပ်ရေးရခဲ့ပေပြီ။ သို့ရာတွင် လွတ်လပ်သော မြန်မာပြည်သည် ညီညွတ်ငြိမ်းချမ်းပါ၏လော။ အမှန်စင်စစ် ညီညွတ်ငြိမ်းချမ်းမှု မရှိသည့်အပြင် အယူဝါဒမျိုးမျိုးကို အခြေခံကာ ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းသူများ ပေါ်ပေါက်လာကာ တိုင်းပြည်သည် ဖရိုဖရဲနှင့် ပြိုကွဲလုမတတ် ယိုင်နဲ့ခဲ့ရသည်မှာ အကြိမ်ကြိမ် အခါခါကြုံကြိုက်ခဲ့ရပြီ ဖြစ်ပေသည်။

လွတ်လပ်ရေးရပြီး သုံးလခန့်အကြာတွင် ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်ပေါက်လာကာ လက်နက်ကိုင်တောခိုသွားခဲ့သည်။ ထို့ပြင် လွတ်လပ်ရေးအတွက် အတူတကွလက်တွဲကာ တိုက်ပွဲဝင်ခဲ့ကြသော တိုင်းရင်းသားခေါင်းဆောင်များသည် ဝါဒရေးရာအရလည်းကောင်း၊ လူမျိုးရေးဘာသာရေးအရလည်းကောင်း အယူအဆများ အမျိုးမျိုး ကွဲပြားကာ ရောင်စုံသောင်းကျန်းသူများအဖြစ် နိုင်ငံတော်ကို ဆန့်ကျင်ပုန်ကန်ခဲ့ကြလေသည်။

## လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ မဆုံးရှုံးစေရန်

တပ်မတော်သည် နိုင်ငံတော်ကို ပြိုကွဲအောင် ဖြိုခွဲလိုသူများ၏ အန္တရာယ်ရန်စွယ် အသွယ်သွယ်ကို အကြိမ်ကြိမ်အခါခါ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ရလေသည်။ ထိုသို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် အဓိကအားဖြင့် မြန်မာ့တပ်မတော်သည် အမြဲတစေ ရှေ့တန်းမှ မားမားမတ်မတ် ရပ်တည်ပြီး နိုင်ငံတော်ကို မပြိုကွဲစေလိုသည့် ဆန္ဒရှိသူများနှင့် ပူးပေါင်းလျက် ပြည်တွင်းသောင်းကျန်းမှု အစုစုကို စုပေါင်းတွန်းလှန် ချေမှုန်းခဲ့ရသည်။ ဥပမာအားဖြင့် ပြည်တွင်းသောင်းကျန်းသူဖြစ်သည့် ကေအင်ဒီအိုကြောင့် တစ်နိုင်ငံလုံးလိုလို သိမ်းပိုက်ခံထားရသဖြင့် ရန်ကုန်အစိုးရဟု ပြက်ရယ်ပြုခေါ်ဆိုခံရချိန်တွင် တပ်မတော်သားများအပြင် တက္ကသိုလ်ကျောင်းသားများ၊ ပြည်သူများကပါ ပူးပေါင်းပါဝင် တွန်းလှန်တိုက်ခိုက်ခဲ့ပေသည်။

ထို့ပြင် ၁၉၄၉ ခုနှစ်ကုန်ပိုင်းမှစ၍ မြန်မာ့ပိုင်နက်နယ်မြေကို ကျူးကျော်ဝင်ရောက်ခဲ့သော ကူမင်တန် တရုတ်ဖြူတပ်များကို မြန်မာ့တပ်မတော်သည် ပင်လုံစစ်ဆင်ရေး၊ ယုဇနစစ်ဆင်ရေး၊ ဘုရင့်နောင်စစ်ဆင်ရေး၊ ဆင်ဖြူရှင်စစ်ဆင်ရေး၊ ရန်ကြီးအောင်စစ်ဆင်ရေးတို့ဖြင့် စစ်ဆင်ရေးများ အကြိမ်ကြိမ်ဆင်နွှဲကာ တိုက်ထုတ်ခဲ့ရလေသည်။ ပြည်ပကျူးကျော်မှုများအပြင် ပြည်တွင်းသောင်းကျန်းမှုများကြောင့် လွတ်လပ်ရေးနှင့် နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးလာနိုင်ခြင်း မရှိစေရန်လည်း တပ်မတော်သည် တိုက်ပွဲကြီးများ အကြိမ်ကြိမ် ဆင်နွှဲကာ ချေမှုန်းတိုက်ခိုက်ခဲ့ရသည်။ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) တို့၏ အန္တရာယ်ရန်စွယ်ကို ရွှေလင်းယုန်စစ်ဆင်ရေး၊ မိုးဟိန်းစစ်ဆင်ရေး၊ အောင်စိုးမိုးစစ်ဆင်ရေး၊ လေးမာရ်အောင်စစ်ဆင်ရေး အစရှိသည့် စစ်ဆင်ရေးကြီးများဖြင့် တိုက်ပွဲကြီးပေါင်းများစွာကို ဆင်နွှဲကာ ချေမှုန်းခဲ့ရလေသည်။

ပြည်တွင်းသောင်းကျန်းမှုကို ချေမှုန်းတိုက်ခိုက်အောင်မြင်ခဲ့သော တိုက်ပွဲကြီးများတွင် ကွမ်လုံရက်လေးဆယ်တိုက်ပွဲ၊ စီစီဝမ်တာပန်၊ ပန်ဆိုင်း-ကြူကုတ်၊ ခြူးရွှေပန်ကောက်၊ မိုင်းယန်းအစရှိသော တိုက်ပွဲကြီးများ၊ နားဖော့ပါဂျို မဲသဝေါ၊ မဲလ၊ မော်ဖိုးကေ တိုက်ပွဲကြီးများသည် အထူးပင်ထင်ရှားလှပေသည်။ ဤသည်မှာ တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာမဆုံးရှုံးစေရန်၊ နိုင်ငံ မပြိုကွဲစေရန်အတွက် စစ်ရေးနည်းဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ခြင်းပင် ဖြစ်ပေသည်။

## နိုင်ငံရေးနည်းလမ်းဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း

နိုင်ငံတော်တွင် အရေးကြုံတိုင်း နိုင်ငံ့အန္တရာယ် ရန်စွယ်မှန်သမျှ မဆိုင်းမတွ ကာကွယ်ရသည်မှာ တပ်မတော်ပင်ဖြစ်လေသည်။ ၁၉၅၈ ခုနှစ်တွင် ထိုစဉ်က အုပ်ချုပ်ခဲ့သော အစိုးရအတွင်း စိတ်သဘောထားကွဲလွဲမှုများ၊ မညီညွတ်မှုများကြောင့် တပ်မတော်သည် တာဝန်အရ အိမ်စောင့်အစိုးရအဖြစ် ဆောင်ရွက်ပေးခဲ့ရသည်။ ၁၉၆၂ ခုနှစ်တွင်လည်း နိုင်ငံတော်၏ အခြေအနေအရပ်ရပ် ယိုယွင်းလာသည့်အပြင် တိုင်းပြည်ပြိုကွဲမည့် အရိပ်အငွေ့များဖြစ်ပေါ်လာသဖြင့် တပ်မတော်က အချိန်မီ နိုင်ငံတော် အာဏာသိမ်းကာ တိုင်းပြည်ကို ကယ်တင်ခဲ့ရသည်။ ၁၉၈၈ ခုနှစ်တွင် မြေပေါ်မြေအောက် အဖျက်သမားများနှင့် ပြည်တွင်းပြည်ပမှ တိုင်းပြည်ပြိုကွဲပျက်စီးစေလိုသူများ၏ သွေးထိုးလှုံ့ဆော်မှု၊ လုပ်ကြံဝါဒဖြန့်မှုများကြောင့် မင်းမဲ့စရိုက်များလွှမ်းမိုးလာကာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်လာစေသဖြင့် တပ်မတော်ကပင် နိုင်ငံတော်အာဏာကို သိမ်းယူကာ တိုင်းပြည်ကို ကယ်တင်ခဲ့ရပြန်သည်။



(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ငြိမ်းချမ်းရေးချိုးဖြူငှက် ၇၅၀ ကို လွှတ်ကြစဉ်။

ထိုမှတစ်ဖန် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပသော အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ ကိန်းဂဏန်းကြီးမားစွာ မှားယွင်းမှုများကြောင့် အငြင်းပွားမှုများ၊ မကျေနပ်မှုများ ပေါ်ပေါက်နေချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုများကြောင့် တပ်မတော်ကပင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ တိုင်းပြည်ကို ခေတ္တထိန်းသိမ်းစောင့်ရှောက်ခဲ့ရလေသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ် (၅) ရပ် ဦးတည်ချက် (၉) ရပ် ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ နိုင်ငံသားတိုင်း ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော် တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက်လည်း ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်မှု ရရှိအောင် ကြိုးပမ်းလုပ်ဆောင်နေခြင်းဖြစ်သည်။

အဆိုပါ ရည်မှန်းချက်အောင်မြင်စေရန်အတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ခြင်းသည် လွန်စွာအရေးကြီးလှပေသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက် နိုင်ပေလိမ့်မည်။ ထို့ပြင် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဖော်ဆောင်နိုင်ပေလိမ့်မည်။

ထိုသို့ ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ခိုင်မာစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းကို စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က **"ကျွန်တော်တို့ အစိုးရအနေနဲ့ နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် အသင့်လျော်ဆုံး နိုင်ငံရေးရည်မှန်းချက် ၂ ရပ်ကို ချမှတ်ခဲ့ပါတယ်။ ဒီနိုင်ငံရေး ရည်မှန်းချက် ၂ ရပ်က စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးတို့ဖြစ်ပြီး ကျွန်တော်တို့ အနေနဲ့ ခိုင်မာစွာ အာမခံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတယ်"** ဟူ၍ မိန့်ကြားခဲ့ပေသည်။

## လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်နိုင်ရန်

လွတ်လပ်ရေးဆိုသည်မှာရှိနေစဉ် မသိသာလှသော်လည်း လွတ်လပ်ရေးမရှိသည့်အခါ အလွန်ပင် သိသာလှပေသည်။ ကိုယ့်ခြံ၊ ကိုယ့်အရိပ်၊ ကိုယ့်အိမ်တွင် ကိုယ်မနားရခြင်း၊ ကိုယ့်ဆန် ကိုယ့်ထမင်း၊ ကိုယ့် ဟင်းကိုပင်ကိုယ်မစားရခြင်း၊ သူတစ်ပါးပြုသမျှ နုရလေခြင်း ဟူသော အဖြစ်အပျက်များပေါ်ပေါက်လာပေလိမ့်မည်။ လွတ်လပ်ရေးဟူသည် ဆုံးရှုံးဖို့လွယ်ကူသလောက် ပြန်လည်ရရှိဖို့ ခက်ခဲလှပေသည်။ မြန်မာနိုင်ငံသည် ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးရရှိဖို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နှစ်ပေါင်းများစွာ တိုက်ပွဲဝင်တော်လှန်ခဲ့ရသည်။ အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ကြရသည်။ ထို့ကြောင့် လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေး၏ အနှစ်သာရကို မြန်မာပြည်သူတိုင်း အလေးဂရုပြုကာ အမြတ်တနိုးရှိနေပါမှ တော်ကာတန်ကာကျပေလိမ့်မည်။

ထို့ကြောင့်ပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို သမိုင်းဝင်၊ သမိုင်းတွင်လောက်အောင် ခမ်းနားကြီးကျယ်စွာ ကျင်းပပေးခဲ့ခြင်းဖြစ်လေသည်။ အခမ်းအနားစတင်သည်နှင့် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ချိုးဖြူငှက် ၇၅၀ လွှတ်တင်သည်။ ဤအခမ်းအနားကြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကို စစ်ရေးပြမှူးကြီး ဦးဆောင်သည့် နိုင်ငံတော်အလံအဖွဲ့၊ တပ်မတော် (ကြည်း) အလံတော်အဖွဲ့၊ တပ်မတော် (ကြည်း) ကိုယ်စားပြုတပ်ခွဲ၊ ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲတို့က တပ်ရင်း (၁) အဖြစ် အပါအဝင် တပ်ရင်း (၉) ရင်းက ချီတက်အလေးပြုကြသည်။

ထိုသို့အလေးပြုနေစဉ် တပ်မတော် ရဟတ်ယာဉ်များနှင့် အမျိုးအစားစုံလင်လှသော တိုက်ခိုက်ရေးလေယာဉ်၊ ဂျက်လေယာဉ်များက အုပ်စုဖွဲ့ပျံသန်းကာ အလေးပြုကြသည်။ ထိုသို့ အလေးပြုပြီးသည့်နောက် လေထီးအရာရှိ စစ်သည်၊ စစ်သမီးနှင့် အခြားအဆင့် လေထီးစစ်သည်၊ စစ်သမီး စုစုပေါင်း ၇၅ ဦးတို့က ဝေဟင်အမြင့်ပေ ၇၅၀၀ မှ အလွတ်ခုန်၍ တပ်မတော်အလံ၊ ကြည်း၊ ရေ၊ လေ အလံများ၊ ဝန်ကြီးဌာနကိုယ်စားပြုအလံများ၊ ကာကွယ်ရေးအလံနှင့် ရောင်စုံအလံများ ချိတ်ဆွဲသယ်ဆောင်ကာ ဝေဟင်ထက်မှ မြေပြင်သို့ ဆင်းသက်၍ ချီတက်အလေးပြုကြသည်။ ထို့နောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုယာဉ်ဖြင့်လည်းကောင်း၊ ဘုရင်၊ အိမ်ရှေ့စံ၊ မိဖုရားများ၊ သားတော်၊ သမီးတော်များ၊ ရံရွှေတော်များ၊ ဝန်ကြီးများ၊ ပညာရှိအမတ်များ၊ စစ်သူကြီးများ၊ သူဌေးသူကြွယ်များ၊ ဆွေမျိုးတော်များ၊ ဆင်မြင်းဗိုလ်ပါ မှူးမတ်များနှင့် ရဲမက်တော်များပါဝင်သည့် ရာဇာဝင်းခင်း၍လည်းကောင်း ချီတက်အလေးပြုကြသည်။

ထို့နောက် တစ်ဖန်တပ်မတော်၏ ခေတ်အဆက်ဆက်ကို ဖော်ညွှန်းသည့် တပ်ခွဲများဖြစ်သော BIA, BDA, BNA, PBF, BA ၊ ဘယ်ရီတပ်ခွဲ၊ ပွိုင့် ၃၀၃ တပ်ခွဲ၊ ၅၂ စတင်း တပ်ခွဲတို့နှင့်အတူ တပ်မတော် ကြည်း၊ ရေ၊ လေ ဂုဏ်ပြုယာဉ်များက အသီးသီးချီတက်အလေးပြုကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ ထင်ရှားသည့် အထိမ်းအမှတ်များ၊ လူနေမှုစရိုက်လက္ခဏာများ၊ ဓလေ့ထုံးတမ်း အစဉ်အလာများနှင့် ထုတ်ကုန်များကို သရုပ်ဖော်ပြသထားသည့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများမှ ဂုဏ်ပြုယာဉ်များကလည်း ထူးခြားလှပဆန်းကြယ်သော *စာမျက်နှာ ၁၂ သို့*

# ခေတ်မီသည့်လက်ရက်ကန်းနှင့် သဘာဝဆိုးဆေးသင်တန်း ကျေးရွာအရောက် အခမဲ့ဖွင့်လှစ်ပေး

**မကွေး ဇန်နဝါရီ ၂၄**

၂၀၂၃ ခုနှစ် ပြည်ထောင်စုနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်ပို့ချသည့် သဘာဝဆိုးဆေး သင်တန်းနှင့် လက်ရက်ကန်းကာလတိုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက်က မင်းလှမြို့နယ် ကိုင်းငယ်လေးကျေးရွာ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုဖွင့်လှစ်သည့် သဘာဝဆိုးဆေးသင်တန်းနှင့် လက်ရက်ကန်းကာလတို သင်တန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေမှ ငွေကျပ် ၈၅ သိန်းကျော်ခန့် အကုန်အကျခံ၍ အခမဲ့ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ရက်ကန်းလုပ်ငန်းကို ရှေးအစဉ်ကတည်းက တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြပြီး မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများမှာ ဒေသရက်ကန်းစင်များဖြင့် ရက်ကန်းလုပ်ငန်းဆောင်ရွက်နေမှုများကိုတွေ့ရပြီး ခေတ်မီသည့်လက်ရက်ကန်းနှင့် သဘာဝဆိုးဆေးသင်တန်းအား ကျေးရွာအရောက် အခမဲ့ဖွင့်လှစ်ပေးခြင်းနှင့်သင်တန်းဆင်းသင်တန်းသူများအား လက်ရက်ကန်းစင်တစ်ခုစီကို ထောက်ပံ့ပေးအပ်မည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် ရက်ကန်းပညာရပ်များ ကျွမ်းကျင်သည့် သင်တန်းကျောင်းများမှ ဆရာမများ ကိုယ်တိုင်ဘာသာရပ် ခုနစ်ခုကို စာတွေ့လက်တွေ့ သင်ကြားပြသမည်ဖြစ်ပြီး သင်တန်းဆင်းပြီး ပခုက္ကူရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းရှိ စက်ရက်ကန်းများနှင့် လွန်းမဲ့စက်ရက်ကန်းများကို လေ့လာသင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချပေးသည့်နည်းပညာများနှင့် မိမိတို့ကိုယ်ရည်ကိုယ်သွေး အကြံဉာဏ်များအား ပေါင်းစပ်ကာ အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေဖော်ထုတ်မည်ဖြစ်ကြောင်း သိရသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသူများအား လက်ရက်ကန်းစင်များကို ထောက်ပံ့ပေးအပ်ခဲ့ပြီး သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

**မောင်ညီညာ**

---

*စာမျက်နှာ ၆ မှ*

ဆက်လက်၍ "နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် 'တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်သွားမည်' ဆိုသည့် ဦးတည်ချက်နှင့်အညီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ယခုဆက်လက်၍လည်း လက်တွေ့ကျသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ယန္တရားများအား နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ တစ်နှစ်တာကာလ ထပ်မံတိုးမြှင့်ရပ်စဲပေးထားပါသည်။

**တက်ညီလက်ညီဆောင်ရွက်ရန်လို**

"နိုင်ငံတော်၏ကောင်းကျိုးကို ဆောင်ရွက်ကြရာတွင် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်မရနိုင်ဘဲ တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသော ပေါင်းစုအင်အားဖြင့် တက်ညီလက်ညီဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ကချင်ပြည်နယ်အတွင်း သက်ဆိုင်သူများအားလုံးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို တိုက်တွန်းမှာကြားလိုပါသည်" စသည်ဖြင့် ဖော်ပြခဲ့သည်။

ထိုနည်းတူ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပသည့် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ကယားပြည်နယ်သည် သဘာဝက ဖန်တီးပေးထားသည့် သဘာဝသယံဇာတအခြေခံကောင်းများစွာ ရှိနေပြီးဖြစ်၍ မျက်မှောက်ကာလတွင် တည်ရှိပြီးသား သဘာဝအလှတရားများနှင့် သယံဇာတထွက်ကုန်များကို ထိထိရောက်ရောက်အသုံးချကာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ပါသည်" ဟူ၍လည်းကောင်း၊

**ပဋိပက္ခများ၏ အကျိုးဆက်များကိုခံစား**

"လက်နက်ကိုင်ပဋိပက္ခများရှိနေသည့် ဒေသများတွင် ပဋိပက္ခများ၏ အကျိုးဆက်များကို ယင်းဒေသမှပြည်သူများ တိုက်ရိုက်ခံစားနေကြပြီး ကျန်ပြည်သူများက သွယ်ဝိုက်၍ ခံစားနေကြရပါသည်။ လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် လူ့အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အတားအဆီးဖြစ်စေရုံသာမက ကလေးငယ်များ၏ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုများကိုလည်း ခက်ခဲစေပြီး ပဋိပက္ခများကြောင့် စီးပွားရေးကျဆင်းကာ ဆင်းရဲမှုနှုန်း မြင့်တက်စေခြင်းမှာ နိုင်ငံ၏အနာဂတ်အတွက် ရင်လေးဖွယ်ရာဖြစ်သည်ကို သတိထားလုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားလိုပါသည်"ဟူ၍လည်းကောင်း ဖော်ပြခဲ့သည်။

သို့ဖြစ်ရကား (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့နှင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားအပေါင်းသည် ကုန်လွန်ခဲ့သည့် သမိုင်းအတွေ့အကြုံများ၊ သမိုင်းသင်ခန်းစာများကို အလေးအနက်ရှုမြင်သုံးသပ်ဆင်ခြင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးတို့အတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး အေးအတူပူအမျှ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

---

*စာမျက်နှာ ၁၁ မှ*

သရုပ်ဖော်မှုများဖြင့် ချီတက် သရုပ်ပြဖျော်ဖြေတင်ဆက်ကြရာ ကြည့်ရှုရသူတိုင်း အံ့သြ ဘနန်း ဝမ်းမြောက်ပီတိဖြစ်မိကြလေသည်။

ထို့ပြင် ယန္တရားစစ်ကြောင်းမှူး ဦးဆောင်၍ တပ်ခွဲပေါင်းစုံတို့၏ ချီတက်အလေးပြုခြင်းသည်လည်း စိတ်ခွန်အားတက်ကြွဖွယ်ကောင်းလွန်းလှပေသည်။ အခမ်းအနားသို့ တက်ရောက်သူအားလုံး ရင်ခုန်စိတ်လှုပ်ရှားရသည်ကတော့ တပ်မတော်လေ၏ ဂျက်တိုက် လေယာဉ်များက အဝါရောင်၊ အစိမ်းရောင်၊ အနီရောင် Smoke Trail များထုတ်လွှတ်၍ ပျံသန်းခြင်းနှင့် SU-30 ဘက်စုံသုံး အကြီးစား တိုက်လေယာဉ် နှစ်စင်းနှင့် MIG 29 ဘက်စုံသုံးတိုက်လေယာဉ် နှစ်စင်းတို့က Composite Box Formation ဖြင့် အုပ်စုဖွဲ့ ပျံသန်းခြင်း၊ SU-30 ဘက်စုံသုံး တိုက်လေယာဉ်တစ်စင်းက တိုက်လေယာဉ်များ၏ အဆင့်မြင့် လှုပ်ရှားစစ်ကစားမှု (High Performance Maneuver) များကို စွမ်းရည်ပြသခြင်းများပင် ဖြစ်ပေသည်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကား ခံ့ညားထည်ဝါလွန်းလှသည်။ အဘက်ဘက်မှ ပြည့်စုံလွန်းလှသည်။ အကြားအလပ်မရှိအောင်၊ ဒေါင့်စေ့အောင် ကြိုတင်ပြင်ဆင်မှု၊ အထပ်ထပ်အခါခါ စိစစ်ညွှန်ကြားမှုပြုခဲ့သဖြင့်လည်း ဤမျှထူးခြားတင့်တယ်ခံ့ညားလှသော အခမ်းအနားတစ်ရပ်အဖြစ် သမိုင်းဝင်ကျန်ရစ်ခဲ့ခြင်းဖြစ်ပေသည်။

**ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်**

ဤစိန်ရတုလွတ်လပ်ရေးနေ့၏ ထူးခြားချက်ကား မြန်မာ့လွတ်လပ်ရေးစတင်ရရှိခဲ့သည့် ၁၉၄၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခဲ့ကြသူများအား နိုင်ငံတော်က ဘွဲ့ထူးဂုဏ်ထူးများကို ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးခဲ့ခြင်းပင် ဖြစ်လေသည်။ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခဲ့ကြသူများဟုဆိုရာတွင် တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများကိုသာ ဆိုလိုခြင်းမဟုတ်ပေ။ ဘက်စုံကဏ္ဍစုံတွင် တာဝန်ကျေပွန်ခဲ့ကြသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် အစရှိသည့် အနုပညာရှင်များ၊ ရပ်ကွက်ကျေးရွာအဆင့်အထိ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကိုပါ ချီးမြှင့်ခဲ့ခြင်းဖြစ်ပေသည်။

ထိုသို့ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှောက်ရာတွင် ယခင်ခေတ်ကာလအဆက်ဆက်နှင့်မတူညီသော ချီးမြှောက်မှုများကို တွေ့ရှိရပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် စိန်ရတုလွတ်လပ်ရေးနေ့ ကာလအထိ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခဲ့သူများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာဝပြောရေးအတွက် နိုင်ငံ့တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ရာတွင် မိမိတို့အစိုးရကာလအတွင်း ဆောင်ရွက်သူများကိုသာမကဘဲ ယခင်ခေတ်အဆက်ဆက်က ဆောင်ရွက်ခဲ့သူများကိုပါ တလေးတစား တန်ဖိုးထားကာ ချီးမြှောက်ဂုဏ်ပြုခြင်းပင်ဖြစ်ပါသည်။ ပို၍ထူးခြားသည်ကား ယနေ့ကာလတွင် အသက်ခန္ဓာရှင်သန်ခြင်း မရှိတော့သည့် ပုဂ္ဂိုလ်များကိုပါ မေ့လျော့ချန်ထားခြင်းမရှိဘဲ စွမ်းဆောင်ရည်ရှိလျှင် ရှိသလို ချီးမြှင့်ဂုဏ်ပြုခြင်းပင်ဖြစ်ပေသည်။ ထို့ကြောင့်လည်း ကွယ်လွန်သွားခဲ့ပြီးသူတို့၏ မျိုးဆက်များမှာ မိမိတို့ မိခင်ဖခင်အတွက်၊ မိမိတို့ အဘိုးအဘွားအတွက် ဂုဏ်ယူဝမ်းသာ ပီတိဖြာခဲ့ကြရပေတော့သည်။

စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားပွဲသဘင်ကြီးကား အောင်မြင်ပြီးမြောက်ခဲ့ပေပြီ။ ထိုအခမ်းအနား ပွဲသဘင်ကြီးသို့ တက်ရောက်ခွင့်ရရှိခဲ့သူများ၊ တက်ရောက်ခွင့်မရသော်လည်း တီဗွီရုပ်မြင်ဖန်သားပြင်မှ ကြည့်ရှုလိုက်ရသူများအားလုံးကတော့ ထိုအခမ်းအနားကြီးအကြောင်းကို တသသပြောဆိုကြ၊ အံ့သြချီးမွမ်းကြပင် ရှိနေပါသေးသည်။ အခမ်းအနားသို့ တက်ရောက်နိုင်ခဲ့ခြင်းမရှိသည့် သက်ရွယ်ကြီးရင့်သူများ၊ ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်ခံရသော်လည်း သက်ရှိထင်ရှားမရှိတော့သော ပုဂ္ဂိုလ်တို့၏ ဇနီး၊ ခင်ပွန်းများ၊ သားသမီးမြေးများ အစရှိသည့် အမွေဆက်ခံသူများထံသို့ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တာဝန်ရှိသူအကြီးအကဲများက အိမ်တိုင်ရာရောက်သွားရောက်ကာ ဘွဲ့တံဆိပ်များ ပေးအပ်နေပုံ၊ လက်ခံယူသူတို့၏ ဝမ်းသာပီတိဖြစ်ကြရပုံများကိုလည်း ယနေ့တိုင် တီဗွီရုပ်မြင်ဖန်သားပြင်တွင် ကြည့်ရှုနေသည်မှာ အလွန်တရာ မင်္ဂလာရှိလှပေသည်။

**ရှေ့ဆက်ညီညွတ် အောင်ပန်းဆွတ်စို့**

နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်ရေး၏ အနှစ်သာရ၊ လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေး၏ ကျေးဇူးဂုဏ်ကို ပြည်သူအများလေးနက်စွာ ခံစားရှုမြင်နိုင်စေရေးအတွက် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ပွဲကြီးကို ဂုဲချီးဆင်ယင် သဘင်ထွတ်မြတ်ခေါ်ဆိုအပ်သည်အထိ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ပေသည်။ ပြည်သူများအနေဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးကို မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ မျိုးဆက်သစ်များသို့ ငြိမ်းချမ်းရေးအမွေ ပေးအပ်နိုင်စေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခနဲ့ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေရဲ့အကျိုးကို ရှေးရှုငဲ့ကွက်ပြီး သက်ဆိုင်သူအားလုံးက ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေးကို (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကစပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နောင်မျိုးဆက်သစ်များကို ငြိမ်းချမ်းရေး အမွေပေးခဲ့ကြပါစို့"** ဟု တိုက်တွန်းပြောကြားခဲ့ပေသည်။

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်က **"(၇၅) နှစ်မှသည် နှစ် ရာ၊ ထောင်မက ကမ္ဘာတည်သရွေ့ နိုင်ငံတော်ကြီး ဝင့်ကြွားစွာ ထာဝရတည်တံ့နေဖို့ ကျွန်တော်တို့အားလုံး နိုင်ငံချစ်စိတ်၊ မြန်မာစိတ်နဲ့ ကြိုးစားလုပ်ဆောင်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ "ကမ္ဘာတည်သရွေ့၊ မြန်မာတည်ရှိ ရပါမယ်"** ဟု မိန့်ကြားခဲ့သည့်အတိုင်း ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးကလည်း နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်စေရန်၊ ထာဝရငြိမ်းချမ်းရေးရရှိစေရန်နှင့် ကမ္ဘာအရှည်တည်သရွေ့လွတ်လပ်သော မြန်မာပြည်ဟော့...ဟု ဂုဏ်ယူစွာ ကြွေးကြော်နိုင်ရန်အတွက် စည်းလုံးညီညွတ်စွာဖြင့် အောင်မြင်မှုပန်း ဆွတ်လှမ်းနိုင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

# အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ လူခုနစ်ဦးသေဆုံး

**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၂၄**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်း၌ ဇန်နဝါရီ ၂၃ ရက်က သေနတ်ပစ်ခတ်မှုနှစ်ခုဖြစ်ပွားခဲ့ရာ လူခုနစ်ဦး သေဆုံးခဲ့ပြီး တစ်ဦးမှာ အပြင်းအထန်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြခဲ့သည်။

သေနတ်ပစ်ခတ်မှုများသည် ဆန်ဖရန်စစ္စကို တောင်ဘက် ကီလိုမီတာ ၅၀ ခန့်အကွာ မြောက်ပိုင်း ကယ်လီဖိုးနီးယားကမ်းရိုးတန်းမြို့ဖြစ်သည့် ဟာ့ဖ်မွန်းဘေးတွင် ဖြစ်ပွားခဲ့သည်။

သေနတ်ပစ်ခတ်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရသေးကြောင်း သိရသည်။

ယခင်ကဖြစ်ပွားခဲ့သည့် လူအများအပြားသေဆုံးခဲ့သည့် သေနတ်ပစ်ခတ်မှုတွင် သံသယတရားခံဖြစ်သူ အသက် ၆၇ နှစ်ရှိ လူတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သက်ဆိုင်ရာက တွစ်တာပေါ်တွင် ဖော်ပြထားသည်။

ယခုဖြစ်စဉ်တွင် သံသယရှိသူကို ဖမ်းဆီးထားပြီဖြစ်ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။(ယာပုံ)

မွန်ထရီပွဲခ်သေနတ်ပစ်ခတ်မှုဖြစ်ပြီး သိပ်မကြာမီမှာပင် ယခုလို သေနတ်ပစ်ခတ်မှုထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**





လာအိုနိုင်ငံ ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် နေရာတစ်ခုဖြစ်သည့် လွမ်ပရာဘန်းမြို့၌ ခရီးသွားများ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။

# ယခုနှစ်တွင် ပြည်တွင်းနှင့် ပြည်ပခရီးသွားဧည့်သည် ၁ ဒသမ ၄ သန်းအထိ လာရောက်လိမ့်မည်ဟု လာအို မျှော်မှန်း

**ဗီယင်ကျန်း ဇန်နဝါရီ ၂၄**

လာအိုနိုင်ငံသည် ယခုနှစ်တွင် ပြည်တွင်းနှင့် ပြည်ပခရီးသွားဧည့်သည် ၁ ဒသမ ၄ သန်းအထိ လာရောက်လိမ့်မည်ဟု မျှော်မှန်းထားပြီး အဆိုပါ ခရီးသွားများထံမှ ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၃၄၀ ကျော် လက်ခံရရှိရန် မျှော်လင့်ထားကြောင်း သိရသည်။

ထို့ကြောင့် ခရီးသွားလုပ်ငန်းများ အားကောင်းလာစေရန်၊ ဒေသဆိုင်ရာ အခြေခံအဆောက်အအုံများကို တိုးတက်ကောင်းမွန်အောင် ပြုပြင်မွမ်းမံရန်နှင့် ခရီးသွားလုပ်ငန်းထုတ်ကုန်အသစ်များကို ဖန်တီးရန် ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး ဆူနာဆာဗန် ဗင်နာခက်က သက်ဆိုင်ရာ တာဝန်ရှိသူများကို တိုက်တွန်းထားသည်။

ထို့ပြင် ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ခရီးသွား နေရာများကို မြှင့်တင်ပြီး ဟိုတယ်များနှင့် တည်းခိုခန်းများကို အာဆီယံစံချိန်စံညွှန်းများနှင့်အညီ တိုးတက်ကောင်းမွန်အောင် ပြုပြင်မွမ်းမံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှစ်ရက်ကြာပြုလုပ်သည့် အစည်းအဝေးတွင် ဝန်ကြီး ဆူနာဆာဗန် ဗင်နာခက်က ပြောသည်။

လာအိုလေကြောင်းလိုင်းသည် တရုတ်ခရီးသွားများကို လက်ခံကြိုဆိုရန် တိုးချဲ့ပြေးဆွဲလျက်ရှိကြောင်း၊ လက်ရှိတွင် လာအိုနိုင်ငံ၏ မြို့တော်ဗီယင်ကျန်းမှ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ် ကူမင်းမြို့သို့ တစ်ပတ်လျှင် သုံးကြိမ် ပျံသန်းပြေးဆွဲလျက်ရှိသည်။ ထို့ပြင် ဗီယင်ကျန်းမှ ကွေ့ကျိုး၊ ရှန်ဟိုင်း၊ ချန်ဒူ၊ ချန်ကျို့၊ ဟန်ကျို့မြို့တို့သို့ ထပ်မံတိုးချဲ့ ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# သီရိလင်္ကာအလုပ်သမား ၂၀၀၀၀၀ အထိ ဆော်ဒီအာရေဗျနိုင်ငံက အလုပ်အကိုင်အခွင့်အလမ်းပေးမည်

**ကိုလံဘို ဇန်နဝါရီ ၂၄**

ဆော်ဒီအာရေဗျနိုင်ငံသည် ယခုနှစ်တွင် သီရိလင်္ကာအလုပ်သမား ၂၀၀၀၀၀ အထိ အလုပ်အကိုင်အခွင့်အလမ်း ပေးသွားမည်ဖြစ်ကြောင်း သီရိလင်္ကာအလုပ်သမားနှင့် နိုင်ငံခြားရေးရာအလုပ်အကိုင်ဝန်ကြီး မာနူရှာနာနေယာကာရာက ဇန်နဝါရီ ၂၄ ရက်က ပြောသည်။

၂၀၂၂ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသား ၅၄၀၀၀ ကို ဆော်ဒီအာရေဗျနိုင်ငံက အလုပ်ခန့်အပ်ခဲ့ကြောင်းနှင့် ၂၀၂၂ ခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံသား ၃၀၀၀၀၀ ကျော် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်ရန် နိုင်ငံမှ ထွက်ခွာသွားခဲ့ပြီး အများစုမှာ အရှေ့အလယ်ပိုင်းသို့ ထွက်ခွာသွားကြကြောင်း ဝန်ကြီး နာနေယာကာရာက မီဒီယာသို့ ပြောသည်။

အဆိုပါ အလုပ်သမားများမှ သီရိလင်္ကာနိုင်ငံသို့ လွှဲပြောင်းပေးငွေသည် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ အဓိကရရှိသည့် ရင်းမြစ်များထဲမှ တစ်ခုဖြစ်သည်ဟု ဆိုသည်။

၂၀၂၂ ခုနှစ်တွင် ပြည်ပရောက် ရွှေ့ပြောင်းသီရိလင်္ကာအလုပ်သမားများ၏ လွှဲပြောင်းပေးငွေသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံဝန်းကျင်ရှိကြောင်း ဗဟိုဘဏ်က ထုတ်ပြန်သော အချက်အလက်အရ သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ကပ်ရောဂါ ပြီးဆုံးရန် အလှမ်းကွာဝေးနေသေးကြောင်း ထိပ်တန်းကူးစက်ရောဂါဆိုင်ရာ ပညာရှင်ပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၂၄

**အင်န်အိတ်ချ်ကေနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ယခင်အိမ်ဖြူတော် ထိပ်တန်းကူးစက်ရောဂါဆိုင်ရာ ပညာရှင်ဖြစ်သူ ဖော်စီ(အောက်ပုံ)က ကမ္ဘာကြီးအနေဖြင့် ကူးစက်ရောဂါဆိုင်ရာ ခုခံကာကွယ်မှုများကို မလျှော့ချသင့်ကြောင်း သတိပေးပြောကြားလိုက်သည်။**

**သေဆုံးအရေအတွက်မြင့်နေ**

ကူးစက်ရောဂါနှင့် ပတ်သက်ပြီး လွန်ခဲ့သော တစ်နှစ် သို့မဟုတ် နှစ်နှစ်နှင့် နှိုင်းယှဉ်ပါက ယခုလက်ရှိတွင် အခြေအနေပိုမိုကောင်းမွန်လျက် ရှိသော်လည်း မိမိတို့အနေဖြင့် သိသာသည့် ကူးစက်ဖြစ်ပွားမှုများ ရှိနေသေးကြောင်း၊ ဆေးရုံတက်ရောက်ရသည့် အရေအတွက်နှင့် သေဆုံးသည့် အရေအတွက်မြင့်နေသေးကြောင်း သတိပေးပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့က ကိုဗစ်-၁၉ ကို နိုင်ငံတကာစိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေအဖြစ် ကြေညာခဲ့သည်မှာ သုံးနှစ်ပြည့်တော့မည်ဖြစ်ကြောင်း၊ သို့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါသည် ပြီးဆုံးရန် အလှမ်းကွာဝေးနေသေးကြောင်း ဖော်စီက ပြောခဲ့သည်။



**အပိုဆောင်းဆေးထိုးထားရန်**

ထို့ပြင် အစိုးရများသည် ၎င်းတို့၏ နိုင်ငံသားများကို နောက်ဆုံးအကြိမ် ကိုဗစ်-၁၉ အပိုဆောင်း ကာကွယ်ဆေးများ ထိုးထားပေးရန် အားသွန်ခွန်စိုက်လုပ်ဆောင်သင့်ကြောင်း ဖော်စီက ပြောသည်။

ရောဂါသစ်၏ ထာဝရစိန်ခေါ်မှုကို ရင်ဆိုင်နိုင်ရန် ထာဝရ ပြင်ဆင်ထားဖို့ လိုအပ်ကြောင်း ဖော်စီက ဆက်လက်ပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**

# အအေးဆုံးလေထု အရှေ့အာရှနိုင်ငံများကို တိုက်ခတ် တရုတ်နှင့် တောင်ကိုရီးယားတို့၌ အပူချိန် ရုတ်တရက်ထိုးကျ

**ပေကျင်း ဇန်နဝါရီ ၂၄**

အေးခဲရာသီချိန်၌ အအေးဆုံးလေထုသည် အရှေ့အာရှနိုင်ငံများကို တိုက်ခတ်ပြီးနောက် တရုတ်နိုင်ငံနှင့်တောင်ကိုရီးယားနိုင်ငံ ဒေသအများအပြား၌ အပူချိန် ရုတ်တရက်ထိုးကျခဲ့သည်။

တရုတ်နိုင်ငံ ဟေလောင်ကျန်ပြည်နယ်အရှေ့မြောက်ပိုင်း၌ လွန်ခဲ့သော နှစ်ရက်က အပူချိန်သည် အနုတ် ၅၃ ဒီဂရီဆဲလ်စီးယပ်ရှိပြီး တရုတ်နိုင်ငံ၏ အအေးဆုံးဖြစ်ခဲ့ကြောင်း တရုတ်မီဒီယာက ဖော်ပြခဲ့သည်။

ပေကျင်း၌ ဇန်နဝါရီ ၂၄ ရက်က ရာသီဥတုကြည်လင်လျက်ရှိသော်လည်း နံနက်ပိုင်း အပူချိန်သည် အနုတ် ၁၃ ဒီဂရီဆဲလ်စီးယပ်သို့ ကျဆင်းခဲ့သည်။ ခါးသီး သောအအေးဒဏ်ကြားတွင် ပြည်သူများ ဦးထုပ်များ ဆောင်းထားကြသည်။

ပြင်းထန်သော အအေးဒဏ်ကို ကာကွယ်ရန် ပြည်သူများကို အရာရှိများက တိုက်တွန်းထားသည်။

ထို့အတူ တောင်ကိုရီးယားဒေသအများအပြားတွင်လည်း အအေးထုလွှမ်းခြုံလျက်ရှိရာ ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက မြို့တော်ဆိုးလ်၌ အပူချိန်သည် အနုတ် ၁၆ ဒသမ ၄ အထိ ကျဆင်းခဲ့သည်။

ဆီးနှင်းများနှင့် လေပြင်းများကြောင့် တောင်ပိုင်း ဂျေဂျူးကျွန်းရှိ လေယာဉ်ခရီးစဉ်အားလုံးကို ဇန်နဝါရီ ၂၄ ရက်က ရပ်တန့်ခဲ့ရသည်။

ဝန်ကြီးချုပ် ဟန်ဒက်ဆိုးသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အေဂျင်စီအားလုံးကို ဘေးကင်းလုံခြုံရေးအစီအမံများ ဆောင်ရွက်ထားရန် ဇန်နဝါရီ ၂၃ ရက်ညက တိုက်တွန်းပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

○ *ကျောဖုံးမှ*

မြေပြင်စစ်ဆေးတွေ့ရှိချက်များအရ ၂၀၂၂ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း NUG/PDF အကြမ်းဖက်သမားများနှင့် KIA သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ မီးရှို့ဖျက်ဆီးခဲ့သည့် ကျေးရွာပေါင်း ၂၂ ရွာနှင့် မီးလောင်မှု ၂၃ ကြိမ်ရှိခဲ့ပြီး အပြစ်မဲ့ပြည်သူများ၏ နေအိမ် ၁၁၂၂ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ မီးရှို့ခံရသည့်ဖြစ်စဉ်များအား စိစစ်ဖော်ထုတ်ခဲ့ရာ **မျက်မြင်ကိုယ်တွေ့ ဒုက္ခကြုံတွေ့ခဲ့ရသည့် ကျေးရွာပြည်သူများ၏ ရင်ဖွင့်ပြောကြားချက်များအရ NUG ၊ PDF ၊ KIA အကြမ်းဖက်သမားများသည် ၎င်းတို့၏ အကြမ်းဖက်လုပ်ငန်းများကို မထောက်ခံသည့်ကျေးရွာများ၊ ဆက်ကြေးမပေးသည့်ကျေးရွာများနှင့် ၎င်းတို့၏ အန္တရာယ်ကိုကာကွယ်ရန် ပြည်သူ့စစ်ဖွဲ့စည်းထားသည့် ကျေးရွာများကို အဓိကပစ်မှတ်ထား မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ တိုက်ပွဲဖြစ်ပွားသည့်ကျေးရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းတို့၏ နောက်သို့ ထက်ကြပ်လိုက်ပါ၍ နှိမ်နင်းမှုများ မဆောင်ရွက်နိုင်စေရန် ဆုတ်ခွာရာလမ်းကြောင်းတစ်လျှောက် လူနေအိမ်များအား မီးရှို့ထွက်ပြေးခြင်းဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများအား မောင်းထုတ်ကာ ၎င်းတို့မရှိချိန် မီးရှို့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့လေဟန် မဟုတ်မမှန်လုပ်ကြံပြီး ရွာသားများကို အသိပေးခြင်းများအား ရက်စက်ယုတ်မာစွာ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း** ဖော်ထုတ်တွေ့ရှိရပါသည်။ မီးရှို့ဖြစ်စဉ်များကို မျက်မြင်ကိုယ်တွေ့ဒုက္ခကြုံတွေ့ခဲ့ရသည့် ကျေးရွာပြည်သူများ၏ ရင်ဖွင့်ပြောကြားချက်များကို ယခုကဲ့သို့ စိတ်မချမ်းမြေ့ဖွယ် ကြားသိရသည်။

"သူတို့တွေ အဝင်/အထွက်တော့ရှိတာပဲ။ ယူနီဖောင်းတွေနဲ့ ၄၀ / ၅၀ လောက်ပဲ။ အရပ်ဝတ်တွေရော၊ ပြောက်ကျားအစိမ်းတွေနဲ့ရော ။ ကျွန်တော့်အိမ်ကို အဲ့ဒီကောင်တွေပဲ မီးရှို့သွားတာ၊ ပြောက်ကျားအစိမ်းတွေနဲ့ ဘာတွေလဲတော့မသိဘူး ၊ PDF တွေလား KIA တွေလားမသိဘူး။ မြင်လိုက်တယ် "ဟု မိုးတားကြီးကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

"ပစ်တာခတ်တာကြားလို့ လယ်ထဲကနေကြောက်လို့ဆိုပြီး ရွာထဲကိုပြန်လာတော့ ဒီလည်းရောက်ရော စစ်တပ်ကဝင်လာတော့ ၊ စစ်တပ်နဲ့လည်းပစ်ကြပြီး အထွက်မှာ မီးရှို့သွားတာလောက်ပဲ သိပါတယ်ခင်ဗျာ။



ကချင်စု၊ မိုးတားကြီးကျေးရွာမှ ရွာသားတစ်ဦးက မျက်မြင်ကြုံတွေ့ခဲ့ရသည်များကို ရင်ဖွင့်ပြောကြားစဉ်။



ဆူးပုတ်ကုန်းကျေးရွာမှ ရွာသားတစ်ဦးက မျက်မြင်ကြုံတွေ့ခဲ့ရသည်များကို ရင်ဖွင့်ပြောကြားစဉ်။




နောင်ပင်ကျေးရွာမှ ရွာသားတစ်ဦးက မျက်မြင်ကြုံတွေ့ခဲ့ရသည်များကို ရင်ဖွင့်ပြောကြားစဉ်။



မင်းလယ်ကျေးရွာမှ ရွာသားတစ်ဦးက မျက်မြင်ကြုံတွေ့ခဲ့ရသည်များကို ရင်ဖွင့်ပြောကြားစဉ်။



၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် KIA / PDF အကြမ်းဖက်ပူးပေါင်း သောင်းကျန်းသူများ တိုက်ပွဲဖြစ်စဉ်၌ သောင်းကျန်းသူများမှဆုတ်ခွာစဉ် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဆူးပုတ်ကုန်းကျေးရွာအား မီးရှို့ဖျက်ဆီးသွားသည့်ဖြစ်စဉ်နေရာပြမြေပုံ။




မီးရှို့သွားတာက PDF တွေရှို့သွားတာ။ တခြားအဖွဲ့တွေလည်း ပါပါတယ်။ ဝတ်ထားတာကတော့ ပြောက်ကျားတွေပါတယ်။ တချို့အရပ်ဝတ်တွေလည်း ပါပါတယ်။ ကျွန်တော်ကမိသားစုမရှိပါဘူး။တစ်ကောင်ကြွက်ပါ။ စာရင်းငှားလာလုပ်တာပါ" ဟု မိုးတားကြီးကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

" PDF တွေက ရွာထဲကနေဖြတ်သွားပြီး ကျွန်တော့်အိမ်ကို မီးရှို့သွားတာပါ။ မနက်အစောကြီးက မီးရှို့သွားတာ။ ကျွန်တော့်အိမ်တင်မဟုတ်ဘူး၊ ဘေးကအိမ်တွေပါ မီးရှို့သွားတာပါ။ PDF တွေ ၂၀ / ၃၀ လောက်ရှိမယ်။ ကျွန်တော့်မျက်စိနဲ့ မြင်လိုက်တယ်။ ယူနီဖောင်းတွေနဲ့ပါ။ တချို့ကလည်း အရပ်ဝတ်တွေနဲ့ပါ။ ကျွန်တော့်အိမ်ကို မီးရှို့သွားတာပါ။ ကလေးတွေတောင် လယ်တောထဲမှာပါ"ဟု ဆူးပုတ်ကုန်းကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

*စာမျက်နှာ ၁၅ သို့*



စစ်ကိုင်းတိုင်းဒေသကြီးရှိ မီးရှို့ခံရသည့်နေအိမ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူလူထုများပူးပေါင်း၍ မီးငြိမ်းသတ်ပေးစဉ်။



*စာမျက်နှာ ၁၄ မှ*

“ပြီးခဲ့တဲ့ နှစ်ရက် သုံးရက်လောက်က လာတယ်။ သူတို့ ၂၀ ကျော်ကျော်လောက်ရှိတယ်။ သေနတ်တွေပါတယ်။ ယူနီဖောင်းက ပြောက်ကျားတွေများတယ်။ သေချာ သတိမထားလိုက်ပေမယ့် PDF တံဆိပ်ပါတာတွေ့တယ်။ စစ်ကြောင်းလာတော့ သူတို့ပစ်ပြေးတဲ့အချိန်မှာ ကျွန်တော့်အိမ်ကို မီးရှို့သွားတာ ။ PDF တွေရှို့သွားတာ မြင်လိုက်တယ်” ဟု နောင်ပင်ကျေးရွာ ရွာသားတစ်ဦးကပြောသည်။

“မနက်ပိုင်းမှာ PDF နဲ့ စစ်တပ် တိုက်ပွဲဖြစ်တယ်။ ကျွန်တော်တို့ရွာထဲဝင်ပြီးမှ PDF တွေ အိမ်အလုံး ၃၀ လောက်ကို မီးရှို့သွားတယ်။ ကျွန်တော်တို့ရွာသားတွေ မီးထွက်မငြိမ်းရဲလို့ မငြိမ်းရပါဘူး” ဟု မင်းလယ်ကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

**KIA/ PDF များ မီးရှို့ဖျက်ဆီးခဲ့သည့် ကျေးရွာနေအိမ်များစာရင်း**

| စဉ် | ရက်စွဲ | တိုင်း/မြို့နယ် | ကျေးရွာအမည် | ရှိရင်း အိမ်ခြေ | မီးလောင် ကျွမ်းမှု (ခန့်မှန်း) |
|---|---|---|---|---|---|
| ၁ | ၁၃-၁၁-၂၀၂၂ | ကချင်ပြည်နယ်၊ ရွှေကူမြို့နယ် | စီသော်ကျေးရွာ | ၂၇၀ | ၁၅ |
| ၂ | ၂၂-၁၁-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ကသာမြို့နယ် | မင်းလယ်ကျေးရွာ | ၃၂၂ | ၅၀ |
| ၃ | ၂၈-၁၁-၂၀၂၂ | ။ | ။ | ၃၂၂ | ၃၈ |
| ၄ | ၂၈-၁၁-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ် | အလယ်တောကျေးရွာ | ၁၅၀ | ၁၀၀ |
| ၅ | ၃၀-၁၁-၂၀၂၂ | ။ | လေသာကုန်းကျေးရွာ | ၃၀၀ | ၁၀၀ |
| ၆ | ၄-၁၂-၂၀၂၂ | ။ | ရွှေချောင်းကျေးရွာ | ၂၇၃ | ၈၀ |
| ၇ | ၄-၁၂-၂၀၂၂ | ။ | ကျောက်အိုက်ကျေးရွာ | ၆၈ | ၆၀ |
| ၈ | ၅-၁၂-၂၀၂၂ | ။ | ဇီးဖြူကျင်းကျေးရွာ | ၁၅၅ | ၃၀ |
| ၉ | ၆-၁၂-၂၀၂၂ | ။ | ကံပေါက်ကျေးရွာ | ၂၅၀ | ၅ |
| ၁၀ | ၆-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ကသာမြို့နယ် | မြေနုကျေးရွာ | ၁၆၀ | ၂၀ |
| ၁၁ | ၆-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ် | အောင်သာကုန်း ကျေးရွာ | ၁၆၀ | ၂၀ |
| ၁၂ | ၇-၁၂-၂၀၂၂ | ။ | ဇီးသောင်ကျေးရွာ | ၁၅၀ | ၈၀ |
| ၁၃ | ၇-၁၂-၂၀၂၂ | ။ | သာယာကုန်းကျေးရွာ | ၉၅ | ၆၀ |
| ၁၄ | ၈-၁၂-၂၀၂၂ | ။ | မကျီးပင်ကျေးရွာ | ၁၁၂ | ၁၀၀ |
| ၁၅ | ၈-၁၂-၂၀၂၂ | ။ | သင်ပုန်းညိုကျေးရွာ | ၇၀ | ၆၀ |
| ၁၆ | ၈-၁၂-၂၀၂၂ | ။ | ပေါက်ပင်ကွေ့ကျေးရွာ | ၂၂၇ | ၁၁၀ |
| ၁၇ | ၁၁-၁၂-၂၀၂၂ | ။ | မြိုင်သာယာကျေးရွာ | ၃၀ | ၁၅ |
| ၁၈ | ၁၅-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ကသာမြို့နယ် | ဟဲနား(ရွာသစ်) ကျေးရွာ | ၁၅၀ | ၃၀ |
| ၁၉ | ၁၆-၁၂-၂၀၂၂ | ။ | နောင်ပင်ကျေးရွာ | ၁၃၀ | ၁၁ |
| ၂၀ | ၁၆-၁၂-၂၀၂၂ | ။ | မိုးတားကြီးကျေးရွာ | ၄၃၇ | ၄၃ |
| ၂၁ | ၁၆-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နယ် | ဂျုံးဂျုံးကျ(ရွာသစ်/ ရွာဟောင်း) ကျေးရွာ | ၁၆၅ | ၃၀ |
| ၂၂ | ၁၇-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ကသာမြို့နယ် | ဆူးပုတ်ကုန်းကျေးရွာ | ၁၅၀ | ၁၅ |
| ၂၃ | ၁၇-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ် | ပြင်စုကျေးရွာ | ၁၉၁ | ၅၀ |

**မှတ်ချက်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွင်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလ အတွင်း ကျေးရွာ ၂၂ ရွာရှိ အိမ်ခြေပေါင်း ၁,၁၂၂ လုံးအား KIA/PDF များက မီးရှို့ဖျက်ဆီးခဲ့။**

“မနက်က PDF နဲ့ စစ်တပ်နဲ့ တိုက်ပွဲဖြစ်သံကြားတယ်။ တိုက်ပွဲဖြစ်ပြီး PDF တွေရွာထဲဝင်လာတယ်။ ဝင်လာပြီး မီးရှို့တယ်။ အိမ်ခြေအလုံး ၃၀ လောက်ပါသွားတယ်။ ကျွန်တော်တို့လည်း ကြောက်တာနဲ့ မီးထွက်မငြိမ်းရဲဘူး။ PDF တွေ တိုက်ပွဲဖြစ်တိုင်း သူတို့ ရွာထဲဝင်ပြီး အမြဲတမ်းမီးရှို့နေကျပါ” ဟု မင်းလယ်ကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

ထိုမီးရှို့မှုဖြစ်စဉ်များနှင့် ပတ်သက်ပြီး BBC ၊ VOA၊ RFA ၊ Irrawaddy၊ Mizzima ၊ Myanmar Now ၊ Khit Thit ၊ DVB အစရှိသည့် ပြည်ဖျက်မီဒီယာများနှင့် နိုင်ငံတော်အစိုးရကို ဆန့်ကျင်လိုသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက ဆိုရှယ်မီဒီယာများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူးလွန်လေဟန် ပုံဖျက်ထုတ်လွှင့်ဝါဒဖြန့်ချိလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုနှင့် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

အထူးသဖြင့် ရိုးသားသည့် ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားကာ နာကြည်းစိတ်များဖြစ်ပေါ်လာစေရေး၊ ၎င်းတို့ကို ထောက်ခံအားပေးမှုရရှိလာစေရေး လိမ်ညာလုပ်ကြံဝါဒဖြန့်မှုများ ပြုလုပ်နိုင်ရန်အတွက် အပြစ်မဲ့ပြည်သူများ၏ အိုး၊ အိမ်၊ စည်းစိမ်ပစ္စည်းဥစ္စာများကို ရက်စက်စွာဖျက်ဆီးခဲ့သည့် လုပ်ဆောင်ချက်များဖြစ်ကြောင်း တွေ့ရှိရပါသည်။

အကြမ်းဖက်သမား NUG ၊ PDF၊ KIA ပူးပေါင်းအဖွဲ့များ မီးရှို့ဖျက်ဆီးခဲ့သည့် ကျေးရွာ ၂၂ ရွာမှ ဒုက္ခရောက်ခဲ့ရသည့် ရွာသူ/ရွာသားတချို့၏ မျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်မှန်များနှင့် ရင်ဖွင့်ပြောကြားသံများကို ကြားသိခဲ့ရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာသားများနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်ပေးခြင်း၊ မီးဘေးသင့်ပြည်သူများအား လုံခြုံရေးစီမံပေးခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရနှင့် တပ်မတော်မှ ကူညီကယ်ဆယ်ရေးထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း NUG ၊ PDF ၊ KIA အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့မှု ဖြစ်စဉ်အမှန်များအား မိဘပြည်သူများသိရှိနိုင်စေရန်နှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသော ပြည်သူများအား နည်းလမ်းမျိုးစုံဖြင့် တိုက်ခိုက်ဖျက်ဆီးနေသော အကြမ်းဖက်သမားများအန္တရာယ်မှ ကာကွယ်တားဆီးနှိမ်နင်းနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးအစီအမံများအား လုပ်ဆောင်ပေးလျက်ရှိကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**



**စစ်ကိုင်းတိုင်းဒေသကြီးတွင် နေအိမ်မီးရှို့ခံရသည့်ပြည်သူများအား အစိုးရတာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။**



## ဒက္ခိဏသီရိမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်



လယ်ဝေး ဇန်နဝါရီ ၂၄

ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ကျော်နှင့်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျှော့ချနိုင်ရေးတို့အတွက် AMI မီတာများ လဲလှယ်တပ်ဆင်ခြင်း၊ 33 kV၊ 11 kV၊ 0.4 kV ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ 11၊ 0.4kV ထရန်စဖော်မာများ ဝန်အားမျှခြင်း လုပ်ငန်းများကို ယမန်နေ့မှ စတင်ဆောင်ရွက်လျက်ရှိသည်။

ဒက္ခိဏသီရိမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိရေးအတွက် အဆိုပါကွင်းဆင်းလုပ်ငန်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝေကြည်
(ပြန်/ဆက်)

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သင်ခန်းစာပို့ချမှု အစီအစဉ်များ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ ယနေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့၌ ဖွဲ့စည်းထားရှိသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ကို အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာ သင်တန်းပို့ချသည်။ (ယာပုံ)



သင်တန်းတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ က တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် CPU အဖွဲ့များ ဖွဲ့စည်းပြီးဖြစ်၍ PFP အစီအစဉ်ကို ဆောင်ရွက်ရန် နည်းပညာပိုင်းဆိုင်ရာ သင်တန်းပေးခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုကြောင့် အရေးယူခံရပါက ရာထူး၊ ဂုဏ်သိက္ခာ၊ မိသားစုများပါ ထိခိုက်နိုင်သည့်အတွက် CPU အဖွဲ့များအနေဖြင့် ထိန်းကျောင်းပေးနိုင်ကြောင်း၊ ကျင့်ဝတ်များကို သိရှိပါက မိမိကိုယ်မိမိ ထိန်းကျောင်းနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးဝင်းတည် က အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး က CPU ၏ လုပ်ငန်းတာဝန်များ၊ တည်မြဲလုပ်ထုံးလုပ်နည်း၊ လုပ်ငန်းလမ်းညွှန် ရေးဆွဲခြင်း၊ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း၊ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး PFP အသုံးပြုဆောင်ရွက်နိုင်ရေး လက်တွေ့လေ့ကျင့်ဆောင်ရွက်ကာ အပြန်အလှန် ဆွေးနွေးကြသည်။

အလားတူ ကော်မရှင်ရုံးခွဲ(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူးများက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၌ အလုပ်သမားဝန်ကြီးဌာနက ဖွင့်လှစ်သည့် အရာထမ်းများ လုပ်ငန်းခွင်စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၃)၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်ခန်းစာများ ဆွေးနွေးခဲ့ကြောင်းနှင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေး အစီအစဉ်အရ လမ်းမတော်မြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကော်မရှင်မှ ထုတ်ဝေဖြန့်ချိခဲ့သည့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်)စာအုပ်များမှ သင်ခန်းစာများကို အသိပညာပေး ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## အုတ်တွင်းမြို့နယ်၌ ရွေ့လျားစနစ်ဖြင့် ဆန်နှင့် ဆီများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိ

**အုတ်တွင်း ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန် ရည်ရွယ်၍ ဆန်၊ စားအုန်းဆီ၊ သားငါးနှင့် ဟင်းသီးဟင်းရွက်များကို ယနေ့နံနက်ပိုင်းတွင် အုတ်တွင်းမြို့ပေါ် ရပ်ကွက်များအတွင်းသို့ ရွေ့လျားစနစ်ဖြင့် ဈေးနှုန်းချိုသာစွာ လိုက်လံရောင်းချပေးလျက်ရှိသည်။ (အပေါ်ပုံ)

အဆိုပါ စားသောက်ကုန်စည်များရောင်းချရာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် ဆန်ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစားများအတွက် ရည်ရွယ်၍ ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၈၀၀ နှုန်း၊ စားအုန်းဆီ ၅၀ ကျပ်သားတစ်ဘူးလျှင် ကျပ် ၃၂၀၀၊ သားငါးနှင့် ဟင်းသီးဟင်းရွက်များပါ ရွေ့လျားစနစ်ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၉၂ ဦးနှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူ မြို့၌ ဒေသခံပြည်သူ ၄၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်–၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၀၁၉ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ဝါးခယ်မမြို့ ကနစိုးကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ် ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့သည် ယနေ့တွင် ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၅၁၅ ဦးကို ၎င်းကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၇၀၊ ခွဲစိတ်ရောဂါ ၁၁၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၈၀၊ ကလေးရောဂါ ၈၈ ဦး၊ အရိုးရောဂါ ၁၂၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၀၉ ဦး၊ မျက်စိရောဂါ ၃၄၆ ဦးနှင့် သွားရောဂါ ၈၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၅၆ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၃၀ တို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် ဓာတ်မှန်ရိုက်လူနာ ၃၇ ဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၁၀၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၉၆ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၅၅ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား ရန်ကုန်မြို့ရှိ တပ်မတော်ဆေးရုံများနှင့် ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့ အတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းသည် ဓာတ်အားပြတ်တောက်မှု မရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးနှင့် လျှပ်စစ်အန္တရာယ်များ ကင်းရှင်းရေးတို့အတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနနှင့် အတူပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၄ ရက် နံနက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် လျှပ်စစ်မန်နေဂျာရုံး ဝန်ထမ်းအင်အားဖြင့် အထက်ပုဇွန်တောင် လမ်းမကြီးနှင့် အောက်ပုဇွန်တောင်လမ်းမကြီး တစ်လျှောက်ရှိ 33kV သီတာ – ကနေဒီ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်ကြောင်း သိရသည်။ (ယာပုံ)

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)မှ ဘွဲ့တံဆိပ်တော်များရရှိသည့် ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များကို ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)မှ ဆက်ကပ်လှူဒါန်းပူဇော်သော ဘွဲ့တံဆိပ်တော်များ ရရှိသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ရှိ မြမဟာဓမ္မဗိမာန်တော်ကြီး၌ ပြုလုပ်ရာ မြစေတီစာသင်တိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ တာဝန်ရှိသူများနှင့် ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည့် လူပုဂ္ဂိုလ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်ကြီးများထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)မှ ဆက်ကပ်လှူဒါန်းပူဇော်သည့် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ၊ မဟာမင်္ဂလဓမ္မဇောတိကဓဇနှင့် မင်္ဂလဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး**(ယာပုံ)** အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ၊ မဟာမင်္ဂလဓမ္မဇောတိကဓဇနှင့် မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရရှိကြသည့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် မွန်ပြည်နယ် မော်လမြိုင်မြို့ မန္တလေးရပ်ကွက် ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေ



ကျပ်သိန်း ၅၀ ကို မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA ဥက္ကဋ္ဌ ဦးဝင်းနိုင်ဦးက ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။ ဆက်လက်၍ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ရာဇဓာနီသာမဏေကျော်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မြစကြာ ပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်မမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ခေမာသိဒ္ဓိမင်းကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ ညောင်ရိပ်သာကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ မြတ်သန္တာကျောင်းတိုက် တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ စန်းမြရောင်ခြည်ကျောင်းတိုက်၊မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ကြည်ကုန်း မစိုးရိမ်တိုက်သစ်ကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ကွင်းကျောင်းပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သိမ်တောင်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ နတ်ရေကန်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။



**သတင်းစဉ်**

# မင်းပြားမြို့နယ်၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က မင်းပြားမြို့ရှိ ရာမောင်ခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၃၅၆ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နယ်မြေခံ ဆေးကုသရေး အဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက် ပေးစဉ်။

# (၃၃)ကြိမ်မြောက် လားဟူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲ ပန်ဆောင်ကျေးရွာ၌ ကျင်းပ

**မိုင်းယန်း ဇန်နဝါရီ ၂၄**

ရိုးရာဓလေ့ ထိန်းသိမ်းနိုင်စေရန်နှင့် ရပ်ရွာစည်းလုံးချစ်ကြည်မှုရှိစေရန်အတွက် (၃၃)ကြိမ်မြောက် လားဟူတိုင်းရင်းသား လူမျိုးများ၏ ရိုးရာဓလေ့စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၂၃ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ပန်ဆောင်ကျေးရွာတွင် ကျင်းပကြောင်း သိရသည်။ **(ယာပုံ)**

ထင်းရှူးပင်များ အဖူးအညွန့် ဖူးပွင့်ဝေဆာသည့် အချိန်ကာလတွင် လားဟူတိုင်းရင်းသား ရိုးရာနှစ်သစ်ကူးပွဲတော်ကို စုပေါင်းကျင်းပကြကြောင်း သိရသည်။ ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုး၍ လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်စေရန်နှင့် ရပ်ရွာစည်းလုံး ညီညွတ်မှု ရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါလားဟူရိုးရာနှစ်သစ်ကူးပွဲတော်သို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လားဟူတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကာ လားဟူတိုင်းရင်းသား လူမျိုးများ၏ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာနှင့်အညီ ရိုးရာအကပဒေသာများဖြင့် ကပြဖျော်ဖြေခြင်း၊ ရိုးရာအစားအသောက်များဖြင့် တည်ခင်းဧည့်ခံကြသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**



# အကြိမ်(၁၆၀)ပြည့် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ တည်ထားကိုးကွယ်တော်မူသော ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ အကြိမ်(၁၆၀)ပြည့်ဗုဒ္ဓပူဇနိယပွဲတော်ကို အစဉ်အလာအတိုင်း ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာစသည့် ပူဇော်ပွဲများ ကျင်းပနိုင်ရေးအတွက် ဩဝါဒဆရာတော်၊ သံဃာတော်များထံမှ အောင်ဓမ္မာရုံကြီး၌ ယနေ့နံနက် ၁၀ နာရီက ဩဝါဒခံယူပွဲ ကျင်းပသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တပို့တွဲလပြည့်ကျော် ၁၀ ရက် (၁၄-၂- ၂၀၂၃ ရက်) မှ တပို့တွဲလကွယ်နေ့ (၁၈-၂-၂၀၂၃ ရက်) အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဘုရားပွဲတော်အတွင်း ဘုရားရင်ပြင်ရှိဘုရားသုံးဆူတန်ဆောင်း၌ ပန်း၊ ဆီမီး၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်ခြင်း၊ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဘုရားအမှူးပြုသော သံဃာတော် အရှင်သူမြတ်အပါး ၂၀၀ တို့အား စေတီတော်ရင်ပြင်ပေါ်၌ စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်းရှိ

**(၂၄-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၇၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၁၅,၉၁၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၀၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၅၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၄၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၆၀ | ၂၃၃၅ | ၂၄၃၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၀ | ၂၉၀၀ |
| 95 Ron | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၀ | ၂၄၃၀ | ၂၄၅၅ | ၂၄၄၀ | ၂၄၁၅ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၇၀၀ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၂၅ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၆၅ | ၂၇၉၅ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၀ | ၂၂၆၈ |
| 95 Ron | ၂၂၆၇ | ၂၃၄၆ |
| HSD (500 ppm) | ၂၃၆၂ | ၂၄၃၉ |
| HSD (50 ppm) | ၂၄၃၆ | ၂၅၁၄ |
| HSD (10 ppm) | ၂၄၃၆ | ၂၅၁၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၁-၂၀၂၃ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ဝဋ္ဋသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** '၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်၊ နေ့စဉ် ယှဉ်ပြိုင်နေမှုအစီအစဉ်'
**၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ
**၀၉:၂၀** ပြည်ထောင်စုနေ့ဂုဏ်ပြုတေးသီချင်း
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၁:၄၅** ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ "**ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း**"(အပိုင်း-၅၆)
**၁၃:၀၀** သီချင်းကြိုးပဒေသာ
**၁၃:၃၀** MRTV National News
**၁၆:၃၅** အသိပညာနှင့်အမှန်တရား
**၁၇:၂၀** 'မဝေးသည့်နှလုံးသားပိုနီးလာသည်'
**၁၇:၄၀** 'ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတိုးတက် ဖွံ့ဖြိုးစေရေး တစ်နိုင်တစ်ပိုင် ထုတ်လုပ်မှုဖြင့် ပိုင်းဝန်းကူညီဆောင်ရွက်ပေး'
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** နိပါတ်တော်လာဇာတ်သဘင်မဟာ "**မင်းကုသနှင့်ပပဝတီ**"(ပထမပိုင်း)
**၁၉:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ "**ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း**"(အပိုင်း-၆၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** တပ်မတော်(ရေ)ဂုဏ်ပြုဇာတ်လမ်း 'ကြယ်ညွှန်ရာသစ္စာ'(အပိုင်း-၇+၈)
**၂၂:၃၀** '၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်၊ နေ့စဉ် ယှဉ်ပြိုင်နေမှုအစီအစဉ်'

**mitv**

**07:02** Evergreen Classic: Dhamma Settkyar (Nan Sandi)
**07:11** Listening Pleasure, Instrumental Music (Piano) River Flows in you
**07:15** Talking Shwe Thway (Children Journal)
**07:27** Discovering Tribes: Yin Net Tribe - Their Life and Customs
**07:54** Scented Buddha Images
**08:01** News
**08:26** Malikha & Fairy Island
**08:39** Xylophones' Home
**09:01** Unique Art of Stucco Work
**09:18** Wet Markets in Yangon: Shwe Pa Dauk Fish Market
**09:27** Making a Living as Horticulturist
**09:41** Travel To The Southern Part of Shan State (Kalaw)
**10:01** News
**10:26** Topical Topics (No. 32)
**10:35** Millennia Pauk-Phaw Friendship (Thatbyinnyu Temple)

**MRTV NRC**

**ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၈)
**ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ဘုံတာလာရေတံခွန်အကြောင်း
**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ဒီရေတောနှင့်ရှင်သန်သူ
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
အရသာအကျော်အမော် ဒေါက်ဆွဲကဘားကြော်
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
တို့ဓလေ့တို့သဘာဝ
**'ဝ' (၁၄:၀၀ မှ ၁၆:၀၀)**
ကဏန်းချဉ်စပ်ပြုလုပ်နည်း
**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ကချင်ချောင်းသာသို့ အလည်တစ်ခေါက်
**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ရေစက်နေသောငှက်ကလေး(ပုံပြင်)
**ဝကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၃)
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)
**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
လည်ပတ်လေ့လာကြည့်ရှုချင်စရာ ဇီဝမျိုးနွယ်ဆုံဆည်းရာ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၇:၄၅** ဟာဘင်းနိုင်ငံတကာရေခဲနှင့် နှင်းပန်းပုပွဲတော်
**၁၉:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**သိလျက်နဲ့ထိစ်ချန်မှု**"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း(၂)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (**ကိုရီးယားနိုင်ငံ**)(အပိုင်း-၁)
**၁၁:၃၀** "အတွေးအမြင်"(အပိုင်း-၂)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** ကြံ့ဖတ်မှသည် ကုန်ချောနှစ်မျိုးဆီသို့
**၀၇:၁၅** တောင်သူများနှင့်အတူဆင်နွှဲ စပါးမျိုးသရုပ်ပြပွဲ
**၀၇:၃၀** တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း (မန္တလေး)
**၀၈:၂၀** 'ခေတ်မီပီအရည်အသွေးကောင်းရောင်းပန်းလှ'
**၀၈:၅၀** 'လူသားနှင့်ကမ္ဘာအတူယှဉ်ကာကျန်းမာဖို့ အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာတွေ သုံးကြစို့'

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်များ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၄**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၏ ဘွဲ့နှင်းသဘင်များကို ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ သန်လျင်မြို့ရှိ အရှေ့ပိုင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၏ ၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်များ၏ ဝိဇ္ဇာ၊ သိပ္ပံ၊ ဥပဒေပညာ၊ ဝိဇ္ဇာဂုဏ်ထူး၊ သိပ္ပံဂုဏ်ထူး၊ မဟာဝိဇ္ဇာနှင့် မဟာသိပ္ပံဘွဲ့ရရှိသူများအား ဇန်နဝါရီ ၂၀ ရက်တွင်လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (အဝေးသင်သင်တန်း)၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်များ၏ ဝိဇ္ဇာ၊ သိပ္ပံ၊ ဥပဒေပညာ ဘွဲ့ရရှိသူများအတွက် ပထမအကြိမ်ဘွဲ့နှင်းသဘင်ကို ဇန်နဝါရီ ၂၁ နှင့် ၂၂ ရက်များတွင် လည်းကောင်း ကျင်းပသည်။




အဆိုပါ ဘွဲ့နှင်းသဘင်များတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် နေ့သင်တန်းမှ ဝိဇ္ဇာ၊ သိပ္ပံ၊ ဥပဒေ၊ ဝိဇ္ဇာဂုဏ်ထူးနှင့် သိပ္ပံဂုဏ်ထူး ဘွဲ့ရရှိသူ စုစုပေါင်း ၁၃၈ ဦးနှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (အဝေးသင်သင်တန်း)မှ ဝိဇ္ဇာ၊ သိပ္ပံနှင့် ဥပဒေဘွဲ့ရ ၄၀၇၀ တို့အား ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးက ဘွဲ့နှင်းအမှာစကားများ ပြောကြားပြီး(ဝဲပုံ) ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

**အမှန်တကယ်ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄-၁-၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၂၇၉၆၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၂၈၅၅၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၉၃၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၉၄၀ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၆၀ ကျပ် | ၂၆၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၀၅ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၈၅ ကျပ် | ၂၄၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၇၉ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၉၀ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၃ . ၉၆၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၆၁၂ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၉၀ . ၀၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၉ . ၅၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၇၁၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၅၀၀ | ၇၆၄ | ၆၅၁၄၂၀၀ |
| MTSH | ၃၂၅၀ | ၃၂၀၀ | ၁၇၃၁ | ၅၅၉၈၇၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၀၀ | ၁၈၀၀ | ၆၇ | ၁၂၀၆၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၂၀၀ | ၉၈၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မင်းလှမြို့နယ်၌ လျှိုပိတ်တမံတည်ဆောက်မှု ၅၀ ရာခိုင်နှုန်းပြီးစီး

မကွေး ဇန်နဝါရီ ၂၄

**မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့်အတူ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၃ ရက်က မင်းလှမြို့နယ် ရေနံမကျေးရွာ လျှိုပိတ်တမံ တည်ဆောက်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေးသည်။**

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းလှမြို့နယ် ရေနံမကျေးရွာအုပ်စု သပြေညောင်ကျေးရွာအနီးရှိလျှိုပိတ်တမံ တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိစဉ် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သရက်ခရိုင်အတွင်း မြို့နယ်အသီးသီးတွင် စိုက်ပျိုးရေရရှိရေးအတွက် တည်ဆောက်ပြီးစီးသော ရေလှောင်တမံလေးခုနှင့် ရေလွှဲဆည်နှစ်ခုတို့မှ အကျိုးပြုဧရိယာ ၁၅၀၆၄ ဧကကို နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းနှင့် ဒေသခံပြည်သူတို့၏ လိုအပ်ချက်အရ ဒေသန္တရကျေးလက်ဆည်ကန်များ ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် လျှိုပိတ်တမံတည်ဆောက်ခြင်းလုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခဲ့ပြီး၊ လျှိုပိတ်တမံ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

အဆိုပါ လျှိုပိတ်တမံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ ၂၆၂ သန်းဖြင့် တမံအလျားပေ ၂၀၀၊ အမြင့် ၄၅ ပေနှင့် ကန်ရေပြည့် ရေလှောင်ပမာဏ ၁၃ ဒသမ ၅၀ ဂါလန်သန်းဖြင့် တည်ဆောက်ခြင်းလုပ်ငန်းကို ၄-၁၂-၂၀၂၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ ယခုအခါ လုပ်ငန်းတစ်ခုလုံးအနေဖြင့် ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းနှင့် ရေနံမကျေးရွာလျှိုပိတ်တမံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ဒေသခံအိမ်ထောင်စု ၁၀၂၅ စု၏ လူဦးရေ ၄၀၁၂ ဦး၊ ကျွဲနွားတိရစ္ဆာန် အကောင်ရေ ၈၀၀၀ ကျော်အတွက် သောက်သုံးရေ ဖူလုံစွာရရှိစေမည့်အပြင် ဒေသတွင်း စိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် မင်းလှမြို့နယ် ရေနံမကျေးရွာ လျှိုပိတ်တမံ တည်ဆောက်ခြင်းလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေးစဉ်။

**မောင်ညီညာ**



## မလှိုင်မြို့နယ်၌ ကျေးရွာကိုးရွာအကျိုးပြုမည့် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

**မိတ္ထီလာ ဇန်နဝါရီ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၃၀ ဖြင့် မလှိုင်မြို့နယ် ရန်ကုန်- မန္တလေးအမြန်လမ်းမကြီးမှ ထန်းပင်ကန်-မှရိုးကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို စက်တင်ဘာလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်လမ်းများ ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ကျေးလက်တံတားများ တည်ဆောက်ခြင်းများကို နှစ်စဉ်ဘဏ္ဍာရန်ပုံငွေများ လျာထား၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် မလှိုင်မြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှ ထန်းပင်ကန်- မှရိုးကျေးရွာချင်းဆက်လမ်း အရှည်ခုနစ်ဖာလုံအား ကတ္တရာခင်းခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီက စက်တင်ဘာလမှ စတင်ကာ လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းအားလုံး၏ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးနိုင်နိုင်ဝင်းထံမှ သိရသည်။

**သန်းလွင်(မကွေး)**

## ရန်ကင်းမြို့နယ်ရှိ ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်များ ငှားရမ်းပေး

**ရန်ကင်း ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များ၊ ပြည်သူများ အသိပညာဗဟုသုတရရှိစေရန်၊ စာရေးသူများ ရည်ညွှန်းကိုးကား ရေးသားနိုင်ရန်၊ စာကြည့်တိုက်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ မြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် အသစ်ရောက်ရှိသော စာအုပ်စာစောင်များ၊ ဗဟုသုတဖြစ်ဖွယ် သုတ/ ရသ၊ မဂ္ဂဇင်း၊ ရုပ်ပြစသည်တို့ကို နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ငှားရမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသော လူငယ်လူရွယ်များ အသိဉာဏ်ပညာ တိုးတက်မြင့်မားရေး၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြား ဆင်ခြင်ဆုံးဖြတ်နိုင်ရေး၊ အမိနိုင်ငံတော်၏သားကောင်းရတနာများ ပေါ်ထွန်းလာစေရေးတို့အတွက် အဘက်ဘက်က ဆောင်ရွက်လျက်ရှိရာ လူငယ်များစာပေလေ့လာဖတ်ရှုပြီး ဗဟုသုတကြွယ်ဝစေရေးအတွက် စာငှားသူ၊ စာဖတ်သူများ ကြိုက်နှစ်သက်သည့် စာအုပ်စာစောင်များ၊ နေ့စဉ်ထုတ်သတင်းစာများကို နေ့စဉ်ခင်းကျင်းကာ စာပေဖတ်ရှုသူများလာအောင် စင်ဖွင့်စနစ်ဖြင့် တိုးမြှင့်ငှားရမ်း ဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကင်းမြို့နယ် ပြည်သူ့စာကြည့်တိုက်မှ ပညာရပ်စုံ၊ရသစုံ စာကောင်းပေကောင်းများကို စာဖတ်ပရိသတ်များ ဖတ်ရှုရာမှ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်နယ်ပယ်များအကြောင်းကို စာဖတ်ရှိန် မြှင့်တင်ပေးလျက်ရှိကြောင်း သိရသည်။ **အိရွှေစင်(ပြန်/ဆက်)**

## ကံမမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ရေကျောက်ရောဂါအသိပညာပေး

**ကံမ ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်း အခြေခံပညာကျောင်းများ၌ ရေကျောက်ရောဂါအသိပညာပေးခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၄ ရက်က အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသားကျောင်းသူများအား ကျန်းမာရေးကြည့်ရှုစစ်ဆေးပေးခြင်း၊ ဗီတာမင်အေအားဆေး တိုက်ကျွေးခြင်း၊ ခါတ်ဆားများတိုက်ကျွေးခြင်း၊ နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များ ဝေငှပေးခြင်း၊ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင်လည်းကောင်း၊ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ကျေးရွာများတွင်လည်းကောင်း ကူးစက်ရောဂါ (ရေကျောက်)ဖြစ်ပွားနေမှု ရှိ မရှိ စိစစ်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**





## ကျွန်းစုမြို့၌ ကျေးလက်နေအမျိုးသမီးများအား လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**ကျွန်းစု ဇန်နဝါရီ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ဇန်နဝါရီ ၂၄ ရက်က ကတ္တလူကျေးရွာအုပ်စု ထိန်ချောင်းကျေးရွာရှိဘုန်းတော်ကြီးကျောင်း၌ အမျိုးသမီးငယ်များအား လူသုံးကုန်ပစ္စည်း ၁၆ မျိုး ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်သင်ကြားခဲ့သည်။

နိုင်ငံတော်အစိုးရက အလေးအထား အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်နှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်အတွက် အဆိုပါသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း မြို့နယ် ကျေး/လက်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းသက်သက်ဝေက ပြောသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဒေါ်သူသူစံက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ သင်တန်းသူ အမျိုးသမီး ၁၅ ဦးကို စာတွေ့လက်တွေ့ အခမဲ့ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**

# MFF ဖူဆယ်လိဂ် - ၁ ပြိုင်ပွဲနှင့် လိဂ် -၂ ပြိုင်ပွဲကို ဖေဖော်ဝါရီနှင့် မတ်လတွင် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၄**
မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံး ကော်မတီက စီစဉ်ကျင်းပသည့် ၂၀၂၃ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲနှင့် လိဂ်-၂ ပြိုင်ပွဲကို ဖေဖော်ဝါရီနှင့် မတ်လတွင် စတင်ကျင်းပမည်ဖြစ်သည်။

MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်၊ လိဂ်-၂ ပြိုင်ပွဲကို မတ် ၁ ရက်တွင် စတင်ကျင်းပရန် စီစဉ်ထားသည်။ လိဂ်ပြိုင်ပွဲနှစ်ခုစလုံးကို တစ်ပတ်လျှင် နှစ်ရက်နှုန်းဖြင့် သုဝဏ္ဏဘောလုံးကွင်းအတွင်းရှိ MFF Futsal Stadium ၌ ကျင်းပမည်ဖြစ်သည်။ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲတွင် အသင်းပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး လက်ရှိချန်ပီယံ MIU အသင်းအပါအဝင်, VUC အသင်း၊ MFF U-18 အသင်း၊ Myoma JY အသင်း၊ Winner Soccer အသင်း၊ Dream Team အသင်း၊ AMM Brothers အသင်း၊ Futsal ChitThu အသင်း၊ Future of Dagon အသင်း၊ AKG အသင်း၊ Futsal 19 အသင်းနှင့် Generations FC အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိထားသည်။ MFF ဖူဆယ် လိဂ်-၂ ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး Let WelThone Nara အသင်း၊ Dream Team Legends အသင်း၊ Futsal Chit Thu Youth အသင်း၊ Shwe Pyi Thar အသင်း၊ M- Million အသင်း၊ Friendly Zone အသင်း၊ Yoma အသင်း၊ Red Eagle အသင်း၊ NY အသင်း၊ Maryar အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ လိဂ်-၁ ပြိုင်ပွဲဝင် ၁၂ သင်းအနက် ခုနစ်သင်းသာ တိုက်ရိုက်ကစားခွင့်ရခြင်းဖြစ်ပြီး ကျန်အသင်းများမှာ ခြေစစ်ပွဲအောင်မြင်သဖြင့် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ လိဂ်-၂ ပြိုင်ပွဲကို ယခုနှစ်တွင် ပထမဆုံးကျင်းပခြင်းဖြစ်ပြီး အသင်းအားလုံး ခြေစစ်ပွဲကစားပြီးမှ ယှဉ်ပြိုင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

လိဂ်နှစ်ခုစလုံး၏ ရာသီကြို ကစားသမား အပြောင်းအရွှေ့ကာလကို ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၂၂ ရက်၊ ရာသီဝက် ကစားသမား အပြောင်းအရွှေ့ကာလကိုဧပြီ ၃ရက်မှ ၉ ရက်အထိ သတ်မှတ်ထားသည်။ **ရဲရင့်လွင်**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂၄**
ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့၊ မိုင်းယန်းမြို့နှင့် ဟားခါးမြို့တို့တွင် ၀ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်နှင့် ကျောက်မဲမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဩစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ရှိုင်ဘာကီနာ၊ အဇာရင်ကာတို့ နိုင်ပွဲရပြီး ဆီမီးဖိုင်နယ်တက်


ရှိုင်ဘာကီနာ

ဩစတြေးလျအိုးပင်း အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် နာမည်ကြီး ရှိုင်ဘာကီနာ၊ အဇာရင်ကာတို့ ပြိုင်ဘက်ကို အနိုင်ယူကာ ဆီမီးဖိုင်နယ်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

စတုတ္ထအဆင့်တွင် ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆွီယာတက်ခ်ကို အနိုင်ယူကျော်ဖြတ်ခဲ့သော အသက် ၂၃ နှစ်အရွယ် ကာဇက်စတန်တင်းနစ်မယ် ရှိုင်ဘာကီနာသည် ယခု ကွာတားဖိုင်နယ်အဆင့်တွင်လည်း နာမည်ကြီး လတ်ဗီးယားတင်းနစ်မယ် အော့စတာပင်ကို ကို ၆-၂၊ ၆-၄ ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို တက်လှမ်းနိုင်ခဲ့သည်။

**ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်**

ထိုနည်းတူ အသက် ၃၃နှစ်အရွယ် ဘယ်လာရုစ်တင်းနစ်မယ် ဗစ်တိုးရီးယားအဇာရင်ကာသည် ကွာတားဖိုင်နယ်တွင် ပြိုင်ဘက် အမေရိကန် တင်းနစ်မယ် ပီဂူလာကို ၆-၄၊ ၆-၁ ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

**အကြိုတ်အနယ်ယှဉ်ပြိုင်**

ဩစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်၌ အဇာရင်ကာသည် ဝင်ဘယ်ဒန် ချန်ပီယံ ရှိုင်ဘာကီနာနှင့် ဇန်နဝါရီ ၂၆ ရက်တွင် အကြိုတ်အနယ်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၄**
အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်နေ ထွန်းထွန်းလင်းသည် ၎င်းအသုံးပြုသည့် “U Tun Tun” Facebook အကောင့်၊ ပုသိမ်ကြီးမြို့နယ် ပုဏ္ဏားကုန်းကျေးရွာနေ အေးအေးမြင့်(ခ) ဂေါက်ထူသည် ၎င်းအသုံးပြုသည့် “Aye Aye Myint” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်နေ အိအိသိန်းသည် ၎င်းအသုံးပြုသည့် “Ei Ei Thein” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကိုလိုလားသည့်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့နယ် ကမ်းနီးကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံးအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၂၄**
ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကမ်းနီးကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအား KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကိုလိုလားသည့်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက်အစောပိုင်းတွင် အကြောင်းမဲ့လာရောက် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကိုလိုလားသည့်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့နံနက် ၃ နာရီခန့်တွင် ကော့ကရိတ်မြို့နယ် တံတားဦးကျေးရွာဘက်မှ ကမ်းနီးကျေးရွာဘက်သို့ မော်တော်ယာဉ် နှစ်စီးဖြင့် ရောက်ရှိလာပြီး ကမ်းနီးကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအား အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ မီးရှို့ဖျက်ဆီးမှုကြောင့် အလျား ၁၅ ပေ၊ အနံ ပေ ၃၀ ၊ အမြင့် ၁၅ ပေရှိ ရုံးအဆောက်အအုံ မီးလောင်ပျက်စီးခဲ့ကြောင်းနှင့် အဆိုပါကျေးရွာရှိ ဒေသခံပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့ အကျပ်ကိုင်ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မှုများကြောင့် နီးစပ်ရာဆွေမျိုးများရှိရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရှိရသည်။






KNDO တပ်ရင်း (၆) အဖွဲ့နှင့် PDF အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ကော့ကရိတ်မြို့နယ် ကမ်းနီးကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၅၄ ဆူ | ၁၆၆ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၇၁ ခန်း | ၃၈၄ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၃၂ ခု | ၅၂၀ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၇၂ ကျင်း | ၂၀၄၇. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၇ ကျင်း | ၁၉၁. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၃ ကျင်း | ၅၈၈၇. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၁၀ ကျင်း | ၁၄၂၆. ၀၈ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၅၃၂၈ သိန်း | ၁၇၂၃၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၄. ၇၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၁၇. ၀၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၄၆၆. ၁၂ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၆၅၈. ၃၄ | ၁ | - | ၁ |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၄၃၇ စုံ | ၆၃ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## မိခင်အမည်မှန်

ကော့ကရိတ်မြို့၊ အထက-၂ ကျောင်း၊ Grade-10 မှ မယုယနွယ်၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်စန်း ၃/ကကရ(နိုင်)၀၆၉၆၉၆ ဖြစ်ပါကြောင်း။

## အစည်းအဝေးအကြောင်းကြားစာအား အများသိစေရန်

City House Co.,Ltd ၏ မတည်ငွေလျှော့ချခြင်းအတွက် ရှယ်ယာရှင်များ အစည်းအဝေးကို ကျင်းပမည်ဖြစ်ပါသည်။ ရှယ်ယာရှင်အစည်းအဝေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ အစုရှယ်ယာရှင်များနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

အစည်းအဝေးအသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**နေ့ရက်** ။ ။ ၂၆-၁-၂၀၂၃ ရက် (ကြာသပတေးနေ့)
**အချိန်** ။ ။ နံနက် ၁၀ နာရီ
**နေရာ** ။ ။ ကုမ္ပဏီအစည်းအဝေးခန်းမ

**ဒါရိုက်တာအဖွဲ့**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**

**မဟာအောင်မြေခရိုင်တရားရုံးတော်**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၀၇နှင့် ဆက်နွှယ်သည့်**

**၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၇၁၀**

ဒေါ်ယုဇနလွင် နှင့် ဒေါ်မီမီဝင်း
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ (လလ-၁၉)၊ အကွက် (၄၈)နေ ဒေါ်မီမီဝင်း (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင့်အပေါ်၌ မဟာအောင်မြေခရိုင်တရားရုံးတော် ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၀၇တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ယုဇနလွင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် (၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်း)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**မဟာအောင်မြေခရိုင်တရားရုံးတော်**

**၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်(၁၁)**

ဦးကျော်ဌေး နှင့် ဒေါ်ခင်မ
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၉(E)၊ ၅၇x၅၈လမ်းကြားနေ ဒေါ်ခင်မ(ယခုနေရပ် လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်ဌေးက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ (၂၀၂၃)ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက်၊ (၁၃၈၄ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည့်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဇန်နဝါရီလ ၂၃ ရက်တွင် ဤရုံးတော်၌ တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ နဝရတ်(၁)လမ်း၊ မြေကွက်အမှတ် (၁၁၄၈)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးဝသန်မောင်မောင် (၁၂/ဗဟန(နိုင်) ၀၈၇၉၇၉) အမည်ပေါက် နှစ်(၆၀)ဂရန် အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းကြိုင် (၁၄/ဝခမ (နိုင်) ၂၃၅၈၉၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်- ၄၈၃၃၈) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ သုမင်္ဂလာလမ်း၊ မြေကွက်အမှတ် (၃၄၄/က)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဦးတိုးစိန် (၁၂/ဥကတ (နိုင်) ၀၂၅၉၉၅) အမည်ပေါက် နှစ်(၆၀)ဂရန် အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးတိုးစိန် (၁၂/ဥကတ (နိုင်) ၀၂၅၉၉၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်- ၄၈၃၃၈) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ကျောက်တော်မြို့၊ ကံသုံးဆင့်ကျေးရွာနေ ဦးဖြူထွန်း-ဒေါ်ကြာဖြူတို့၏သား ဦးလူကွင်(ခ)ဦးလှကျော် ၁၁/ကတန(နိုင်)၀၅၁၉၃၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၄-၁၉၈၁ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက(ခွဲ)၊ ပုဂံကျေးရွာ၊ Grade-8မှ မောင်မင်းသူရိန်ထွန်း၏ မိဘ အမည်မှန်မှာ ဦးထွန်းထွန်းဦး ၇/ ဝမန(နိုင်)၁၁၇၆၃၈ နှင့် ဒေါ်ခင်ပပလွင် ၇/ဝမန(နိုင်)၁၅၆၈၉၅ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းဦး-ဒေါ်ခင်ပပလွင်**

## အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ သဲတက် အထက Grade-5မှ ဦးအောင်သန်းလှိုင်၏ သမီး မဟေမန်စိုး၏ အမည်မှန်မှာ မဟေမန်စောဖြစ်ပါကြောင်း

**မဟေမန်စော**

## အမည်ပြောင်း

သရက်မြို့၊ အထက (၃)၊ KG တန်းတွင် ပညာသင်ကြားနေသောသည့် (ဘ)ဦးလှိုင်ဝင်း ၈/သရန(နိုင်)၀၆၁၉၂၁ (မိ) ဒေါ်ဆွေဆွေမြင့် ၈/သရန(နိုင်)၀၆၁၈၀၁တို့၏ သား၊ မောင်မင်းသန့်ခိုင်အား မောင်ခန့်အောင်သစ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ခန့်အောင်သစ်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာအုပ်စု၊ ဘုံခြံရပ်ကွက်၊ ရာဇဓိလမ်း၊ အမှတ်(၃) ဟုခေါ်တွင်သော မြေအကျယ်အဝန်း (၉၈ပေx၄၇ပေ) ရှိမြေကွက်အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားသည့် ဦးဇင်မျိုးညွန့် ၈/ပခက(နိုင်)၁၃၃၇၈၁ တို့မှ မိမိသာလျှင် လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ဝန်ခံကတိပြုသူထံမှ အထက်ပါမြေကို ကျွန်တော်၏ မိတ်ဆွေ ဦးဆန်းယု ၇/ဝမန(နိုင်)၁၈၀၁၈၀ က ရောင်းဖိုးငွေ အပြေအကျေ ပေးချေ၍ နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုကာ ဥပဒေနှင့်အညီ အပြီးအပိုင်လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဆန်းယု** | **ဒေါ်သူဇာထွန်း(LL.B)** |
| ၇/ဝမန(နိုင်)၁၈၀၁၈၀ | အထက်တန်းရှေ့နေ(စဉ်-၄၇၈၀၅) |
| ၀၉-၄၂၀၂၇၂၇၇၇ | ၂၉-၇-၂၀၁၆ |
| | အမှတ်(၄၈၃)၊ မြရတနာ(၁)လမ်း၊ မြောက်ဥက္ကလာ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/28849, Honda Wave 110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ထက် ၁၄/ပသန(နိုင်)၃၄၇၁၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/99266, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာမာစိုး ၈/ရစက(နိုင်) ၂၁၇၇၉၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58/52271, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်ကျော်လင်း ၉/အမရ(နိုင်) ၁၀၆၃၆၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(က)ရပ်ကွက်၊ အကွက်အမှတ် (၀-၈)၊ ဦးပိုင်အမှတ်(၉၂)၊ ၆၇X၆၈လမ်း၊ ဝေသာလီနှင့် သာယာဝတီမင်းကြီးလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးစန်းမြင့် KPG-၀၈၆၆၈၂ ၏ (SP ရသူ ဦးအောင်ဇော်ဦး)က အမည်ပေါက်သူ ဦးစန်းမြင့်၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ၎င်းရမ်း၍ မရကြောင်း တင်ပြစာ၊ တောဂရန်တို့နှင့်အတူ အမှုတွဲအမှတ် (၅၃၃၅/၂၀၂၂-၂၀၂၃)ဖြင့် တောမှမြို့ ပြောင်းသက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘိုးဘပိုင်မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၇၅)၊ ညောင်ဝိုင်းအကွက်၊ ဦးပိုင်အမှတ်(၇၇)၊ မြေဧရိယာ (၀ဒသမ၁၇၆)ဧကရှိမြေကွက်အား အရှေ့ဘက်-ရွှေချောင်းလမ်း၊ အနောက်ဘက်-ဦးပိုင်အမှတ်(၇၈)၊ (၇၉)၊ တောင်ဘက်-ဦးပိုင်အမှတ်(၈၀)၊ မြောက်ဘက်-ဦးပိုင်အမှတ်(၇၆) ရှိမြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန် ဦးစိုးသက်လွင်မှ လျှောက်ထားလာသည့်အတွက် ဦးစိုးသက်လွင် အမည်သို့ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှု မရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊**
**သထုံမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ပေါက်တောကျေးရွာအုပ်စု၊ လက်ပံခုံကျေးရွာနေ ဦးသိန်းဇော် ၁၃/ကတန(နိုင်)၀၉၈၄၃၁နှင့် ဒေါ်မြင့်မြင့်ဌေး(ခ)ဒေါ်ဝေလေး ၁၃/ကတန(နိုင်)၀၉၈၃၈၂ တို့၏သား မောင်နေမျိုးအောင်(ခ)နေသူရဦး ၁၃/မပတ(နိုင်)၀၇၆၁၇၄သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်သည့်အပြင် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မိဘ-ဦးသိန်းဇော်-ဒေါ်မြင့်မြင့်ဌေး(ခ)ဒေါ်ဝေလေး**

## အမည်ပြောင်း

ဦးအောင်အောင် ၁၄/ပသန(နိုင်) ၁၉၆၁၁၇ ၏သမီး ပုသိမ်မြို့၊ အထက (ခွဲ) လ(၄)၊ Grade-1 မှ မကြယ်စင်ရှင်းသန့်အား မပန်းမုဒြာဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/6109 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 41W/21925 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သူ ၉/ကဆန(နိုင်)၀၄၅၂၃၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ကျောက်ဆည်)သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ကျောက်ဆည်)**

## မိဘအမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ မူဆယ်ခရိုင်၊ ဟိုမွန် ရပ်ကွက်၊ အမှတ် (၂)၊ အထက၊ သတ္တမတန်းမှ ပညာသင်ကြားခဲ့သော မောင်ဆုထူးမောင်နှင့် စတုတ္ထတန်းမှ မောင်ပြည်စိုးဖေတို့၏ မိဘ အမည်မှန်မှာ ဦးမျိုးကို ၅/မမတ(နိုင်)၀၅၇၀၀၀၊ ဒေါ်စုလှိုင်ထွန်း၊ ၉/မထလ(နိုင်) ၂၂၉၀၇၄တို့ဖြစ်ပါကြောင်း။

**ဦးမျိုးကို-ဒေါ်စုလှိုင်ထွန်း**

## အမည်ပြောင်း

ဦးမျိုးကို ၅/မမတ(နိုင်) ၀၅၇၀၀၀၏သား မိတ္ထီလာမြို့၊ အထက(၁) အဋ္ဌမတန်း(A) မှ မောင်ဆုထူးမောင်အား မောင်ထူးအံ့လွင်ဟုလည်းကောင်း၊ ပဉ္စမတန်း (B)မှ မောင်ပြည်စိုးဖေအား မောင်မျိုးသန့်ကိုဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ် ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## မူးယစ်ကိုပစ်
## ပန်းတိုင်သစ်
## စိတ်သစ်
## လူသစ်
## ဘဝသစ်





## အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(ပြည်) D.C.Sc သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(ပြည်)တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ဘွဲ့လွန်ကွန်ပျူတာ သိပ္ပံဒီပလိုမာဘွဲ့ (D.C.Sc)(Diploma in Computer Science) သင်တန်းဖွင့်လှစ်သင်ကြားမည်ဖြစ်ပါ၍ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

(က) ဘွဲ့လွန် ကွန်ပျူတာသိပ္ပံ ဒီပလိုမာဘွဲ့ (D.C.Sc)(Diploma in Computer Science) - (၁) နှစ်သင်တန်း

၂။ သင်တန်းနှင့် သက်ဆိုင်သော လျှောက်လွှာပုံစံများကို ကွန်ပျူတာတက္ကသိုလ်(ပြည်)၊ ကျောင်းသားရေးရာဌာနတွင် လူကိုယ်တိုင်လာရောက်၍ ရယူနိုင်ပါသည်။

၃။ အဆိုပါ သင်တန်းအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ ဖြစ်ရမည်။

၄။ **လျှောက်လွှာ စတင်လက်ခံမည့်ရက်** - ၂၇-၁-၂၀၂၃ရက်၊ (သောကြာနေ့)

၅။ **လျှောက်လွှာပိတ်မည့်ရက်** - ၁-၂-၂၀၂၃ရက်၊ (ဗုဒ္ဓဟူးနေ့)

၆။ **သင်တန်းအချိန်** - အပတ်စဉ်(တနင်္လာနေ့မှ သောကြာနေ့ အထိ) (ညနေ ၄နာရီမှ ၆နာရီအထိ) (စနေနေ့) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ)

၇။ အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ဂ) ကွန်ပျူတာ တက္ကသိုလ်များမှ B.C,Sc/B.C.Tech ဘွဲ့ရရှိသူများသည် ဝင်ခွင့်စာမေးပွဲဖြေဆိုရန် မလိုဘဲ သီးခြားလျှောက်ထားနိုင်သည်။

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(င) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ပါရှိရမည် ဖြစ်သည်။

**ကွန်ပျူတာတက္ကသိုလ်(ပြည်)**
**ကျောင်းသားရေးရာဌာန**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း




ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၂လမ်း၊ အမှတ်-၁၆၊ တတိယထပ်(ဘယ်)နေ ဦးခင်မောင်လတ်(ဘ) ဦးဟာနစ်ဘိုင် ၁၂/သဃက(နိုင်)၁၄၀၄၄၇သည် အထက်ဖော်ပြပါ COVER WORLD တံဆိပ်အမှတ်အသားအား ရန်ကုန်မြို့၊ မြို့တော်စာချုပ် စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၂၈၅၅၉/၂၀၁၉ဖြင့် တရားဝင်မှတ်ပုံတင်ထားပြီး ယင်း အမည်အမှတ်တံဆိပ်ဖြင့် ဖုန်းနှင့်စပ်ဆက် အသုံးပြုပစ္စည်းအမျိုးမျိုးတို့အား ကပ်နိုပ်၊ ထုတ်ပိုးရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါအမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ တုပသုံးစွဲ၍ အသုံးပြုရောင်းချခြင်းများမပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်တို့မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်နိုင် (LL.B.,DBL.,DIPL) ဦးချစ်ကိုကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၄၇) အထက်တန်းရှေ့နေ(စဉ်-၅၁၀၆၈)**
**အမှတ် ၅/၄၀၁၊ ၁၅၄လမ်း၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၁၁၅၂၈၃၊ ၀၉-၂၅၄၄၉၉၀၀၁**

## အမည်မှန်၊ ဖခင်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာ၊ အထက(၁)၊ Grade-8 မှ မရှင်ဖုန်း၏ အမည်မှန်မှာ မလှိုင်သူကျော်ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးတင်လင်းအေး ၉/သစန(နိုင်)၁၄၄၂၆၁ ဖြစ်ပါကြောင်း။

## ဝိုင်းမြေအရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့၊ အမှတ် (၁၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ကွင်း/အကွက်အမှတ် (၂၃၁)၊ ဦးပိုင်အမှတ် ၄၆/၂၈၂၊ အိမ်အမှတ်(၁၉/၄၆၉)နေ မိခင် ဒေါ်သင်းသင်းခိုင် ၉/မခန(နိုင်)၀၁၂၄၂၉၊ သား ဦးဝေမိုးဝင်း ၉/မခန(နိုင်)၁၄၆၉၆၀ တို့ လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိသော အလျား ၉၆ပေ၊ အနံ ၃၀ပေရှိသော ဝိုင်းမြေ၏ အရှေ့လားသော် ဦးတင်ထွဋ် ဝိုင်းမြေ၊ အနောက်လားသော် ဗိုလ်ချုပ်လမ်းမကြီး၊တောင်လားသော် ဦးအောင်ကျော်မိုး ဝိုင်းမြေ၊ မြောက်လား သော် ဦးလှမောင် ဝိုင်းမြေ ယင်းနယ်မြေလေးရပ်အတွင်းရှိ ဝိုင်းမြေကွက်နှင့်(ရေ၊ မီး) အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ၎င်းတို့မှ ကာလတန်ဖိုးနှင့် အညီ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးကျော်ကိုကို ၉/မခန(နိုင်)၁၆၃၄၀၁သည် ဝယ်ယူရန်အတွက် ၄-၁-၂၀၂၃ရက်တွင် စရန်ငွေအားပေးအပ်ထားပြီး ဖြစ်သဖြင့် အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်သည် အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြီးမောင်(တရားလွှတ်တော်ရှေ့နေ)(စဉ်-၄၆၅၅/၈၈)**
**အိမ်အမှတ် ၃၄၆၊ အမှတ်(၄)ရပ်ကွက်၊ ကဗ္ဗာလမ်း၊ မြင်းခြံမြို့**
**ဖုန်း-၀၉-၄၀၂၅၂၉၀၈၆၊ ၀၉-၉၇၆၃၁၉၉**

## ဖခင်အမည်မှန်နှင့် တစ်ဦးတည်းဖြစ်ကြောင်း

ရေနံချောင်းတက္ကသိုလ်၊ ပထမနှစ်(သမိုင်းဘာသာရပ်)နေ့သင်တန်းမှ မခင်လှိုင်တိုးနှင့် လေးတိုင်စင်ကျေးရွာ အထက(ခွဲ) Grade-8မှ မောင်စန်းမင်းနိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဖိုးသာအောင် ဖြစ်ပါကြောင်းနှင့် ရေနံချောင်းမြို့နယ် လေးတိုင်စင် ကျေးရွာနေ ဦးဖိုးသာအောင် ၈/ရနခ(နိုင်)၀၄၀၅၆၈ နှင့် ဦးသာအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်6M/4412 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ အလံပြဘုရားလမ်း၊ အမှတ် (၂၉)ပေါ်တွင် Shine Construction မှ တည်ဆောက်ထားသော Gyo Phyu Condo (၁၂)ထပ်တိုက် အဆောက်အအုံ၏ 5th Floor (Unit-2)၊ အခန်းအမှတ် (၅၀၂)၊ အကျယ်အဝန်းစတုရန်းပေ (၁၅၀၀)ရှိ ကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် စာချုပ်ဖြင့် တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစံလင်း ၉/မရမ(နိုင်) ၀၅၆၇၅၄ ထံမှ ကျွန်တော်၏ မိတ်ဆွေဖြစ်သူ ဦးခင်မောင်ညွန့်၁၂/ပဘတ(နိုင်)၀၀၀၇၉၁၊ ဒေါ်မူမူစိန် ၁၂/သဃက (နိုင်)၀၀၄၃၄၈တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်လင်း (LL.B.,D.B.L) ဦးမင်းခိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၁၀၇၀) အထက်တန်းရှေ့နေ(စဉ်-၃၉၅၈၇)**
**အမှတ် (၉၉)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၅၄၂၇၃၄၊ ၀၉-၄၂၃၇၁၀၃၂၈**

## မွေးသက္ကရာဇ်အမှန်

ကျိုက်လတ်မြို့နယ်၊ အိမ်ယာကြီး ကျေးရွာနေ ဦးစိုးသိန်း၏သမီး မသူသူစိုး ၁၄/ကလန(နိုင်)၁၂၇၂၁၈၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၇-၁၉၉၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိ အနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေရေိယာ(၀ဒသမ၀၅၅)ကေရှိ ဦးမျိုးမင်းဦး ၉/လဝန(နိုင်)၁၂၀၁၂၇(ဘ) ဦးမောင်မောင်ဝင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၃၂၅၉၆)ကို နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၄၄၃/၂၀၂၂(၁၁-၁၁-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်မျိုးမော် ၉/ပသက(နိုင်) ၀၁၄၂၉၀(ဘ) ဦးချစ်လှိုင်မှ ဦးသူရအောင် ၉/မထလ(နိုင်) ၂၅၆၉၆၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ် (ဒ-၃၂၁၃၆)၊မြေရေိယာ (၀ဒသမ ၁၄၆ကေ)ရှိ ဒေါ်အေးအေးကြည်(ခ)နန်းခမ်းကျိန် (ဘ)ဦးချင်ဒိုတပ် ၁၂/ရကန (နိုင်)၀၀၇၇၇၁ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်အေးအေးကြည်(ခ) နန်းခမ်းကျိန် ထံမှ ပြင်ဦးလွင် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲအပ်စာအမှတ်၄၁/၂၀၂၃ (၉-၁-၂၀၂၃) ရရှိထားသူ ဦးတင်အောင်စိုး (ဘ)ဦးမောင်လှ ၁၁/စတန(နိုင်)၀၀၉၅၉၇ မှ ဒေါ်ခင်မာချို (ဘ)ဦးစံထွန်းသာ ၁/စတန(နိုင်)၀၁၀၄၇၅ နှင့် အရောင်းအဝယ် မှတ်ပုံတင် စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြပြီး နေပြည်တော် စည်ပင် သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ဤကြေညာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၃/ မြို့မတောင်ရပ်ရှိ မြေကွက်အမှတ် (ပ-၂၀၃၆၇) ကို အမည်ပေါက်များဖြစ်ကြသော ဒေါ်လှမြင့်(ဘ)ဦးတင်ဝင်း ၁၂/မရက(နိုင်)၀၈၅၆၆၈၊ ဦးစံထွန်း (ဘ)ဦးတင်ဝင်း ၁၂/မရက(နိုင်)၀၁၇၈၅၁ တို့မှ ဦးစံထွန်း (ဘ)ဦးတင်ဝင်း ၁၂/မရက(နိုင်)၀၁၇၈၅၁ နှင့် မှတ်ပုံတင် စွန့်လွှတ်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင် ထုတ်ယူခွင့် ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ် စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/3826 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/40043, Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲမိုးဆွေ ၁၄/မမန(နိုင်)၀၀၂၅၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/၃/အောင်ချမ်းသာ (အောင်ဇမ္ဗူ)ရှိ မြေကွက်အမှတ် (၁၁)အား ဇမ္ဗူသီရိမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လွှဲပြောင်းပေးပို့ခဲ့သည့် ဦးပိုင်မှတ်ပုံ(၁-က)စာရင်းတွင် မြေကွက်အမည်ပေါက် ဆက်သွယ်မရ ရေိယာ ၀ဒသမ၁၁၄ကေဟု ဖော်ပြထားရှိပြီး ၎င်းမြေကွက်အား ဒေါ်အေးအေးအောင် (ဘ)ဦးကြိုင် ၉/လဝန(နိုင်)၁၇၉၇၂၅မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ မှတ်ပုံ တင်အမှတ် (၉၀၆/၂၀၂၂)၊ ဝန်ခံကတိပြုချက်၊ ပတ်ဝန်းကျင် သက်သေ ထွက်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေကွက်အမည်ပေါက် ထည့်သွင်းပေးနိုင်ပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်အမည်ပေါက် ထည့်သွင်းပေးနိုင်ပါရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ကွင်းမွှေး(၂)လမ်း၊ အမှတ်(၂၀၈၄)၊ မြေကွက်ပေါ်ရှိ(လေး)ထပ်အဆောက်အအုံ၏ (၃)လွှာ၊ ခြေရင်းဘက်အခြမ်း၊ (ကန်ထရိုက်တာအကျိုးခံစားခွင့်ရရှိထားသော အခန်း)၊ ဧရိယာ(၁၂ပေ x ၅၀ပေ)အကျယ်ရှိ လူနေတိုက်ခန်းအား ဒေါ်မြမြဝင်း ၁၃/လရန(နိုင်)၀၀၈၄၅၁၊ ဒေါ်မြင့်မြင့် ၁၂/မရက(နိုင်)၀၄၃၀၆၇ ကန်ထရိုက်တာများက မိမိတို့သည်သာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူများဖြစ်ကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိပါကြောင်း ဝန်ခံကတိပြုကြ၍ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်အမှုသည်က (၂၂-၁-၂၀၂၃)ရက်တွင် တိုက်ခန်းရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါလိပ်စာရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု (မူရင်းများ)နှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဇင်ဦး**
**အထက်တန်းရှေ့နေ(LL.B,D.B.L,WIPO-Switzerland)(စဉ်-၅၁၃၉၄)**
**ဖုန်း-၀၉-၄၀၀၈၉၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိ အနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေရေိယာ(၀ဒသမ၀၅၅)ကေရှိ ဒေါ်လဲ့လဲ့လင်းလှိုင် ၉/ပမန(နိုင်) ၁၈၃၃၁၄(ဘ)ဦးကြည်လင်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၂၅၉၄)ကို နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၄၄၄/၂၀၂၂(၁၁-၁၁-၂၀၂၂) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်မျိုးမော် ၉/ပသက(နိုင်)၀၁၄၂၉၀(ဘ)ဦးချစ်လှိုင်မှ ဦးသူရအောင် ၉/မထလ(နိုင်) ၂၅၆၉၆၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
## အလုပ်လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၄ခုနှစ်၊ တပို့တွဲလဆန်း ၅ရက်
## (၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၂၅ရက်)

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်(ရုံးချုပ်)တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ် (၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀) ရရှိသော ဦးစီးအရာရှိ (စာကြည့်တိုက်နှင့် မော်ကွန်း႒ာနစု) (၁) နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၂၈-၂-၂၀၂၃ရက်တွင် အသက် ၄၀နှစ်မကျော်သူဖြစ်ရမည်။
- (ဂ) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှစာကြည့်တိုက်အထူးပြုဘာသာရပ် ဝိဇ္ဇာဘွဲ့(သို့)ဘွဲ့လွန်ဒီပလိုမာ (သို့) မဟာဘွဲ့ရရှိသူဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်သူ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်သူများကို ဦးစားပေးမည်။
- (ဃ) စာကြည့်တိုက်လုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံ (၂)နှစ်ရှိရမည်။
- (င) စာကြည့်တိုက်ကတ်တလောက်လုပ်ငန်း၊ မျိုးတူစုလုပ်ငန်း (DDC System) ရည်ညွှန်းလုပ်ငန်းစီမံခန့်ခွဲမှုလုပ်ငန်းနှင့် Library Software များကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရမည်။
- (စ) ရွေးချယ်ခံရပါက ကော်မရှင်မှစေလွှတ်မည့်သင်တန်းများ တက်ရောက်နိုင်ရမည်ဖြစ်ပြီး ကော်မရှင်နှင့် အနည်းဆုံး (၃)နှစ် တစ်ဆက်တည်းတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချက်လက်မှတ်ရေးထိုးရမည်။
- (ဆ) နိုင်ငံ့ဝန်ထမ်းများ ဝင်ရောက်လျှောက်ထားလိုပါက သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုထောက်ခံချက်ဖြင့် လျှောက်ထားရမည်။ ရွေးချယ်ခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခြင်းသို့မဟုတ် အငြိမ်းစားယူခြင်းပြုပြီးမှသာ ခန့်ထားမည်ဖြစ်ပါသည်။

၂။ ကိုယ်တိုင်ရေးလျှောက်လွှာ (Curriculum Vitae CV Form) နှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

- ဘွဲ့လက်မှတ်မိတ္တူမှန်
- နိုင်ငံသားစိစစ်ရေးကတ်မိတ္တူမှန်
- သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လ အတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
- အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူမှန်၊
- တစ်လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ၊ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)
- အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံ အထောက်အထားမိတ္တူများ၊
- ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာကျန်းမာရေးဦးစီး႒ာနမှ ဆရာဝန်တစ်ဦးဦး၏ထောက်ခံချက်မူရင်း။

၃။ လျှောက်ထားသူသည် ရေးဖြေ၊ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာလက်တွေ့စစ်ဆေးခြင်းများကို ဖြေဆိုရမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်းလာရောက်သည့်အခါတွင် ပူးတွဲတင်ပြထားသည့် မိတ္တူမှန်များ၏မူရင်းများကိုတစ်ပါတည်းယူဆောင်လာရပါမည်။

၄။ ရေးဖြေနှင့် လူတွေ့စစ်ဆေးမှုအောင်မြင်ပါက စိတ်ပညာစစ်ဆေးမှုခံယူရမည်ဖြစ်သည်။

၅။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်(ရုံးချုပ်) အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်ပို့စာ(အမြန်ချောပို့)စနစ်ဖြင့်ဖြစ်စေ ၂၈-၂-၂၀၂၃ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ် ၀၁-၆၅၄၆၈၁ မှ ၆၅၄၆၈၄ Ext: ၈၀၁၊ ၈၀၆ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၂၈၃)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၇၀

**ကွယ်လွန်သူ ဒေါ်ခင်ခင်လတ်၏ ကျန်ရှိသောပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု**

ဒေါ်ခင်လေးငယ် **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ (၁၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၁၉(က)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ (သေတမ်းစာရေးသားသူ) ဒေါ်ခင်ခင်လတ်၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ သေတမ်းစာအတည်ပြု လက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဒေါ်ခင်လေးငယ်က အမွေဆက်ခံခြင်းဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် (၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၃ရက်) နံနက်၁၀:၀၀ တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ (သေတမ်းစာရေးသားသူ) ဒေါ်ခင်ခင်လတ်၏ ကျန်ရှိသောပစ္စည်းတွင် အကျိုးစီးပွားသက်ဆိုင်သည်ဟု အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သောရက်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဒေါ်ခင်လေးငယ်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းမြင့်ထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
## အလုပ်လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၄ခုနှစ်၊ တပို့တွဲလဆန်း ၅ရက်
## (၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်(ရုံးချုပ်)တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရရှိသော အငယ်တန်းစာရေးရာထူး (၁၂)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) ၂၈-၂-၂၀၂၃ရက်တွင် အသက် ၃၀နှစ်ထက် မကျော်သူဖြစ်ရမည်။
- (ဂ) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ Computer ကျွမ်းကျင်သူများကို ဦးစားပေးမည်။
- (ဃ) ရွေးချယ်ခံရပါက ကော်မရှင်မှစေလွှတ်မည့်သင်တန်းများ တက်ရောက်နိုင်ရမည်ဖြစ်ပြီး ကော်မရှင်နှင့် အနည်းဆုံး (၂)နှစ် တစ်ဆက်တည်းတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။
- (င) ငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ပါက အသက် ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်။
- (စ) ႒ာနဆိုင်ရာများမှ ဝန်ထမ်းများလျှောက်ထားလိုပါက သက်ဆိုင်ရာ႒ာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။ ကော်မရှင်တွင် ခန့်အပ်ခြင်းခံရပါက သက်ဆိုင်ရာ႒ာနမှ နုတ်ထွက်ရမည်ဖြစ်သည်။

၂။ ကိုယ်တိုင်ရေးလျှောက်လွှာ (Curriculum Vitae (CV) Form) နှင့်အတူ အောက်ပါ စာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

- ဘွဲ့လက်မှတ်မိတ္တူမှန်၊
- အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူမှန်၊
- နိုင်ငံသားစိစစ်ရေးကတ် မိတ္တူမှန်၊
- သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လ အတွင်း ရရှိထားသည့်ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
- အလုပ်သမားမှတ်ပုံတင်ကတ် မိတ္တူမှန်၊
- တစ်လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ၊ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)
- အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံအထောက်အထားမိတ္တူများ၊
- ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာကျန်းမာရေးဦးစီး႒ာနမှ ဆရာဝန်တစ်ဦးဦး၏ ထောက်ခံချက်မူရင်း။

၃။ လျှောက်ထားသူများသည် လူတွေ့စစ်ဆေးခြင်း၊ ကွန်ပျူတာလက်တွေ့စစ်ဆေးခြင်းများ ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့်ရက်အား သီးခြားအကြောင်းကြားမည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင် ပူးတွဲတင်ပြထားသည့် မိတ္တူမှန်များ၏ မူရင်းများ တင်ပြရမည်။

၅။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်(ရုံးချုပ်)၊ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်ပို့စာ (အမြန်ချောပို့) စနစ်ဖြင့်ဖြစ်စေ ၂၈-၂-၂၀၂၃ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၁-၆၅၄၆၈၁မှ ၆၅၄၆၈၄ Ext: ၈၀၁၊ ၈၃၆ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် CC/6308 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြဝတ်ရည်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-ကံဘဲ့)၊ မြေကွက်အမှတ်(၁၅/ခ)၊ မြေရေိယာ ၁ ဒသမ ၂၅၄ ဧကရှိမြေပိုင်မြေ လ/န ၃(ခ)ရပြီး၊ မြေကွက်အနက်မှတရားဝင်မခွဲ စိတ်ရသေးသော အကျယ်အဝန်း(၄၀ပေx ၅၈ပေ)ရှိ၊ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီး႒ာနတွင် Kတံနီကိုဒီရာပုလဲ တစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်ပါသည်။ ၎င်းထံမှ အစဉ်ဆက်စာချုပ်များနှင့် ရန်ကင်းမြို့နယ်တရားရုံးမှ ၁၃-၁-၂၀၂၃ ရက်တွင် ချမှတ်သည့် ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၁၂ အရ ဦးကျော်စွာလင်းမှ အနိုင်ဒီဂရီရရှိပြီး၊ တရားဝင်လက်ဝယ်ရရှိပိုင်ဆိုင်ထားပါသည်။ ဦးကျော်စွာလင်း ၁၂/ရကန(နိုင်)၀၀၀၈၂၂ မှ အထက်ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ဝယ်ရရှိပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှစရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား၊ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်တွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီးလာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးရီ (LL .B)** — **တရားလွှတ်တော်ရှေ့နေ(၄၃၇၃)**

**ဒေါ်ဝသန်စည်သူ (LL.B) (D.I.L)** — **အထက်တန်းရှေ့နေ (၅၃၀၀၃)**

**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၂)ဟုခေါ်တွင်သော အကျယ်အဝန်း(၁၅ပေ× ၁၂၀ပေ)ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအရပ်ကတိစာချုပ်အဆက်အစပ်များဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းမရှိဘဲ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်သန်းသန်းမော် (၁၂/အစန(နိုင်)၀၉၃၇၈၆) ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်လှိုင် LL.B,**
**အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)**
**Ph, 09421746974**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ပတ္တမြားတောင်)၊ ပုလဲလမ်း၊ မြေကွက်အမှတ်(၁၃၉) အကျယ်အဝန်း(၃၀ပေ× ၅၀ပေ)ရှိ ဦးဝင်းကျော်လင်း (၈/ရနခ(နိုင်)၀၈၅၇၆၁) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးဝင်းကျော်လင်း (၈/ရနခ(နိုင်)၀၈၅၇၆၁)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်လှိုင် LL.B,**
**အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)**
**Ph, 09421746974**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ ဦးဇရတ်ဆင်း ၇/သဝတ(နိုင်)၀၁၉၅၇၇ (ဘ)ဦးဖဟေးဆင်း အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၀၉၁၀)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၁၃၇၁/၂၀၂၂(၅-၄-၂၀၂၂) ဖြင့် မြေကွက်အမည်ပေါက် ၏အထူး ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးခင်မောင်အေး ၆/ထဝန(နိုင်)၀၈၉၀၈၅ (ဘ) ဦးမြင့်သိန်းမှ ဦးမြင့်ဦး ၅/စကန(နိုင်)၁၃၇၇၄၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု႒ာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ႒ာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု႒ာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊ နည်းဥပဒေ -၂၀ )
## လားရှိုးမြို့နယ် တရားရုံးတော်၌
## ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ်-၄

တပ်ကြပ်ကြီးစိုင်းသန်းဝင်း **နှင့်** ဒေါ်မြတ်သူဇာနွယ်

**တရားလို** **တရားပြိုင်**

လားရှိုးမြို့၊ တာပုံကျေးရွာအုပ်စု၊ စစ်မှုထမ်းဟောင်းအိမ်ရာနေ တရားပြိုင် ဒေါ်မြတ်သူဇာနွယ် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

အသင့်အပေါ်၌ တရားလို တပ်ကြပ်ကြီး စိုင်းသန်းဝင်း က "လင်မယားကွာရှင်းပြတ်စဲစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ခုနှစ် ဖေဖော်ဝါရီ ၆ ရက် (၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၃ ရက် တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(လွင်မိုးအောင် )**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**လားရှိုးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်ကြည်ကြည်ဌေး ၉/ပမန(နိုင်)၀၂၄၄၂၃ (ဘ) ဦးကျောက်လုံး အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၂၄၆၅) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၆၆/၂၀၁၇(၃-၁၀-၂၀၁၇) ဖြင့် မြေကွက်အမည်ပေါက်၏အထူး ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မီမီစိုး(ခ)ဆွေဆွေလှိုင် ၁၀/သထန(နိုင်)၀၀၀၉၇၂ (ဘ)ဦးစိုးသန်းမှ ဦးအောင်နိုင်၊ ဒေါ်မီမီစိုး(ခ) ဒေါ်ဆွေဆွေလှိုင် ၇/ပခန(နိုင်)၁၈၇၀၈၂၊ ၁၀/သထန(နိုင်)၀၀၀၉၇၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု႒ာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ႒ာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု႒ာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/ 23831 Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်စိုး ၃/ဘအန(နိုင်)၁၆၁၀၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/ 65743 Honda C90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းနှင်းလှဲ ၅/ရဘန(နိုင်)၀၀၂၇၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/1440 Mitsubishi Canter FE Truck (4x2)Rယာဉ်လက်ဝယ်ရှိသူဒေါ်စုစုတင် ၁၂/ဒဂတ(နိုင်)၀၆၄၂၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**
**ရန်ကုန်မြို့**

## ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးအမည်နှင့် ဖြန့်ဖြူးသူပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Anhui Guangxin Agrochemical Co., Ltd. နှင့် Lier Chemical Co., Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးနှင့်မှိုသတ်ဆေးကို အမည်ပြောင်းလဲခြင်း၊ မူလဖြန့်ဖြူးသူ Agro Green Land Chemical Co., Ltd မှ Min Zanaka Agro Co., Ltd, သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်-

| စဉ် | ကုန်သွယ်မှုအမည် | | အဆိပ်ရှိ ပစ္စည်း | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင် အမှတ် | ဖြန့်ဖြူးသည့်ကုမ္ပဏီ | |
|---|---|---|---|---|---|---|---|
| | မူလအမည် | ပြောင်းလဲမည့်အမည် | | | | မူလဖြန့်ဖြူးသူ | ပြောင်းလဲဖြန့်ဖြူးသူ |
| ၁ | Guang Cyper | အယ်ဖာစတား | Alpha-Cypermethrin 100g/L EC | Provisional | P2021-5245 | Agro Green Land Company Ltd | Min Zanaka Agro Co., Ltd |
| ၂ | Foison Knight | ရွှေသီးနှံ | Epoxiconazole 12.5% SC | Provisional | P2022-4704 | Agro Green Land Company Ltd | Min Zanaka Agro Co., Ltd |

သို့ဖြစ်ပါ၍ အဆိုပါပိုးသတ်ဆေးနှင့် မှိုသတ်ဆေးအမည်ပြောင်းလဲခြင်းနှင့် ဖြန့်ဖြူးသူ ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ ၁၄ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လိပ်စာ - Agro Green Land Chemical Co., Ltd. အမှတ်(၆၁)၊ ဂရုဏာလမ်း၊ ကညနရုံးအနီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်၊ ဖုန်း-၀၉-၇၇၇၇၅၈၈၄၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၁၄) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၊ ပထမထပ် (တိုက်ရှေ့မျက်နှာမူလျှင် -ညာဘက်)၊ အကျယ်အဝန်း (၁၅ပေx၆၀ပေ)ရှိ တိုက်ခန်းအားအရပ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိလက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဝင်းဗိုလ် ၁၀/ဘလန(နိုင်)၀၄၆၄၀၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးရန်နိုင် ၁၄/မမန(နိုင်)၁၅၄၀၄၉နှင့် ဒေါ်ခင်သန်းငွေ ၉/ဝတန(နိုင်)၁၂၀၃၅၉တို့ က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရန်ကုန်ပေါက်ကျေးရွာ၊ ဒလ-တွံတေး ကားလမ်းဘေး၊ အမှတ်(၇၈)တွင် ကျွန်မ ဒေါ်အေးသန္တာစိုးမှ အောက်ပါ အမည်တစ်ခုခုဖြင့် ရေသန့်၊ ရေခဲ၊ အချိုရည်နှင့် ဆက်စပ်လုပ်ငန်းများကို ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပါသည်-

(၁) Nan Taw Thit (နန်းတော်သစ်)

(၂) Aung Family (အောင် မိသားစု)

(၃) New Palace

အဆိုပါအမည်ဖြင့် ထုတ်လုပ်ရောင်းချမည်ကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အထက်ပါအမည်များကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင် မှတ်ပုံတင်သွင်း၍ အထက်ပါ လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးသန္တာစိုး**
**၁၂/အစန(နိုင်)၂၀၂၆၂၆**
**ဖုန်း-၀၉-၇၇၉၅၂၇၄၉၃၊ ၀၉-၄၀၉၇၇၆၅၈၄**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ်(၈)၊ စတုတ္ထထပ်၊ (၅-လွှာ-စီ)၊ ပေ(၁၄x၅၄) ရှိ ရေ၊ မီးစုံတိုက်ခန်းအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါသည်

ဖော်ပြပါ တိုက်ခန်းကို ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဥပဒေနှင့်အညီ လက်ရှိပိုင်ဆိုင်သူ ဦးဝင်းမင်းထွန်း ၁၂/သကတ(နိုင်)၁၇၇၅၇၄ ကရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် အဆိုပြုကမ်းလှမ်းလာသည့်အတွက် ဦးကျော်ဇေလင်း ၇/မလန(နိုင်)၀၆၆၀၉၈ မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထွန်း (B.Sc, H.G.P, D.B.L, D.M.L)**
**အထက်တန်းရှေ့နေ(စဉ်-၁၀၆၁၆)**
**ဖုန်း-၀၉-၅၁၈၃၃၂၆၊ ၀၉-၇၇၅၁၈၃၃၂၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်နေ ဦးသောင်းရွှေ ၁၃/တကန(နိုင်)၁၂၈၁၁၈-ဒေါ်နန်းကြည် ၁၃/တကန(နိုင်)၁၂၅၀၆၅ တို့၏သား မောင်စိုင်းအာကာစိုး ၉/ခအဇ (နိုင်)၀၂၀၇၉၈ သည် မိခင်ဖခင်တို့၏ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုမူနေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်များအား တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**မိဘ ဦးသောင်းရွှေ-ဒေါ်နန်းကြည်**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျွန်းကုန်းကျေးရွာနေ ဦးကြီးမြင့် (ဘ) ဦးဒီလုံး(ခ)တင်လှိုင် ၁၄/ဝခမ(နိုင်)၀၆၀၂၁၄ က အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ဝါးခယ်မမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါသည်-




အထက်ဖော်ပြပါ ရေသန့်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ သောက်ရေသန့်ကို ဘူးကြီး၊ ဘူးသေး၊ ဘူးလတ်စသည့် အရွယ်အစားအမျိုးအစားဖြင့် ဝါးခယ်မမြို့နယ်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချီ ရောင်းချသွားမည်ဖြစ်ပါသည်။ ထို့အပြင် ၎င်းအမှတ်တံဆိပ် အမှတ်အသားကို ထည့်သွင်း ထုပ်ပိုးမည့် ပစ္စည်းများဖြစ်သည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများ၊ ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းစသည့် အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး ပြုလုပ်သည့် အသားတံဆိပ်ပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် တုပသုံးစွဲခြင်းမပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အဆိုပါ တားမြစ်ချက်များကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။ ၎င်းအမှတ်တံဆိပ်အမှတ်အသားနှင့် ပတ်သက်၍ (အမည်တူ) ကန့်ကွက်လိုပါက သတင်းစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကြီးမြင့် ၁၄/ဝခမ(နိုင်)၀၆၀၂၁၄**
**ဖုန်း-၀၉-၇၉၄၇၅၇၇၈၀၊ ၀၉-၄၅၇၂၂၂၆၀၀**

## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသော မြေအမည်ပြောင်း လျှောက်ထားကြောင်းကြေညာစာ

ကြံခင်းမြို့၊ ရွာသစ်ရပ်၊ အကွက်အမှတ် ၆(A)အမည် အင်းလပ်အနောက်၊ ဦးပိုင်အမှတ် (၂၂)၊ မြေကွက်အမှတ် (၄၃)၊ ဧရိယာ ၀ ဒသမ ၀၂၂ ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် -

(က) အရှေ့လားသော် - သုခမိန်လမ်း

(ခ) အနောက်လားသော် - ဦးပိုင်အမှတ် (၂၁ဃ)

(ဂ) တောင်လားသော် - ဦးပိုင်အမှတ် (၂၁ခ)

(ဃ) မြောက်လားသော် - ဦးပိုင်အမှတ် (၁၃က)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဦးကြည်ဝင်း၊ ဒေါ်နီနီစိုးမှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၉ ရက် မတိုင်မီ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက် တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**ကြံခင်းမြို့**

## တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စ/၄၊ အနော်ရထာလမ်း၊ အနန်းပင်ရပ်ကွက်နေ ဦးမြင့်စိန်၏သမီး ဒေါ်နွေးနွေးလတ် ၁၂/မဂဒ(နိုင်) ၁၂၅၃၁၀ နှင့် ဦးလှကြိုင်၏သား ဦးရန်လင်းထွန်း ၈/ပခက(နိုင်)၂၄၉၀၄၀ တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှု မရှိတော့ပါသဖြင့် ၂၂-၁-၂၀၂၃ ရက်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရန်လင်းထွန်း**
**(လ-န-စ) ဝါဇီ၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၆၉၂၈၈၇၀၀၀**

မြင့်ခစတနာဆေးတိုက်

ခရုသင်း (သမင်ဖြူ)
LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

ဆရာဦးခင်မောင်မြင့်၊ အမှတ်-၃၊ ပီတောက်ရိပ်ငြိမ်၊ ရန်ကုန်အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၈၆၆၆၄၇၈၊ ၀၉-၇၅၈၃၂၃၆၁၇

**(ဌာနခွဲ)အမှတ်(၂)၊ ၆၂-လမ်း၊ ၂၈x၂၉လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၄၀၂၂၅၁၅၊ ၀၉-၂၅၆၅၆၈၁၈၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/၂ /လက်ပံခါးလှ (အောင်ဇမ္ဗူ)ရှိ မြေကွက်အမှတ်(၁၂၅)၊ ဧရိယာ ၀ ဒသမ ၀၅၀ ဧကအား အမည်ပေါက် ဦးစိုးလွင် (ဘ) ဦးလှမောင် ၉/ဝတန(နိုင်)၁၅၂၀၅၉ မှ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဝန်ခံကတိပြုချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက် မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ၂၀၂၀ပြည့်နှစ်၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြေညာခြင်း (လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၄၇နှင့် လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၉ နှင့် ၁၅ (ခ) အရ)

GIG WORKS X IT MYANMAR COMPANY LIMITED

GIG WORKS X IT MYANMAR COMPANY LIMITED (အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းဆဲ)၏ အထွေထွေ အစည်းအဝေးကို ၂၃-၁-၂၀၂၃ရက်၊ နံနက် ၁၀:၀၀ နာရီတွင် အမှတ် ၁၇၃၊ ၃၅လမ်း၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပ၍ အောက်ပါ အထူးဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်-

၁။ လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ ကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းရန်။

၂။ အမှတ် (၂၀၉)၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိသော "Competency Business Solutions Company Limited" မှ Managing Partner (ဒါရိုက်တာ) ဖြစ်သူ ဒေါ်မေသူလှိုင်၊ (B.Com, CPA (Myanmar), CA (Singapore), CPA (Australia), ASEAN CPA, ACCA (UK), Myanmar Association of Insolvency Practitioners (MAIP) Member No-00075) ၁/မကန(နိုင်)၀၈၃၆၁၅ အား အဆိုပါစာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ၎င်းအားကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် အကျိုးဖြစ်စေမည့် လိုအပ်သည်ဟု ယူဆသည့် အတိုင်းအတာနှင့်ကာလအထိ ကုမ္ပဏီ၏ လုပ်ငန်းများကို ဆက်လက်လည်ပတ်စေရန် အခွင့်အာဏာလွှဲအပ်ကြောင်းနှင့် သင့်လျော်သည်ဟု ထင်မြင်ယူဆသည့် အခြားကိစ္စရပ်များအား လုပ်ပိုင်ခွင့်များကို ခွင့်ပြုရန်။

သို့ဖြစ်ပါ၍ GIG WORKS X IT MYANMAR COMPANY LIMITED မှရရန်နှင့် ပေးရန်ရှိသည့် အဝဝကို ၂၃-၂-၂၀၂၃ ရက်နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**GIG WORKS X IT MYANMAR COMPANY LIMITED ၏**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**(အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်း ရှင်းလင်းဖျက်သိမ်းဆဲ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/4251 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/3608 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်တွေမြို့၊ အိုးတန်းရပ်ကွက်နေ ဦးမင်းမင်းအောင် ၁၁/စတန(နိုင်)၀၀၀၇၀၈၊ ဘောလုံးကွင်းရပ်ကွက်နေ ဦးစောထွန်းမင်း ၁၁/စတန(နိုင်)၀၀၂၅၇၉ နှင့် မောလိပ်ရပ်ကွက်နေ ဦးဇော်လင်းအောင် ၁၂/မရက(နိုင်)၁၀၄၄၇၉ တို့က စစ်တွေမြို့၊ စက်မှုရပ်ကွက် (ဆတ်ရိုးကျ)၊ အကွက်အမှတ်(၆)၊ မင်းဒရား ချိတ်အနောက်အကွက်၊ မြေကွက် အမှတ်(၁၉၃၊ ၁၉၄)ရှိ မြေဧရိယာ (၀ဒသမ၉၇၅)ဧကအား လူနေအိမ် ဆောက်လုပ်နေထိုင်ရန်အတွက် မြေငှားဂရန်အသစ်ရရှိရေး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်လွှာတင်နိုင်ကြောင်း ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကော်လီတွော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်တွေမြို့**

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၂၁ )၊ သိမ်ချောင်းလမ်း၊ မြေကွက်အမှတ် (၁၂၈၉) ၊ အကျယ်အဝန်း (၄၆ပေ × ၆၀ပေ) (၀.၀၆၃-ဧက) ရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ကလျာဆင့်ဆင့်ဦး (၁၀/မလမ(နိုင်)၁၁၉၅၈၂) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစိန်လင်း(၁၂/တမန(နိုင်)၁၁၄၃၂၈) ကဝယ်ယူရန်အတွက်စရံငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးထိန်လင်းသန်း** | **ဒေါ်ပြည့်ပြည့်ဖြိုး** |
| **LL.B, D.B.L, D.I.L, D.M.L,** | **LL.B, D.B.L, D.I.P.L,** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)** |

**Hein Htet San Law Firm ဖုန်း -၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဦးခင်ဝင်း ၁၃/နခတ(နိုင်)၀၀၁၉၅၄ (ဘ) ဦးမောင်သန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက် အမှတ်(ပ-၂၁၉၉၆)ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၂၃၂/၂၀၂၂ (၂၀-၄-၂၀၂၂) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးထက်အောင် ၁/မကန(နိုင်)၁၁၁၉၄၆ (ဘ) ဦးဇော်ဟိန်းမှ ဦးဇော်ဟိန်း ၁/မကန(နိုင်)၀၁၄၈၄၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မထက်ထက်ထွန်း ၁၄/ကလန(ပြ)၀၀၀၆၃၉ (၅၃-၁၃(၀၂၆))၏ ဖခင်အမည်မှာ ဦးမောင်ဝင်း(ခ) ဂျိုးဇက်နှင့် JOSEPH CHANDRAN ၁၄/ကလန(ပြ)၀၀၀၃၀၇ သည် တစ်ဦးတစ်ယောက်တည်း ဖြစ်ပါကြောင်း။

**ဦးမောင်ဝင်း(ခ)ဂျိုးဇက်(ခ)**
**JOSEPH CHANDRAN**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၂-၂၀၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃၀)ပါ အများသိစေရန် ကြေညာခြင်းတွင် ရွှေဘိုမြို့၊ အမှတ်(၁) ရပ်ကွက်မှ ဦးပိုင်အမှတ်(၇၀$^{ခ}$) အစား ဦးပိုင်အမှတ်(၇၀$^{ဓ}$) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ လှိုင်သာယာ အရှေ့ပိုင်းမြို့နယ်၊ အမက (၁၈)၊ Grade-2(A)မှမောင်သော်ဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးရဲမြင့်ထွန်းအား ဦးဗိုလ်ဝင်းဟု ပြောင်းလဲခေါ်ပါ ရန်။

**ဦးဗိုလ်ဝင်း ၈/မလန(နိုင်)၁၁၄၅၉၁**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့၊ အမှတ်(၂)၊ အမက (မူလွန်)ကျောင်း၊ Grade-4 မှ မောင်သန့်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်သီဟ ၅/ကဘလ(နိုင်)၂၀၄၄၃၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးမြို့နယ်၊ အင်းနက်ကုန်းကျေးရွာ၊ အလက (အင်းနက်ကုန်း) Grade-7မှ မောင်အောင်ဘုန်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးအောင် ၈/မကန(နိုင်)၁၅၁၁၆၇ ဖြစ်ပါကြောင်း။

**ဦးဇော်မျိုးအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/65123 Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေးအိမွန် ၁၄/ပသန(နိုင်)၂၆၆၃၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်း ကြော်ငြာစာ

ကြို့ပင်ကောက်မြို့၊ ဈေးချိုမြောက်ရပ်ကွက်၊ ကွင်းအမှတ်(၃)ပြည်တန်းရပ်၊ ဦးပိုင်အမှတ်(၇$^{က}$)၊ ဧရိယာ ၀ ဒသမ ၀၄၁ကေရှိ မြေကွက်သည် မူလတွင် ဦးတင်ဝင်း အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားပြီး အဆိုပါမြေကွက်ကို ၎င်းအမည်ဖြင့် မြေငှားဂရန် သက်တမ်းတိုး လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၅-၂-၂၀၂၃ ရက်၌ဖြစ်စေ၊ ၎င်းရက်မတိုင်မီဖြစ်စေ ခိုင်လုံသော အကြောင်းပြချက်ရှိသည့် ကန့်ကွက်လွှာကို တင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ကြို့ပင်ကောက်မြို့**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင် ပြည်ထောင်စု/ပြည်နယ်(ဖြည့်စွက်)ရန်ပုံငွေအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်အတွင်းရှိ ကျိုင်းတုံမြို့နယ်မှ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်(ဖြည့်စွက်)ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို သက်ဆိုင်ရာ လမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၂၄-၁-၂၀၂၃ရက်မှ ၁၀-၂-၂၀၂၃ရက်အထိ(ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံမြို့ |
| (ဂ) | **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** | - ၁၀-၂-၂၀၂၃ရက်၊ ၁၆:၀၀နာရီ |
| (ဃ) | **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - ၁၁-၂-၂၀၂၃ရက်၊ နံနက် ၁၀:၀၀နာရီ |
| (င) | **တင်ဒါဖွင့်လှစ်မည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၀၂၁၀၃၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၂၊ အခန်း ၂၄၊ (၅)ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ၊ ရန်ကင်းမြို့နယ်(တတိယလွှာ) တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူ ဦးခင်ဇော် ၁၂/စခန(နိုင်)၀၃၉၁၅၃ ထံမှ ဦးရဲမင်းသူ ၁၃/တခလ(နိုင်)၀၆၄၀၈၂ သည် ၂၀-၁-၂၀၂၃ ရက်တွင် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ထိုတိုက်ခန်းနှင့် ပတ်သက်၍ အကြောင်းတစ်စုံတစ်ရာကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားများဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးရဲမင်းသူ၏လွှဲအပ်ချက်အရ-**
**ဒေါ်ချိုချို (ခ) ဒေါ်ခင်ချိုချို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၀၂၃)**
**အမှတ်၂၃/၁၊ ကံဘဲ့လမ်း နှင့် သစ္စာလမ်းထောင့်၊ (၁)ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၅၇၂၂၆၆၀၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်းတန်ကျေးရွာရှိ ကွင်းအမှတ်-၅၈၆၊ ကွင်းအမည်-အင်းတန်ကွင်း၊ ဦးပိုင်အမှတ်(N/၂၈)၊ မြေအမျိုးအစား-G၊ မြေလုပ်ကိုင်သူအမည်-ဦးတင်အောင်သောင်း၊ ဧရိယာ ၀ ဒသမ ၁၈ကေ အနက်မှ ပေ(၂၅x၁၃၄)ရှိ ခြံမြေနှင့် ယင်းခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို စာရွက်စာတမ်းစုံလင်စွာဖြင့် တရားဝင် လက်ရှိပိုင်ဆိုင်သူများဖြစ်ကြသော ၁။ ဦးမြင့်တင်၊ ၂။ ဒေါ်သန်းအေး၊ ၃။ ဦးအောင်ကောင်းခန့်၊ ၄။ ဒေါ်မြမြသောင်း၊ ၅။ ဒေါ်ဝင်းဝင်းသောင်း၊ ၆။ ဒေါ်တင်တင်သောင်း၊ ၇။ ဒေါ်မော်မော်သောင်း၊ ၈။ ဒေါ်မဥ္စူသောင်း၊ ၉။ ဦးထင်ကျော်သောင်း၊ ၁၀။ ဦးတင်အောင်သောင်းတို့ထံမှ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဝင်းသီတာဝေ** | **ဒေါ်ကျော့ကျော့မွေး** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၂၈၆၃/၂၉-၆-၂၀၁၇)** | **(စဉ်-၃၃၇၁၃/၉-၁၀-၂၀၁၃)** |
| **ရှေ့နေများရုံးခန်း၊ တရားရုံးဝင်း၊** | **ရှေ့နေများရုံးခန်း၊ တရားရုံးဝင်း၊** |
| **မှော်ဘီမြို့၊ ဖုန်း-၀၉-၄၂၀၁၇၇၂၃၀** | **မှော်ဘီမြို့၊ ဖုန်း-၀၉-၇၆၁၈၈၃၂၈၈** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၁၆၂၅) ၊မြေဧရိယာ ၀ ဒသမ ၁၄၆ကေရှိ ဒေါ်မျိုးမမ (ဘ)ဦးဝင်းရွှေ ၉/ပမန(နိုင်)၁၄၃၂၈၆ အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်မျိုးမမထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၁/၂၀၂၃(၁၃-၁-၂၀၂၃) ရရှိထားသူ ဦးမင်းမင်းလွင် (ဘ)ဦးညီပု ၉/လဝန(နိုင်)၀၀၇၂၀၀ မှ ဦးမြင့်ဆွေ (ဘ)ဦးရွှေ ၉/လဝန(နိုင်)၀၇၉၃၉၀ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်(ဖြည့်စွက်)ရန်ပုံငွေအတွက် ကတ္တရာ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း(ဖြည့်စွက်)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်းလုပ်ငန်းများအတွက် လိုအပ်သော ၆၀/၇၀ ကတ္တရာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကတ္တရာပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၂၄-၁-၂၀၂၃ရက်မှ၈-၂-၂၀၂၃ရက်အထိ (ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ |
| (ဂ) | **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/ အချိန်** | - ၈-၂-၂၀၂၃ရက်၊ ၁၆:၀၀နာရီ |
| (ဃ) | **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - ၉-၂-၂၀၂၃ရက်၊ နံနက် ၁၀:၀၀နာရီ |
| (င) | **တင်ဒါဖွင့်လှစ်မည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၀၂၃၁၇၀၊ ၀၈၄-၂၀၂၁၆၃၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၁က)၊ ဦးပိုင်အမှတ် (၃၈၀)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ကေရှိမြေကွက်သည် မူလက ဒေါ်ငွေအမည်ဖြင့် အမှုတွဲအမှတ် ၂၈၀(V) ၂၀၀၈-၂၀၀၉ အရ ၂-၁-၂၀၄၉ ရက်ထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဒေါ်ငွေက ၂၃-၁၂-၂၀၂၂ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၈၅/၂၀၂၂) အရ ဒေါ်သိန်းမြင့်ဌေးထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်သိန်းမြင့်ဌေး ၅/ကလဝ(နိုင်)၀၅၁၆၄၅ အမည်ဖြင့်မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ မြင်သာရပ်ကွက်နေ ဦးတင်ငွေမှ ကွင်းအမှတ်(E/မြင်သာရပ်)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ ၀ ဒသမ ၀၅၅ ကေရှိ မြေကွက်ကို ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ကော်လိတ္တော်အရာရှိ)ထံတွင် မြေငှားဂရန်အား (၁-က)ရေးသွင်းပေးပါရန် ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မိုးမခလမ်း၊ ကုန်းတလပေါင်းကျေးရွာအုပ်စု၊ ခြံအမှတ်(၁၆)၊ (၂၀x၁၂၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဒေါ်လှရီ ၁၂/မဂဒ(နိုင်)၀၄၇၇၇၁ မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်စန်းစန်းမြင့်ကလည်း ဝယ်ယူရန်အတွက် မြေကွက်၏ရောင်းဖိုးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** | **ဒေါ်ကြည်လပြည့်ဝန်း** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၆၀၅/၂၀၁၅)** | **(စဉ်-၄၉၅၀၂/၂၀၁၈)** | **(စဉ်-၅၁၉၂၄/၂၀၁၉)** |

**တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊**
**(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉ - ၇၉၅၅၃၄၇၅၃ ၊ ၀၉ - ၇၅၀၃၉၈၄၀၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရေနီမြို့၊ ၃ရပ်ကွက်နေ ဦးထွန်းထွန်း ၇/ရတရ(နိုင်)၁၄၉၁၅၆- ဒေါ်ခင်အေး ၇/ရတရ(နိုင်)၁၉၁၃၉၆ တို့၏သားဖြစ်သူ မောင်သိန်းထိုက်စံ (ခ)ပြောင်ကြီးသည် မိဘတို့၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသောကြောင့် မောင်သိန်းထိုက်စံ (ခ)ပြောင်ကြီးနှင့် ပတ်သက်သည့်ကိစ္စမှန်သမျှ မိမိတို့နှင့် မသက်ဆိုင်တော့ပါကြောင်းနှင့် ၎င်း၏အရှုပ်အရှင်းမှန်သမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးထွန်းထွန်း-ဒေါ်ခင်အေး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/၂/လက်ပံခါးလှ(အောင်ဇမ္ဗူ)ရှိ မြေကွက်အမှတ်(၁၂၄)၊ ဧရိယာ ၀ ဒသမ ၀၄၀ ကေအား အမည်ပေါက် ဒေါ်သိန်းကြည် (ဘ)ဦးထွန်းကို ၉/ပမန(နိုင်)၁၁၄၆၅၅မှ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဝန်ခံကတိပြုချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သန်လျင်တံတားအိမ်ရာဝင်း၊ စိန်ပန်းလမ်း၊ အမှတ်(၁၉)နေ မောင်ဝေဖြိုးအောင်သည် ဒေါ်ခင်သက်ဦး ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်-၃၀၆(အေ)၊ (၄)လွှာတိုက်ခန်းကို ဝယ်ယူရန်အတွက် စရန်ငွေအချို့တစ်ဝက် ပေးအပ်ပြီးဖြစ်ပါသည်။ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **မောင်ဝေဖြိုးအောင်** | **ဒေါ်ချိုချိုလွင် (LL.B, D.I.L)** |
| **၁၂/သကတ(နိုင်)၂၀၀၂၆၃** | **DL.101(WIPO SWITZERLAND)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၁၃)** |
| | **သဃ်န်းကျွန်းမြို့နယ်ရှေ့နေများနားနေခန်း၊** |
| | **သဃ်န်းကျွန်းမြို့နယ်တရားရုံး** |
| | **ဖုန်း-၀၉-၄၂၅၃၀၂၁၅၄** |

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်စေတနာရပ်(ခ)အုပ်စု၊ (၆)လမ်း၊ မြေကွက်အမှတ်(၆၄၆)၏ အရှေ့ဘက်အခြမ်း၊ ဧရိယာပေ(၄၀x၆၅)ရှိမြေကွက်၊ ဂရန်အမည် ဒေါ်သီတာဦး ၉/မနမ(နိုင်)၀၆၀၈၅၅၊ အမှတ်(၃၈၅)၊ အဝေရာလမ်းနှင့် (၆)လမ်းထောင့်၊ အောင်စေတနာ(ခ)ရပ်ကွက်၊ မကွေးမြို့ အမည်ပေါက်မြေကွက်အား ယခုလက်ရှိပိုင်ဆိုင်သူ ဒေါ်သီတာဝင်း ၈/တတက(နိုင်)၀၉၉၄၈၈ အမှတ်(၉)၊ မန်ကျီးပင်လမ်း၊ ကန်သာရပ်ကွက်၊ (ခ)အုပ်စု၊ မကွေးမြို့နေသူထံမှ ကျွန်မ ဒေါ်နီနီအေး ၈/မကန(နိုင်)၁၁၀၁၅၆ အမှတ်(၁၅၁)၊ (၆)လမ်း၊ ရန်မျိုးနိုင်ရပ်ကွက်၊ မကွေးမြို့ နေထိုင်သူအနေဖြင့် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားစာရွက်စာတမ်းများ ခိုင်လုံပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက မြေကွက် အရောင်းအဝယ် ကိစ္စအရပ်ရပ်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နီနီအေး**
**အမှတ်(၁၅၁)၊ (၆)လမ်း၊ ရန်မျိုးနိုင်ရပ်ကွက်၊ မကွေးမြို့**
**ဖုန်း-၀၉-၇၉၀၇၁၀၄၅၀**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားခြင်း

မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ်(၁၆၂/၅)၊ ၁၉၅၉-၁၉၆၀ခုနှစ် ဒေါ်ခင်ကြည် (ဘ)ဦးဘိုစံ MGE-၀၈၉၁၁၂ အမည်ဖြင့် ထုတ်ပေးထားသော မကွေးခရိုင်၊ မကွေးမြို့နယ်၊ ရွာသစ်ပွဲကြိုရပ်ကွက်၊ (၁၄)လမ်း၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၀-A)၊ ရွာသစ်အနောက်၊ ဦးပိုင်အမှတ်(၂၃)၊ နှစ်(၃၀)ဂရန်မြေကွက်နှင့်ပတ်သက်၍ တရားရုံးတော်၌ စာချုပ်စာတမ်းမှတ်ပုံတင်ပေးစေလိုမှုဖြင့် သက်သာခွင့်တစ်ရပ်ကို ဥပဒေနှင့်အညီ တောင်းဆိုမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ယင်းမြေကွက်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သက်ဆိုင်သူများထံသို့ လေးစားစွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

**ဒေါ်တင်တင်အေး ၈/မကန(နိုင်)၀၀၁၀၅၃**
**အမှတ်(၁၅၄/ခ)၊ (၁၆)လမ်း၊ ရွာသစ်ပွဲကြိုရပ်ကွက်၊ မကွေးမြို့**

## ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်း ကြော်ငြာစာ

ကြို့ပင်ကောက်မြို့၊ ဈေးချိုတောင်ရပ်ကွက်၊ ကွင်းအမှတ်(၅$^{S}$)၊ ဈေးချိုရပ်၊ ဦးပိုင်အမှတ်(၁၃၉$^{ခ}$)၊ ဧရိယာ ၀ ဒသမ ၀၄၇ကေရှိမြေကွက်သည် မူလတွင် ဦးကိုကိုကြီး အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားရှိပြီး မြေငှားဂရန် သက်တမ်းကုန်ဆုံးသည်မှာ နှစ်ပေါင်း (၄၀) ခန့်ကြာမြင့်နေပြီး အဆိုပါမြေကွက်ကို လှည်းတန်းလမ်းနေ ဒေါ်ယဉ်ကြည်မှ မြေငှားဂရန်အသစ်လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၅-၂-၂၀၂၃ ရက်၌ဖြစ်စေ၊ ၎င်းရက်မတိုင်မီဖြစ်စေ ခိုင်လုံသော အကြောင်းပြချက်ရှိသည့် ကန့်ကွက်လွှာကို တင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ကြို့ပင်ကောက်မြို့**

## ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်း ကြော်ငြာစာ

ကြို့ပင်ကောက်မြို့၊ ဈေးချိုမြောက်ရပ်ကွက်၊ ကွင်းအမှတ်(၅$^{N}$)ဈေးချိုရပ်၊ ဦးပိုင်အမှတ်(၄၆$^{ခ}$)၊ ဧရိယာ ၀ ဒသမ ၀၃၉ကေရှိ မြေကွက်သည် မူလတွင် ဦးသိန်းဇော်အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားပြီး အဆိုပါမြေကွက်ကို ၎င်းအမည်ဖြင့် မြေငှားဂရန် သက်တမ်းတိုး လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၅-၂-၂၀၂၃ရက်၌ဖြစ်စေ၊ ၎င်းရက်မတိုင်မီဖြစ်စေ ခိုင်လုံသော အကြောင်းပြချက်ရှိသည့် ကန့်ကွက်လွှာကို တင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ကြို့ပင်ကောက်မြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၁၃/၁(ဂ))၊ ဦးပိုင်အမှတ် (၂၇/၂)၊ မြေဧရိယာ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်သည် မူလက ဒေါ်မြင့်မြင့်ခင်အမည်ဖြင့် အမှုတွဲအမှတ် ၁၅၃၄(၃) ၁၉၉၉-၂၀၀၀အရ၁၀-၁၁-၂၀၁၄ ရက်ထိ (၁၀)နှစ်မြေငှားဂရန် ရရှိခဲ့ပါသည်။ မြေငှားဂရန် အမည်ပေါက်သူ ဒေါ်မြင့်မြင့်ခင်သည်၁-၅-၂၀၀၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့်ကျန်ရစ်သူ ခင်ပွန်း/သား/ သမီးများဖြစ်သည့် (၁)ဦးညွန့်အောင်(ခင်ပွန်း)၊ (၂) ဦးညီညီအောင် (သား)၊ (၃) ဒေါ်သီတာအောင် (သမီး)၊ (၄)ဒေါ်ခင်သန္တာအောင်(သမီး)၏ (GP လွှဲစာရရှိသူ ဦးညီညီအောင်တို့) (၄)ဦးက ၁၉-၁၀-၂၀၂၂ ရက်စွဲပါမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၈၀/၂၀၂၂) အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး၂-၁၂-၂၀၂၂ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၄၂၇/၂၀၂၂)အရ အမွေဆက်ခံသူ(၄)ဦးအနက်(၃)ဦးမှ ဦးညီညီအောင် ထံသို့ အိမ်ခြံမြေကွက်အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသည်။ ယခုအခါ ဦးညီညီအောင် ၁/မကန(နိုင်)၁၄၇၈၀၀ အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ် (၁၆/ခ-၁)၊ ဦးပိုင်အမှတ် (၂)၊ မြေဧရိယာ ၀ ဒသမ ၂၀၆ ဧကရှိမြေကွက်သည် မူလက ဦးမီသရာလားလ် အမည်ဖြင့် အမှုတွဲအမှတ် ၆၅ V ၁၉၉၂-၁၉၉၃ အရ ၂၉-၁၀-၂၀၁၁ ရက်ထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးမီသရာလားလ်သည် ၂၉-၁၀-၂၀၁၁ ရက်တွင်လည်းကောင်း၊ ဇနီး ဒေါ်ဂီတာဒေဝီသည် ၂၈-၅-၂၀၁၈ ရက် တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ပါသဖြင့် တစ်ဦးတည်းသောသမီး ဒေါ်တီလာရူပါက ၂-၁၂-၂၀၂၂ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၅၃၀/၂၀၂၂) အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ၁၉-၁၂-၂၀၂၂ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၅၁/၂၀၂၂)အရ အမွေဆက်ခံသူ ဒေါ်တီလာရူပါ(၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးရာဂျန်ပရာဆပ်)က ဒေါ်လီကြူးထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်လီကြူး ၁၃/လရန(နိုင်) ၁၆၅၃၄၆ အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၁က)၊ ဦးပိုင်အမှတ် (၃၇၃)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်သည် မူလက ဦးသိန်းဇော်ထွေးအမည်ဖြင့် အမှုတွဲအမှတ် ၃၅၁(၃) ၂၀၀၈-၂၀၀၉ အရ (၁၈-၁၁-၂၀၁၈) ရက်ထိ (၁၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန် အမည်ပေါက်သူဦးသိန်းဇော်ထွေးက ၁၂-၁၂-၂၀၂၂ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၄၁/၂၀၂၂)အရ ဒေါ်သိန်းမြင့်ဌေးထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်သိန်းမြင့်ဌေး ၅/ကလဝ(နိုင်) ၀၅၁၆၄၅ အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၊ အထက(၁) လှိုင်သာယာတွင် ပညာသင်ကြားနေသော Grade-8 (D)မှ ကျောင်းသား မောင်ပြည့်စုံမောင်၏ ဖခင်အမည်မှန်မှာ ဦးရဲမြင့်ထွန်းအား ဦးဗိုလ်ဝင်း ၈/မလန(နိုင်)၁၁၄၅၉၁ ဟု ပြောင်းလဲခေါ်ပါရန်။

**ဦးဗိုလ်ဝင်း**

## မွေးသက္ကရာဇ်အမှန်နှင့် မိဘများမှာ တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေကူမြို့၊ ဘောဂဗလရပ်ကွက်နေ ဦးတင်ထွဋ်၏ သမီး မအေးမွန်အောင် ၁/ရကန(နိုင်)၀၆၁၉၅၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၂-၁၉၉၉ ဖြစ်ပါကြောင်းနှင့် မိဘများဖြစ်သည့် ဦးတင်ထွဋ် (ခ) ဦးအောင်ဆန်း ၁/ရကန(နိုင်)၀၂၅၆၂၀၊ ဒေါ်နန်းခမ်းအေး (ခ) ဒေါ်ခမ်းအေး ၁/ရကန(နိုင်)၀၅၉၉၃၆ တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/89804 ယာဉ်လက်ဝယ်ရှိသူ ဦးခွာနှင်းထန် ၄/ဟခန(နိုင်)၀၄၂၅၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ချင်းပြည်နယ်ရုံး(ဟားခါး)**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ၃ မိုင် ရွှေပြည်သာရပ်ကွက်၊ မြေကွက်အမှတ် (၁၃၅၉)၊ တိုးချဲ့ကွက်သစ်မြေ၊ အလျားပေ ၄၀၊ အနံ ပေ ၆၀ ရှိ မြေကွက် မြေပေးမိန့်ရရှိသူ ဒေါ်ဝါဝါဝင်းက အဆင့်ဆင့် ရောင်းချခဲ့ရာ ဒေါ်ဝါဝါဝင်း အမည်မှ ဒေါ်ဇင်မာဦး ၁/ဗမန(နိုင်) ၁၀၀၈၆၇ အမည်သို့ အမည်ပြောင်း မြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ဇင်မာဦး၊ ဗန်းမော်မြို့**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊တကောင်း(၁)လမ်းနှင့်ကေတုမတီ(၁)လမ်းထောင့်၊မြေကွက်အမှတ်(၇၃၈/ခ)အကျယ်အဝန်း(၂၂ပေ/၁၇ပေ × ၆၂ပေ/၆၁ပေ)ရှိ ဦးအောင်ကြည်(TKI-049938)အမည်ပေါက် ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးအောင်ကျော်မြင့်(၅/အရတ(နိုင်)၀၈၆၅၇၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)
Ph, 09421746974

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိဒေါ်သန်းသန်းဌေး ၉/ပမန(နိုင်)၀၁၉၁၈၉ (ဘ) ဦးဟွန်းနား အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၀၃၉၉)ကို ဒေါ်ခင်ပွင့်ဖြူ ၁၂/စခန (နိုင်)၀၀၁၈၉၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ )
## ညောင်ဦးခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၂

**ကွယ်လွန်သူ ဦးဘိုးသော် ၏ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ဒေါ်မြင့်သိန်း (ဘ) ဦးဘိုးသော် — လျှောက်ထားသူ
လက်ထုပ်ကျေးရွာ၊ ညောင်ဦးမြို့နယ်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ လက်ထုပ်ကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဘိုးသော်၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်း လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ကွယ်လွန်သူ ဦးဘိုးသော်၏ သမီးဖြစ်သူ ဒေါ်မြင့်သိန်းက တရားဝင် သမီးဖြစ်သည်ဟူ၍ လည်းကောင်း၊ ကွယ်လွန်သူ ဖခင် ဦးဘိုးသော်၏ ကျန်ရစ်ခဲ့သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများထဲမှ အမွေဆက်ခံခြင်း အက်ဥပဒေအရ အမွေထိန်း လက်မှတ်စာ ရလိုကြောင်း ဤရုံးတော်၌ လျှောက်ထားသည်ဖြစ်၍ ဤအမှုကို ၂၀၂၃ခုနှစ် ဖေဖော်ဝါရီ ၁၆ရက် (၁၃၈၄ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဘိုးသော်၏ ကျန်ရစ်သော ပစ္စည်းများ အပေါ်၌ အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဤရုံးတော်သို့ အထက်ပါ အမှုကို ၂၀၂၃ခုနှစ် ဖေဖော်ဝါရီ ၁၆ရက် (၁၃၈၄ခုနှစ်တပို့တွဲလပြည့်ကျော် ၁၂ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်မြင့်သိန်း၏ လျှောက်ထားချက်ကို ကြားနာ၍ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ခုနှစ် ဇန်နဝါရီ ၁၇ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုလာဘ်ရတနာဦး)**
**ဒုတိယခရိုင်တရားသူကြီး**
**ညောင်ဦးခရိုင်တရားရုံး**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ်(၄၂/၂)၊ ဦးပိုင်အမှတ် (၇၀)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိမြေကွက်သည် မူလက ဒေါ်ခင်လှိုင်အမည်ဖြင့် အမှုတွဲအမှတ် ၂၉၂(V)၂၀၁၀-၂၀၁၁အရ ၁၆-၈-၂၀၂၇ရက်ထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန် အမည်ပေါက်သူ ဒေါ်ခင်လှိုင်သည် ၂၄-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ ညီမ/မွေးစား သားသမီးများဖြစ်သည့် (၁) ဒေါ်ရွှေစင်လှိုင် (ခ) ရွှေစင်မော်(သမီး)၊ (၂)ဒေါ်ဇော်ဇော်လှိုင်(သမီး)၊ (၃) ဒေါ်ခင်မြိုင်ဝင်း(ညီမ)တို့ (၃)ဦးက ၁၀-၅-၂၀၂၂ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၇၇/၂၀၂၂)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ၂၃-၁၂-၂၀၂၂ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၅၆/၂၀၂၂)အရ အမွေဆက်ခံသူ ဒေါ်ခင်မြိုင်ဝင်းပါ (၃)ဦးတို့၏ (SPလွှဲစာရရှိသူ ဒေါ်ဗျာမလေး)က ဦးအာကွက်ထံသို့ အိမ်ခြံမြေကွက်အား အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးအာကွက် ၁/ဝမန(နိုင်)၀၃၇၁၈၀ အမည်ဖြင့်မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ -၂၀ )
## မိုးညှင်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၉

| | | |
|---|---|---|
| ဒေါ်မြဌေး | နှင့် | ၁။ ဒေါ်သိန်းမြ |
| | | ၂။ ဒေါ်စန်းရီ |
| | | ၃။ဒေါ်မြကြည် |
| | | ၄။ ဒေါ်မြဝင်း |
| | | ၅။ ဒေါ်ကြည်ဝင်း |
| | | ၆။ ဒေါ်မြစိန် |
| | | ၇။ ဦးသန်းထွေး |
| တရားလို | | တရားပြိုင်များ |

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးမြို့၊ သယောင်းကျေးရွာရပ်နေ အမှတ်၄၊ တရားပြိုင် ဒေါ်မြဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြဌေး က တရားပြိုင်များအပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက် ( ၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်) နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင် မလာရောက် ပျက်ကွက်ခဲ့လျှင် သင်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင်ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်ဘောက်ရာ)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မိုးညှင်းခရိုင်တရားရုံး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါ ခေါ်ဆိုခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ၆၆ကေဗွီ ရွှေမြို့-ရမည်းသင်း ဓာတ်အားလိုင်း စီမံကိန်းတွင် အသုံးပြုရန်အတွက် တာဝါတိုင်များအား သယ်ယူပို့ဆောင်ရန် (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုလိုပါ သည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၇-၂-၂၀၂၃ရက်၊ ၁၂:၀၀နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moep.gov.mm) တွင်လည်း ကြေညာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ရွှေအင်ကြင်းရပ်)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ဧက၊ ဦးပိုင်အမှတ်(ဒ-၂၃၁)၊ ဒေါ်ကြည်(ဘ)ဦးချစ်တင် အမည်ပေါက်ပါမစ်မြေကွက်ကို အမည်ပေါက်သူ ဒေါ်ကြည်(ဘ)ဦးချစ်တင်နှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးအောင်ခင် (ဘ) ဦးဖိုးလှတို့ ကွယ်လွန်သွားပါသဖြင့် အဆိုပါမြေကွက်ကို မွေးချင်းသားသမီး သုံးဦးအနက် ဦးလှဝင်း (ဘ) ဦးအောင်ခင် ၉/လဝန(နိုင်)၀၇၁၂၁၆၊ ဦးသိန်းဝင်း (ဘ) ဦးအောင်ခင် ၉/လဝန(နိုင်) ၂၁၅၂၈၁တို့ နှစ်ဦးမှ အမွေဝေစုခွဲဝေယူခြင်းမရှိဘဲ ညီမဖြစ်သူ ဒေါ်နွယ်ဝင်း (ဘ) ဦးအောင်ခင် ၉/ဒသသ(နိုင်)၀၀၁၃၃၉ တစ်ဦးတည်းအား အမွေအဖြစ်ခွဲဝေပေးကြောင်းနှင့် ၎င်းတစ်ဦးတည်းတရားဝင်ပိုင်ဆိုင်ကြောင်း ဒေါ်နွယ်ဝင်းမှ မှတ်ပုံတင်တရားရုံးကျမ်းကျိန်လွှာမူရင်း၊ မြေကွက်နေရာယာယီချထားပေးသည့်လက်မှတ်မူရင်း၊ မိခင်နှင့် ဖခင်ဖြစ်သူတို့ သေဆုံးကြောင်း၊ ဒက္ခိဏသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြ၍ မြေပေးမိန့်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ မြေပေးမိန့်ကို လျှောက်ထားသူ ဒေါ်နွယ်ဝင်းအား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မ တောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဒေါ်သဲစုစံ ၁၄/ဖပန(နိုင်)၁၃၉၉၃၇၊ ဒေါ်ဝေဝေအောင် ၁၄/ဖပန(နိုင်)၁၄၂၂၃၁၊ ဒေါ်စုသဲဖြူ ၁၃/မပတ(နိုင်)၀၃၇၈၁၅၊ မောင်မင်းခန့်ကျော် ၁၃/မပတ(နိုင်)၀၅၃၉၈၉၊ အဘအမည် ဦးစံသောင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၀၃၆၆)ကို နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၇၃၉/၂၀၂၂ (၂၂-၁-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဌေးအောင် ၉/ညဥန(နိုင်)၁၂၈၀၆၅ (ဘ) ဦးဒီလုံးမှ ဒေါ်သဉ္ဇာသိန်းတင် ၉/သစန(နိုင်)၁၁၆၂၇၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၄ ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်း၊ အမှတ် ၈၇၇/ခ+၈၇၈/က ဟုခေါ်တွင်သော နှစ်ခန်းတွဲ(၈)ထပ်တိုက်၏ ပထမထပ် (၂လွှာ) (ခြေရင်းခန်း) အကျယ်အဝန်း ၁၉ပေ x၅၄ပေရှိ တိုက်ခန်း၊ ကိုယ်ပိုင် မီတာ+မော်တာ အပါအဝင် ယင်းတိုက်ခန်း၏ ဆက်စပ်သမျှသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးအေးမင်းသူ** | **ဒေါ်လင်းလင်းကြည်** |
| **စဉ်-၂၅၁၆၅** | **စဉ်-၂၆၁၉၉** | **စဉ်-၄၆၃၂၈** |

**အထက်တန်းရှေ့နေများ**
**အမှတ် ၅၈/၆၀ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1R/3004 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

# လှိုက်လှိုက်လှဲလှဲအထူးကျေးဇူးတင်ရှိခြင်း

ကျွန်တော်-ကျွန်မတို့၏ သာသနာတော်ဆိုင်ရာ **ဘွဲ့တံဆိပ်** ရရှိမှုကို ဝမ်းမြောက်ဂုဏ်ယူပေးကြသော ဓမ္မမိတ်ဆွေအပေါင်းအား လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါကြောင်း ပန်ကြားအပ်ပါသည်။

ဒေါက်တာခင်မောင်ထွန်း-ဒေါ်ဥမ္မာသန်း

(ထက်လင်းနှင့် ရွှေခေါင်းပေါင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)မိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းထွေး ၁၂/သဃက(နိုင်)၁၄၇၃၆၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၆)၊ ရာမညလမ်း၊ မြေကွက်အမှတ်(၂၀၀/က)၊ အလျား ၂၅ပေ၊အနံ ပေ၆၀၊ ဧရိယာအကျယ်အဝန်း ၀ ဒသမ ၀၃၄ဧက၊ (၁၄၈၁)စတုရန်းပေ ကျယ်ဝန်းသော နှစ်(၆၀) မြေငှားဂရန်စာချုပ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို နှစ်(၆၀)ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဦးသိန်းတန် ၁၂/လကန(နိုင်)၀၇၃၉၀၅ထံမှဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေး/ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက် အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာနည်ဌေး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၉၇၆)**
**အမှတ်(၁၆၉)၊ (၉)လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ဖုန်း-၀၉-၄၂၁၁၁၂၁၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့သစ်အလယ်ရပ်ကွက်၊ ပန်းတိမ်တန်းလမ်း၊ အိမ်အမှတ် (၁၈) ဟုခေါ်တွင်သည့် အကွက်အမှတ်(၂၀)၊ ပန်းခြံကွက်၊ ဦးပိုင်အမှတ်(၁၀၇/၁)၊ ဧရိယာ၀ ဒသမ ၀၄၆ ဧကအကျယ်ရှိ ဂရန်အမှတ်တွဲအမှတ်-RPNO-248 V/95-96 အရ ဒေါ်ညွှန့်သောင်း အမည်ပေါက် ဂရန်မြေကွက် အတွင်းမှ ဧရိယာ ၀ ဒသမ ၀၁၉ ဧကအား ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိထားပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်တင်မြ (ဘ)ဦးကျော်ခင် ၁၂/သလန(နိုင်)၀၃၉၂၆၆ ထံမှ ကျွန်မတို့၏ မိတ်ဆွေ ဒေါ်ပွင့်သဇ္ဇာမြင့် (ဘ)ဦးမြင့်သိန်း ၁၂/ပဇတ(နိုင်)၀၂၉၇၅၆ က ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ၎င်းဂရန် မြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်း အထောက်အထားစာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်မတို့ထံ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်တွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၉၄၉/၂၀၁၃)** | **(စဉ်-၉၇၃၄/၂၀၁၄)** |
| **ဖုန်း-၀၉ - ၄၂၀၅၃၁၁၀** | **ဖုန်း-၀၉ - ၄၂၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင်၊ တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊**

## အများသိစေရန်ကြေညာချက်

၁။ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်-၃/ဗိုလ်ထွန်းဇံ၊မြေကွက်အမှတ်(၁၅၅)၊ အမှတ်(၃၇)တွင် (၂)ခန်းတွဲ (၆) ထပ်တိုက်(Pitch Roof)အဆောက်အဦဆောက်လုပ်ရန် မြေရှင် ဒေါ်လှ၊ ဒေါ်နုနုဝင်း၊ လိုင်စင်ရကန်ထရိုက်တာ ဦးသန်းဌေး(LC-721)၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဦးမောင်ကျော်(RSE-94) တို့ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၏ ၁၄-၁-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ၁၀၉/ ၁၀၈/ စည်ပင်-ယာ(အုံ)ဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ အဆောက်အဦအား ဆောက်လုပ်ရန် ဆန္ဒမရှိတော့ပါသဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ပေးပါရန် မြေရှင်၊ လိုင်စင်ရ ကန်ထရိုက်တာ (LC)နှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာတို့မှ အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ ဒေါပုံမြို့နယ်၊ မင်္ဂလာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၆၁)၊ အဆောက်အအုံအမှတ်(၇၈)၊ အကျယ်အဝန်း(၂၅ပေx၅၀ပေ)ရှိ နှစ်၆၀ ဂရန် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၃ထပ်ခွဲတိုက်၏ အမှတ်(၇၈)၊ တတိယထပ်(ဘီ) ခြေရင်းခန်း အကျယ်အဝန်း(၁၂ ၁/၂ ပေx၅၀ပေ)ရှိသော တိုက်ခန်းကို ရောင်းချသူ ဒေါ်ရတနာကျော်၁၀/မဒန(နိုင်)၁၇၄၃၀၀ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူဒေါ်ချယ်ရီဦး ၇/ကဝန(နိုင်)၁၂၆၈၈၁ က ဝယ်ယူရန်စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါရောင်းချခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှိုင်ဝါဝါထွန်း (စဉ်-၁၅၇၅၁) ( LL.B)တရားလွှတ်တော်ရှေ့နေ**
**2B (473)၊ မုဒိတာအိမ်ရာ (၂)၊ ဖန်ချက်စက်လမ်း၊ ရွာမအနောက်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၇၄၂၀၈၀**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**( တရားမကျင့်ထုံးဥပဒေအမိန့် -၂၁ ၊ နည်းဥပဒေ -၂၂ )**
**မရမ်းကုန်းခရိုင်တရားရုံးတော်**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ် - ၂၆၂ ဆက်နွယ်သည့်**
**၂၀၂၂ ခုနှစ် တရားမဇာရီမှု အမှတ်- ၁၅၄**

| | | |
|---|---|---|
| ဒေါ်အေးအေးမေ (ကိုယ်တိုင်နှင့်ကွယ်လွန်သူ ဦးစည်သူ ၏ တရားဝင်ကိုယ်စားလှယ်) (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဝင့်ဝါရှိန်) | နှင့် | ၁။ ဦးလှကျော် ၂။ ဦးကြည်လှ |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီး ရပ်ကွက်၊ (၁၁၅)လမ်း၊ အမှတ်(၆၇) နေ တရားရှုံး(၁)ဦးလှကျော် (ယခုနေရပ် လိပ်စာမသိသူ)သိစေရမည်။

၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၆၂တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့် ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၉ ရက် (၁၃၈၄ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၅)၊သပြေလမ်း၊ မြေကွက်အမှတ်(၅၉၅) ဟုခေါ်တွင် သောမြေအလျားx အနံ(၄၀'x၆၀')ထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၅၉၇)နှင့် ကပ်လျက်အခြမ်း မြေအလျားအနံ(၂၀'x၆၀')ရှိ မြေကွက်အပါအဝင် အကျိုးခံ စားခွင့်အရပ်ရပ်အား နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်ပိုင်ဆိုင်သူ ဦးကြာငြိမ်း (ISN-107193) ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မြတင် ၁၂/မရက (နိုင်)၀၃၅၅၅၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင့်သက်ထားဦး(ခ) သွန်းထက်ထက်လင်း ၁၂/မရက(နိုင်)၁၇၈၂၅၁ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အဲမွန်ဒရာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၁၆၇၊ အကျယ်အဝန်း အလျား၂၅ပေ နှင့်အနံ ၅၀ပေ)ရှိ ပါမစ်မြေကွက်သည် ဦးတင်ဦး (CK-၀၁၉၆၀၈) ၏ အမည် ပေါက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်းများဖြင့် လက်ရှိ ပိုင်ဆိုင်ထားသူများဖြစ်ကြသော ဦးတင်စိုး ၁၂/ဒလန(နိုင်)၀၀၂၃၃၄၊ ဦးနိုင်ဝင်းအောင် ၁၂/ဒလန(နိုင်)၀၁၈၃၃၈၊ ဒေါ်ခင်ခင်ဌေး ၁၂/ဒလန(နိုင်)၀၁၈၃၆၁၊ ဦးမိုးကျော်သန်း ၁၂/ဒလန(နိုင်)၀၀၂၃၃၅ တို့အားလုံး ကင်းတို့ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း အပေါင်အနှံကင်းရှင်းကြောင်း တာဝန်ယူဝန်ခံကတိပြုပြီး ရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်သန်း ၁၂/ဒလန(နိုင်)၀၁၉၀၉၅ က အပြီးအပိုင်ဝယ်ယူရန် အတွက်စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်အိမ် ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ အရောင်းအဝယ်အားကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်ရက်အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုမိုကို (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၄၉/၄-၁၀-၂၀၂၁)**
**အမှတ်(၂၃)၊ ဘုရင့်နောင် (၁၃)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၇၈၁၆၈၅၀၄၉**

## အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးသန်းနိုင်စိုး ၈/ခမန(နိုင်)၁၃၆၄၆၁၊ ဦးခင်မောင်ဝင်း ၈/မမန(နိုင်)၂၉၂၃၈၆၊ ဦးထွန်းကြည် ၈/မမန(နိုင်)၀၁၃၆၃၂ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်၅၃၂/စီ^ကေ^၊မြေကွက်အမှတ်-၄/၂၇၄၊ ကာယ(၁၁)လမ်း၊ အမှတ်(၃၁၈)၊ ဧရိယာ ၀ ဒသမ ၁၂၄ဧကရှိ မြေကွက်မှာ ရန်ကုန်မြို့တော်စည် ပင်သာယာရေးကော်မတီ၊ မြို့/မြေစီမံခန့်ခွဲမှုဌာနတွင် ဦးဝင်းမြင့်(ဘ)ဦးစုရန် ၁၂/ဗတထ(နိုင်) ၀၁၃၈၄၈အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို ဦးဝင်းမြင့်ထံမှ ဒေါ်ခင်မူမူအောင်(ဘ) ဦးအောင်ကြည် ၁၀/မလမ(နိုင်)၁၂၉၀၆၄က ၁၈-၃-၂၀၁၂ရက်စွဲပါ အိမ်ခြံမြေ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပြီး ရောင်းချ ပိုင်ခွင့်ရှိသည့်ပစ္စည်းဖြစ်ကြောင်းပြောဆို၍ ၂၉-၉-၂၀၁၄ရက်တွင် အထက်ပါမြေကွက်ကြီး၏ တစ်စိတ်တစ်ပိုင်းဖြစ်သော အနောက်ဘက်ခြမ်း တောင်ဘက်ရှိ အကျယ်အဝန်း ပေ(၄၀'x၅၀')ရှိ မြေကွက်အား ဒေါ်ခင်မေသိန်း ၄/ဖလန(နိုင်)၀၂၈၆၇၃ထံသို့လည်းကောင်း၊ ၁၈-၆-၁၉ရက်တွင် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသန်းနိုင်စိုး၈/ခမန(နိုင်)၁၃၆၄၆၄ထံသို့ အထက်ပါမြေကွက်ကြီး၏ တစ်စိတ် တစ်ပိုင်းဖြစ်သော မြေကွက်၏ အနောက်ဘက်အရပ်အကျယ်အဝန်း ပေ(၂၀'x၆၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်တစ်ရပ်ရပ်တို့ကိုလည်းကောင်း ရောင်းချ၍ ဝယ်ယူလက်ရောက် ရရှိခဲ့ကြပါသည်။

ထို့နောက် ဒေါ်ခင်မေသိန်းထံမှတစ်ဆင့် အကျယ်အဝန်း ပေ(၂၀'x၅၀')ရှိမြေကွက်ကို ဒေါ်လှဲ့မွန်ဌေး ၈/မကန(နိုင်) ၂၁၇၈၁၅ထံသို့ ၂၇-၂-၂၀၂၀ရက်တွင်လည်းကောင်း၊ ဦးခင်မောင်ဇင် ၈/မမန(နိုင်) ၂၉၂၃၈၆ထံသို့ အကျယ်အဝန်း ပေ(၂၀'x၅၀') ရှိ မြေကွက်ကို ၁၀-၆-၂၀၂၀ရက်ကလည်းကောင်း ရောင်းချဝယ်ယူလက်ရောက်ရရှိခဲ့ပါသည်။

ဒေါ်လှဲ့မွန်ဌေးထံမှတစ်ဆင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးထွန်းကြည် ၈/မမန(နိုင်)၀၁၃၆၃၂က ၇-၈-၂၀၂၀ရက်တွင် ဝယ်ယူလက်ရောက်ရရှိခဲ့ပါသည်။

ထို့ကြောင့် အထက်ပါဦးဝင်းမြင့်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကြီးအတွင်းမှ ကျွန်ုပ်တို့၏ မိတ်ဆွေများက ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရောက်ရရှိခဲ့ကြသော မြေကွက်အစိတ်အပိုင်း တွင် ကျွန်ုပ်တို့မိတ်ဆွေများ၏ သဘောတူခွင့်ပြုချက်မရဘဲ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ စည်းရိုးကာရံခြင်း၊ လွှဲပြောင်းရောင်းချပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲမှုများ မပြုလုပ်ကြရန် သတိပေးကြေညာအပ်ပါသည်။ ထိုသို့ပြုလုပ်ဆောင်ရွက်သူများကို တည်ဆဲတရား ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သန်းသန်းဆွေ** | **ဒေါ်ခိုင်နွယ်ဦး** | **ဒေါ်ယုဝေလွင်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၄၆၄၈)** | **(စဉ်-၁၂၇၀၃)** | **(စဉ်-၁၄၆၀၆)** |

**အမှတ်(၈၅)၊ ဗေဒါလမ်း၊ ပုလဲ(၁)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၀၄၉၂၅၉၊ ၀၉-၄၂၁၁၂၃၅၈၉၊ ၀၉-၄၂၀၀၈၁၄၈၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဓနုဖြူမြို့နယ်တရားရုံးတော်၌**
**၂၀၂၂ခုနှစ် တရားမကြီးအမှုအမှတ်-၁၁၂**

| | | |
|---|---|---|
| မနှင်းနုဝေ | **နှင့်** | ကိုဇင်မင်းအောင် |
| **တရားလို** | | **တရားပြိုင်** |

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ အုန်းပင်ကွင်း ကျေးရွာအုပ်စု၊ ရေလဲကြီးကျေးရွာနေ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မနှင်းနုဝေက အကြင်လင်မယားအဖြစ်မှ ကွာရှင်း ပြတ်စဲပေးစေလိုမှု စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ခုနှစ် ဖေဖော်ဝါရီ ၂၂ရက် (၁၃၈၄ခုနှစ် တပေါင်းလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည် ရေးသား ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဇန်နဝါရီ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပြည့်ဖြိုးအိ)
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဓနုဖြူမြို့နယ်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/5646 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## မသက်ဆိုင်ပါကြောင်း

မြောင်းမြမြို့နေ(ဘ) ဦးမန်းရွှေ၏ သား စစည်သူ ၁၄/မမန(နိုင်) ၁၇၂၈၀၅နှင့် အုပ်ဖိုမြို့နေ (ဘ) ဦးချစ်လွင်၏သမီး မရီရီလွင် ၇/အဖန(နိုင်)၁၁၈၆၉၃ တို့သည် တစ်ဦးနှင့် တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၂၄-၁-၂၀၂၃ ရက်၏ ကြေညာပါသည့်ရက်မှစ၍ မသက်ဆိုင်တော့ပါကြောင်း၊ သူ၏ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**မရီရီလွင်**

## မီးသတိပြု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးအောင်ဇေယျ(ငြိမ်း)
### စစ်တက္ကသိုလ် အမှတ်စဉ်(၁၅)
### အသက်(၇၃)နှစ်

ကြည်း ၁၂၆၃၁ ဗိုလ်မှူးအောင်ဇေယျ(ငြိမ်း) (၇၃)နှစ်သည် ၂၂-၁-၂၀၂၃ရက်တွင် သဘာဝဓမ္မတရားရိပ်သာ၊ သန်လျင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၃ရက်တွင် သန်လျင်မြို့ အမိုးနီသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် ချယ်ရီ(၁၅) သူငယ်ချင်းများက အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ချယ်ရီ (၁၅) သူငယ်ချင်းများ**

## ဒေါ်သက်သက်တင်
### အသက် (၆၀)နှစ်

အမှတ်-၁၀၂၊ အဓိပတိလမ်း၊ ၃၇ရပ်ကွက်၊ ဒဂုံမြို့သစ်၊ မြောက်ပိုင်းမြို့နယ်နေ (ဦးကျော်ခင်-ဒေါ်ကျင်မြ)တို့၏ သမီး၊ (ဦးလှမြင့်)-ဒေါ်ဖြူဖြူစိန်၊ (ဦးမြင့်စိုး)-ဒေါ်ပြုံးပြုံးအေးတို့၏ ညီမ၊ ဒေါ်အေးအေးသွယ်၊ (ဦးဇော်ဝင်းနိုင်)-ဒေါ်သီတာဝင်း-ဒေါ်မာမာခင်တို့၏အစ်မ၊ ကိုရဲထွန်းဇော်- မခင်သူဇာ၊ မခင်မာလာတို့၏ မိခင်၊ မောင်မျိုးမင်းထွဋ်၊ မောင်မျိုးမင်းခန့်တို့၏ အဒေါ်၊ မောင်ဟိန်းရဲလွင်၊ မဟန်သီရိဇော်၊ မောင်ဘုန်းမြတ်ထွန်းတို့၏ အဘွား၊ တူ၊ တူမ ခုနစ်ယောက် တို့၏အဒေါ်ဖြစ်သူ ဒေါ်သက်သက်တင်သည် ၂၄-၁-၂၀၂၃ရက် ညနေ ၃:၁၀ နာရီ တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၂၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ် (၈၄၂)၊ ဦးပိုင်အမှတ်(၅၄)၊ ၄၂လမ်းနှင့် ဓမ္မိကာရာမကျောင်းတိုက်လမ်းကြား၊ ၈၀လမ်းနှင့် ၈၁လမ်းကြားရှိ ဦးသန်းအောင် အမည်ပေါက် ဘိုးမြေကွက်အား (ဖခင်)ဦးသန်းအောင်(မိခင်) ဒေါ်မြစိန်တို့အသီးသီး ကွယ်လွန်၍ ကျန်ရစ်သူ သား/သမီးများဖြစ်သော ဒေါ်အုံးသင် ၉/မရတ(နိုင်) ၀၂၉၀၆၆၊ ဦးအောင်ခင် ၉/မရတ(နိုင်) ၀၂၉၂၅၁၊ ဦးမြင့်သောင်း ၉/မရတ(နိုင်) ၀၄၃၀၄၉ တို့က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း

ပြည်မြို့၊ ပြည်သာယာရပ်ကွက် ရှမ်းစုဂန္ထဝင်လမ်းနေ ကျွန်မ ဒေါ်ဟန်နီဦး ၇/ပမန(နိုင်) ၂၀၀၀၄၆နှင့် ဦးဖွဲ့ထက်နိုင် ၇/ရတန(နိုင်) ၁၁၆၈၃၀ တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး ဦးဖွဲ့ထက်နိုင်သည် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ပြုမူခြင်းကြောင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဟန်နီဦး ၇/ပမန(နိုင်) ၂၀၀၀၄၆**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသော မြေအမည်ပြောင်း လျှောက်ထားကြောင်းကြေညာစာ

မြင်းခြံမြို့၊ အမှတ်(၉)ရပ်ကွက်၊ အကွက်အမှတ်(၂၀/က)၊ ကွေ့ကြီးအရှေ့၊ ဦးပိုင်အမှတ်( ၂၅/၁၀၀ /င )၊ ဧရိယာ ၀ ဒသမ ၀၄၁ဧက၊ အောက် ဖော်ပြပါ အလားအလားရှိသည့်

(က) အရှေ့လားသော်-ဦးပိုင်အမှတ် ( ၂၅/၁၀၀ )၊

(ခ) အနောက်လားသော်-ဦးပိုင်အမှတ်( ၂၅/၁၀၀ /ဆ )၊

(ဂ) တောင်လား သော်-လမ်း၊

(ဃ) မြောက်လားသော်- ဦးပိုင်အမှတ်(၁၅၁)

အထက် ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် (၁) ဒေါ်ခင်စန်းနု၊ (၂)ဦးစန်း ယု၊(၃) ဒေါ်စန်းစန်းညွန့်၊(၄) ဦးစိန်လင်းမောင်၊ (၅) ဦးသက်ထူးဆွေ၊ (၆) ဦးတင်နိုင်ဖြိုး၊ (၇) ဒေါ်စန်းစန်းမြင့်တို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန၊ မြင်းခြံမြို့**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ် ၂၅၊ မြေညီ(A)နေ ဒေါ်ရင်လေး၏ ခင်ပွန်း၊ ဦးကျော်လှိုင်-ဒေါ်အေးအေးမြင့်(Best Coffee)Thinzar Kyaw Production Co.,Ltd တို့၏ဖခင်၊ မသိမ့်သဥ္ဇာကျော်၊ မောင်မိုးထက်ကျော်၊ မောင်ဝင်းထက်ကျော်တို့၏ ချစ်လှစွာသော အဘိုး၊ ဦးချစ်လှိုင် အသက်(၈၇)နှစ်သည် ၂၃-၁-၂၀၂၃ရက်တွင် ရန်ကုန်မြို့၊ Grand Hantha International Hospital ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစောဘဦး-ဒေါ်ခင်စန်းဦး**
**အရှေ့တိုင်း ကုန်မျိုးစုံဖြန့်ချိရေး**
**မော်လမြိုင်ကျွန်း Area Sales Distributor**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးချစ်လှိုင်
### အသက် (၈၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ် (၂၅)၊ မြေညီ (A)နေ ဒေါ်ရင်လေး၏ခင်ပွန်း၊ ဦးကျော်လှိုင်-ဒေါ်အေးအေးမြင့် (Best Coffee) Thinzar Kyaw Production Co.,Ltd. တို့၏ဖခင်၊ မသိမ့်သဥ္ဇာကျော်၊ မောင်မိုးထက်ကျော်တို့၏ချစ်လှစွာသောအဘိုး ဦးချစ်လှိုင် အသက် (၈၇)နှစ်သည် ၂၃-၁-၂၀၂၃ရက်တွင် ရန်ကုန်မြို့ Grand Hantha International Hospital ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကူးမား-ဒေါ်ချိုချို**
**(သား)ကိုအောင်မော်-မအိအိမွန်**
**Area Sales Distributor-Mawlamyine Branch**
**Thinzar Kyaw Production Co.,Ltd.**
**Grand Alliance Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှမြတ်သူ
### အသက် (၃၁)နှစ်

ဒေါ်လှမြတ်သူ (မြောက်ဦးမြို့နယ်တရားသူကြီး)သည် ၂၀-၁-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယမြို့နယ်တရားသူကြီးများ**
**လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်**
**(၂၂)မှ သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၃၉/ခ ဟု ခေါ်တွင်သော ၃ထပ်ခွဲ၊ (၂)ခန်းတွဲ၊ အခန်း(၇)ခန်းပါ တိုက်အဆောက်အအုံ၏ ပထမထပ်(မှန်ခန်း)၊(ခေါင်းရင်းခြမ်း)၊ အလျား ၁၂ပေ x အနံ ၄၇ပေ ရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဦးတာရာထွန်း ၁၂/ဒဂတ(နိုင်) ၀၃၂၃၉၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇေဝင်းထွဋ်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၀၁)**
**ဦးသန်းနိုင်စိုး(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၁၀၂၅)**
**အမှတ် ၁၇/၁၉၈၊တိုက်(စီ)မြေညီထပ်၊ စေတနာမွန်လမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-၀၉-၄၅၀၂၄၁၆၀၀၊၀၉-၄၀၀၅၂၄၀၈၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့၊ စိန်ကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၀-က၊ ရန်နိုင်)၊ ဦးပိုင်အမှတ် (၄/က)၊ မြေဧရိယာ ၀ဒသမ၀၆၇ဧကရှိ မြေသည် ဦးကြည်ဆန်း အမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ် RP No 59 of 2004-2005 မြေငှားဂရန်သက်တမ်းမှာ ၁၃-၉-၂၀၀၄ရက်မှ ၁၂-၉-၂၀၃၄ရက်ထိဖြစ်ကြောင်း၊ ၆-၇-၂၀၂၂ရက်တွင် စစ်ကိုင်းမြို့နယ် တရားရုံး၌ ဦးကြည်ဆန်းနှင့် ဒေါ်တင်တင်တို့သည် သားသမီး (၃)ဦး ထွန်းကားခဲ့ပြီး သားဖြစ်သူ ဦးမျိုးမြင့်အောင်သည် လူပျိုကြီးဘဝဖြင့် ၁၂-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားခဲ့သဖြင့် အထက်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဖခင် ဦးကြည်ဆန်းမှ ၎င်း၏ ဇနီးဖြစ်သူ ဒေါ်တင်တင်၏ သဘောတူညီချက်အရ အနီးကပ်ပြုစုစောင့်ရှောက်နေထိုင်သော သားဖြစ်သူ ဦးရဲမြင့်မောင်နှင့် သမီးဖြစ်သူ ဒေါ်ဝင်းဝင်းတင်တို့အား မေတ္တာဖြင့် အပိုင်ပေးကမ်းခဲ့သည်မှာ မှန်ကန်ကြောင်း ဦးကြည်ဆန်း(ဘ)ဦးဘညွှန့်မှ ကျမ်းကျိန်ဆိုခဲ့ကြောင်း၊ ၈-၇-၂၀၂၂ရက်တွင် ဖခင်ဖြစ်သူ ဦးကြည်ဆန်းမှ သမီးဖြစ်သူ ဒေါ်ဝင်း ဝင်းတင်နှင့်သားဖြစ်သူ ဦးရဲမြင့်မောင်တို့အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုကာ စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားကြောင်း၊ ယခုအခါ မြေကွက်ရရှိခဲ့သူများဖြစ်သော ဦးရဲမြင့်မောင် ၅/စကန(နိုင်)၀၀၇၉၆၂ နှင့် ဒေါ်ဝင်းဝင်းတင် ၅/စကန(နိုင်)၀၀၈၀၆ဝ တို့အမည်ဖြင့်မြေငှားဂရန်အမည်ပြောင်းလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး
## ဦးကျော်ခင် (B.A.Psycho)၊ ဥက္ကံမြို့
### တရုတ်ကုန်သည်ကြီးများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ
### ကျင့်ကန်းရှင်အောင်ကောင်းဘုရားကျောင်း၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ
### ယန်လင်းဂူမျိုးနွယ်စု၏ ဒုဥက္ကဋ္ဌ
### အိတ်တိတ်လူငယ်အသင်း ဒုဥက္ကဋ္ဌ
### ခိန့်ဟုတ်ဘုရားကျောင်း၏ ဂေါပကအဖွဲ့ဝင်ဟောင်း
### ခိန့်ဟုတ် ကုသိုလ်ဖြစ်ဆေးခန်း၏ ဥက္ကဋ္ဌဟောင်း
### ရွှေမြေထွန်းကုမ္ပဏီနှင့် ကိုကျော်လင်း(သိမ်ကြီးဈေး)
### အသက်(၈၈)နှစ်

ဥက္ကံမြို့နေ (ဦးဘားရား-ဒေါ်နန်း)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးအင်ကက်စိန်-ဒေါ်ကျင်ရန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၃ လမ်း၊ တိုက်အမှတ်(၁၃၀)၊ လေးလွှာနေ ဒေါ်ခင်လေးရင်၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းလင်း-ဒေါက်တာသန်းသန်းဝင်း၊ ဒေါ်စန္ဒာ-ဦးကာဟုတ်၊ ဒေါ်နီလာ-ဦးစိန်မြင့်၊ ဦးကျော်လင်း-ဒေါက်တာစုမြတ်ဟန်၊ ဒေါက်တာငွေငွေ၊ ဒေါ်နီနီလင်း-ဦးသန်းဇော်ထွန်း၊ ဒေါက်တာဝါဝါလင်း-ဒေါက်တာထက်ကိုကိုတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၂၁-၁-၂၀၂၃ရက် (စနေနေ့) ညနေ ၄:၄၀နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၂၃ရက်(သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ လူနေရပ်ကွက်အမှတ်- စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၃၊ မြေကွက်အမှတ်- ၄၁၆ ၊ ဧရိယာ- ၀. ၁၆၅ ဧက ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၂၃) ရပ်ကွက်၊ စက်မှုဇုန် (၁)၊ မန္တလေးလမ်းနှင့် ထားဝယ်လမ်းထောင့် ၊ အမှတ်- ၄၁၆ ဟုခေါ်တွင်သည့် (၂) ထပ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန ၌ အမည်ပေါက်၍ တရားဝင်လက်ရှိလုံးဝပိုင်ဆိုင်သူများဖြစ်ကြသည့် ဦးဇော်ဇေလတ် (၁၂/ကတတ (နိုင်) ၀၂၂၁၆၆) နှင့် ဒေါ်ဇာဇာဝင်းမော် (၇/တငန (နိုင်) ၁၀၄၉၁၆) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အဆောက်အဦအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ ၏ ညွှန်ကြားချက်အရ-

**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**

တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)

အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၈၈၉၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/33460, Luojia -110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ချမ်းစိန် ၉/ပကခ(နိုင်) ၀၁၄၅၃၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 16U/5815, Bajaj 200 သုံးဘီး အား မြောက်ဦးမြို့၊ နန်းကျား ကျေးရွာနေ ဦးမောင်သန်းစိုး ၁၁/အမန(နိုင်) ၀၅၄၄၀၄မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(စစ်တွေ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၁-၂၀၂၃ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၄)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်တိုးတိုးကျော်၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဒေါ်ခင်မီမီထွန်း ၁၀/ကထန(နိုင်)၀၁၀၁၄၀အစား ဒေါ်ခင်အိအိထွန်း ၁၀/ကထန(နိုင်) ၀၁၀၁၄၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံ့သာယာရပ်ကွက်၊ အကွက်အမှတ် (၈၈-၃)၊ ဦးပိုင်အမှတ် (၅၅)၊ ၅၇x၅၈ လမ်းကြား၊ ဗန္ဓုလနှင့် အနော်ရထာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးမြင့် ၉/မနမ(နိုင်)၀၇၇၅၇၂၏ (SP ရသူ ဦးလီပီရွှမ်း)က လျှောက်ထားသူ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားတို့ကို တင်ပြထားသော်လည်း မူရင်းပိုင်ရှင်၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားတို့ကို တင်ပြနိုင်ခြင်းမရှိကြောင်းတင်ပြစာ၊ ဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၃၃၇/ ၂၀၂၂-၂၀၂၃)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/75089, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်အက်စတာထွန်း ၁၄/မမန(နိုင်) ၂၆၆၈၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## သွေးသည် အသက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

❖ **ဖက်ဒရယ်ဆိုတာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများဟာ ၎င်းတို့ကို ထောက်ခံတဲ့ ပြည်သူလူထုကို ကိုယ်စားပြုတဲ့သူတွေဖြစ်ပါတယ်။ ဒါ့ကြောင့်မတူကွဲပြားတဲ့ ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်ဖို့အတွက် အချိုးကျကိုယ်စားပြုစနစ် (PR) ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်နေပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း(၇)နှစ်မြောက်နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# NUG/PDF အကြမ်းဖက်သမားများနှင့် KIA သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များမှ ကျေးရွာများအား မီးရှို့ဖျက်ဆီးနေသည့် ဖြစ်စဉ်များနှင့် ပတ်သက်၍ မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်

အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ထားသည့် NUG၊ PDF အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် စစ်ဘက်ပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များအား တိုက်ခိုက်ဖျက်ဆီးလျက်ရှိခြင်း၊ အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲပြီး အကြောင်းမဲ့ သတ်ဖြတ်ခြင်းများကို ပြုလုပ်လျက်ရှိသည့်အပြင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ဆက်စပ်နယ်မြေအတွင်းရှိ ကျေးရွာများအား KIA သောင်းကျန်းသူအဖွဲ့များနှင့် ပူးပေါင်းပြီး မီးရှို့ဖျက်ဆီးမှုများကို ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်လျက်ရှိပါသည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❍





စစ်ကိုင်းတိုင်းဒေသကြီးရှိ မီးရှို့ခံရသည့်နေအိမ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူလူထုများ ပူးပေါင်း၍ မီးငြိမ်းသတ်နေစဉ်။

ယနေ့ *သတင်းအညွှန်း*

**ယခုနှစ်တွင် ပြည်တွင်းနှင့် ပြည်ပခရီးသွားဧည့်သည် ၁ ဒသမ ၄ သန်း အထိ လာရောက်လိမ့်မည်ဟု လာအို မျှော်မှန်း**

နိုင်ငံတကာသတင်း စာ ၁၃

KNDO တပ်ရင်း(၆) မှ အကြမ်းဖက်မှုကို လိုလားသည့်အဖွဲ့နှင့် PDF **အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့နယ် ကမ်းနီးကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံးအား အကြောင်းမဲ့မီးရှို့ဖျက်ဆီး**

ပြည်တွင်းသတင်း စာ ၂၁

## စပါးအသင်း၏ ဂိုးအများဆုံးသွင်းသည့်စံချိန် ဟယ်ရီကိန်းသွင်းယူ

ဇန်နဝါရီ ၂၄ ရက် နံနက် ၂ နာရီ ၄၅ မိနစ်က ဖူလ်ဟမ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ် (၂၁) တွင် စပါးအသင်းသည် ဟယ်ရီကိန်း၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် ဖူလ်ဟမ်အသင်းကို အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်သို့ ပွဲကြည့်ပရိသတ် ၂၄၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

အာဆင်နယ်၊ မန်စီးတီးအသင်းတို့ကို ဆက်တိုက်ရှုံးပွဲ ကြုံတွေ့

*စာမျက်နှာ ၉ ကော်လံ ၅* ❑



ဖူလ်ဟမ်အသင်းဘက်သို့ ဟယ်ရီကိန်း ဂိုးသွင်းယူစဉ်။